www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## သိုင်းမာယာနှင့်သွေးသစ္စာ



၇

www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်
**နေလင်းအောင်**

# သိုင်းမာယာနှင့်သွေးသစ္စာ

စာစဉ် (၇)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၅၃၃၀၅၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၅၀၁၀၅၁၂

ပထမအကြိမ်
၂၀၀၆ ခုနှစ်
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀

**ထုတ်ဝေသူ**
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေ[illegible]ပါကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**
ကျောက်စိမ်းပုံနှိပ်တိုက်
ဦးကျော်စိန် (၀၂၉၀၉)
အမှတ် - ၁၇၁၊ ၃၃-လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။



**ဒို့တာဝန် အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

ခိုင်မာတောင့်တင်းသော ဖွဲ့စည်းပုံအခြေခံဥပဒေတော်ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ မဟာအကျဆုံးသောတာဝန် ဖြစ်သည်။

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ ပျောက်ပျက်မသွားအောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်ပြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၁၁)

## နိုကလေးနှင့် လျှို့ဝှက်စာ

နေဝင်ကြိုးဖျ ဆည်းဆာသမယပင် ဖြစ်တော့သည်။

အချို့ အဆောက်အအုံများသည် မီးအိမ်များပင် ထွန်းညှိပြီး ဖြစ်ကြလေပြီ။

နေရောင် ရှိနေသေးသဖြင့် မီးရောင်သည် လင်းအား မရှိသေးချေ။

ထိုအချိန်၌ လီကြည်လောင်ဟောက် တည်းခိုရိပ်သာ ရှေ့သို့ မြင်းရထားတစ်စီး ဆိုက်ရပ်လာပြန်သည်။

မြင်းရထားရပ်သွားသည်နှင့် ရထားအိမ်ထဲမှ လူများသည် ဖျတ်ခနဲ ဖျတ်ခနဲ ခုန်ထွက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူများသည် အကျီဖြူဝတ်ထားသည့် ပုပုဝဝ လူတစ်ယောက်နှင့် အကျီဝါဝတ်ထားသည့် ခည်းကမ်းထိန်းနှစ်ယောက်ပင်ဖြစ်သည်။

သူတို့နှင့်အတူ စာပေသိုင်းသမား အရှုး ဝန်ရင်မော်ဟန်ဆောင်နေသည့် မင်ရင်ကြယ်လည်း ပါလာသည်။

သူတို့အားလုံး မြေကြီးပေါ် ခြေချမိသည်နှင့် ဘည်းခိုရိပ်သာတံခါးကြီး ပွင့်လာပြန်သည်။

သူတို့သည် တည်းခိုရိပ်သာ အခန်းတွင်းသို့ ခပ်သုတ်သုတ်ဝင်ခဲ့ကြပြီး ခန်းမဆောင်အတွင်း ရောက်လာသည်။

ဤတွင် အကျီအဖြူဝတ်က ခရီးဖဲရောက်မဆိုက် မေးတော့သည်။

'ဆရာကြီးဟေး ရောက်ပြီလားဟေ့'

ကျယ်လောင်သော အမေးကြောင့် အဆင်သင့် ရပ်စောင့်နေသော အကျီပြာဝတ်လေးယောက်သည် ပြိုင်တူ ဂါရဝလုမ်းပြုပြီး တပြိုင်နက် ဖြေကြသည်။

'ရောက်ပါပြီ ဆရာကြီးပိုင်၊ မနက်ကတည်းက ရောက်နေကာပါ'

ကြားရသော စကားကြောင့် အကျီဖြူ မျက်လုံးပြူးသွားသည်။

'ဒါဖြင့် ခု ဆရာကြီးဟေး ဘယ်မှာလဲ'

အကျီပြာတစ်ယောက်က-



'ဖိုးပန်းချောင်ကို သွားနှင့်နေပါပြီ ဆရာကြီးပိုင်'

'ဟော. . .'

အကျီဖြူသည် အာမေဋိတ်သံပြုပြီး ခြေဆောင့်လိုက်သည်။

'တော်တော် မရှုပ်မရှင်း လုပ်တဲ့လူပဲ၊ ဒီလူဟာ သေသင့်တဲ့လူပဲ၊ နေပါဦး. . . ဂိုဏ်းချုပ်ကြီးက သူ့ကို ဟားမြစ်မထားဘူးလား. .'

'တားမြစ်ထားပါတယ်၊ စစ်ဆေးရေးမှူး မုံကို လွှတ်ပြီး လိုအပ်သလို ညွှန်ကြားထားပါတယ်၊ ဒါပေမယ့် ဒါပေမယ့်. . .'

အပြာရောင်အကျီဝတ်သည် မည်သို့ဆက်ပြောရမှန်း မသိသဖြင့် ထစ်ထစ်ငေါ့ငေါ့နှင့် ရပ်သွားသည်။

'ဒါပေမယ့် ဘာဖြစ်သလဲ၊ ပြောစမ်း မြန်မြန်'

'ဆရာကြီးဟေးက သူ ဖမ်းလာတဲ့လူကို အတုလို့ မယုံဘူး'

'ဘာ. . . သူက မယုံဘူး ဟုတ်လား၊ သူ ဒီလို ပြောတာ သေသေချာချာ စစ်ဆေးမကြည့်ဘဲ ပြောတာလား'

'စစ်တော့ စစ်ဆေးကြည့်ပါတယ်၊ ကျွန်တော်တို့ရှေ့မှာတင် နှစ်ကြိမ်တိုင်တိုင် စစ်ဆေးကြည့်သွားတာပါ'

'ဩော်. . . သူက နှစ်ကြိမ် နှစ်ခါ စစ်ဆေးပြီးတာတောင် အစစ်လို့ ပြောသလား'

'ဟုတ်ပါတယ်၊ သူ့ဘာသာ စစ်ဆေးကြည့်ပြီး သူ ဖမ်းလာတဲ့သူဟာ ဝန်ရင်မော် အစစ်လို့ ပြောပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒီလူမှာ မျက်နှာဖုံးစွပ် မပါဘူးလား'

'မပါဘူးလို့ ထင်ပါတယ်၊ ဆရာကြီးဟေးကတော့ သူကိုယ်တိုင် စစ်ဆေးတာပါ၊ ပြီးမှ အစစ်လို့ ပြောသွားတာပါ'

အဖြူဝတ်သည် မျက်မှောင်ကြုတ်ပြီး ငြိမ်သွားသည်။

ထို့နောက်. . .

သူ့ဖမ်းလာသော မင်ရင်ကြွယ်၏ မျက်နှာပြင်ကို လက်ဝါးနှင့် ပွတ်ကြည့်သည်။

နားရွက်နှစ်ဘက် နောက်ကိုလည်း သေသေချာချာ စမ်းကြည့်သည်။

ထို့နောက် ဘေးတွင်ရပ်နေသော မီးခိုးပြာဝတ် တစ်ယောက်အား. . .

'ဟော့. . . ရေနွေးစိမ်ထားတဲ့ မျက်နှာသုတ်ပဝါတစ်ခု ယူလာခဲ့' ဟု လှမ်းပြောသည်။

မီးခိုးပြာဝတ်သည် အခန်းတစ်ခုတွင်းသို့ လှစ်ခနဲ ပြေးဝင်သွားသည်။

မကြာမီမှာပင် အငွေ့တထောင်းထောင်း ဖြစ်နေသော မျက်နှာသုတ်ပဝါတစ်ထည်ကို ယူလာသည်။

အဖြူဝတ် အနီးသို့ ရောက်သည်နှင့် ထိုပဝါကို ချက်ချင်း လှမ်းပေးသည်။

အဖြူဝတ်သည် အငွေ့ထွက်နေသော ပဝါကို လှမ်းယူပြီး သတိလစ်နေသည့် မင်ရင်ကြွယ်၏ မျက်နှာကို ပွတ်သပ်လိုက်သည်။



လေးငါးကြိမ်မျှ ပွတ်သပ်ပြီးသောအခါ မင်ရင်ကြွယ်၏ မျက်နှာသည် ခဏခဏကထက် ပိုပြီးဆန့်စင်လာသည်။

အပူဒဏ်ကြောင့် ပါးတစ်နေရာတွင်သာ အဖုကလေးများ ထလာသည်။

အဖြူဝတ်က ထိုနေရာကို ပဝါနှင့် ထပ်ပွတ်လိုက်သောအခါ သွေးအနည်းငယ် စိမ့်ထွက်လာသည်။

အဖြူဝတ်၏မျက်နှာသည် ထိုအခါကျမှ လမင်း[illegible] ဝင်းထိန်လာသည်။

'မမှားနိုင်ဘူး၊ ကျုပ် မမှားနိုင်ဘူး'

အဖြူဝတ်သည် ဝမ်းသာအားရ ပြောနေရာမှ ချက်ချင်း ခက်ထန်သွားပြန်သည်။

×××

'နေပါဦး၊ ဆရာကြီးဟေးက ဘာတွေပြောသွား[illegible]'

'ကျွန်တော်. . . ကျွန်တော် ပြန်မပြောဝံ့ပါဘူး ဆရာကြီး ပိုင်'

ဆရာကြီးပိုင်ကို ဤနေရာ၌ ပိုင်စီးဟုလည်း ခေါ်ကြသည်။

အကျီပြာကိုသည် ဆရာကြီးပိုင် ခေါ် ပိုင်စီးကို[illegible] အလွန်ကြောက်ရွံ့ကြရဟန် ရှိသည်။

ဤအချက်ကို သိပြီးဖြစ်သော အကျီဖြူဝတ် ဆရာကြီးပိုင် ခေါ် ပိုင်စီးက ဟက်ခနဲရယ်ပြီး အားပေးသလို မိန့်သည်။

'ဆရာကြီး ဟေး ပြောခဲ့တာတွေကို ဆရာကြီးပိုင်ကို ပြ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ပြောပြတဲ့အတွက် မင်းတို့ ဘာမှ မဖြစ်စေရဘူး၊ ကဲ. . . ပြောစမ်း၊ ပြောစမ်း'

အင်္ကျီပြာဝတ်လေးယောက်သည် အလွန်ဦးနှောက်ခြောက်နေဟန်နှင့် ငြိမ်ပြီး တွေဝေနေကြသည်။

အင်္ကျီဖြူဝတ်သည် အားမလိုအားမရ ဖြစ်လာပြီး ဒေါသပါ ထွက်လာသည်။

'ခင်ဗျားတို့က ကျုပ်ဆန္ဒကို ဆန့်ကျင်နေဘာလား၊ ဒီမယ်. . . ခင်ဗျားတို့ကို ကျုပ်အချိန်မရွေး သတ်ပစ်နိုင်တယ်၊ သိတယ် မဟုတ်လား'

အပြာရောင်အင်္ကျီဝတ် လေးယောက်သည် တုန့်ခနဲ ဖြစ်သွားကြသည်။

ချက်ချင်းဆိုသလို လေးယောက်ထဲမှ တစ်ယောက်က ကမန်းကတန်း ဖြေသည်။

'ဆရာကြီးဟေး ပြောသွားတာက ဆရာကြီးပိုင်ဟာ ဂိုဏ်းချုပ်ကြီး ချီးမြှင့်မယ့်ဆုကို မျှော်ကိုးပြီး သူဖမ်းထားတဲ့လူကို ပယ်ချတာတဲ့၊ သူ့လူသာ ဝန်ရင်မော် အစစ်တဲ့၊ ဆု ဆိုတာ အတင်းလုယူလို့ ရတာမျိုး မဟုတ်ဘူးတဲ့'

'ဟား ဟား ဟား. . . သူက ဒီလိုပြောသွားတယ်လား၊ ဟား ဟား ဟား'

အင်္ကျီဖြူသည် အင်္ကျီပြာလေးယောက်ကို ငေါက်ငန်းခြင်း မပြုတော့ဘဲ အလွန် ရယ်စရာကောင်းသော စကားကို ကြားလိုက်ရ



ဟန်နှင့် ခွက်ထိုးခွက်လန် ရယ်တော့သည်။

အင်္ကျီပြာသည် ဆရာကြီးပိုင်၏ အပြောင်းအလဲကို ငေးကြည့်နေရင်း ယဲ့ယဲ့ကလေး ပြုံးလာသည်။

သို့သော်. . .

အင်္ကျီဖြူဝတ် ဆရာကြီးပိုင်ခေါ် ပိုင်စီးသည် ရယ်မောနေရာမှ တန့်ခနဲ ရပ်သွားပြီး၊ အင်္ကျီပြာ၏ပါးကို ဖြန်းခနဲ ရိုက်ထည့်လိုက်တော့သည်။

'ဖြန်း. . .'

'အို. . .'

အင်္ကျီပြာသည် မမျှော်လင့်သောအဖြစ်ကြောင့် နောက်သို့ ယိုင်ထွက်သွားသည်။

အင်္ကျီပြာသည် အလွန်ထိတ်လန့် တုန်လှုပ်သွားသဖြင့် တုန်တုန်ယင်ယင်နှင့် နောက်ဆုတ်နေတော့သည်။

ထိုအချိန်မှာပင် သူ့ပါးစပ်ထဲမှ နီရဲနေသောသွေးများ စီးကျလာတော့သည်။

အဖြူရောင်ဝတ် ပိုင်စီးသည် ထိုအဖြစ်ကို ဂရုစိုက်ခြင်း မရှိချေ။

အတန်ကြာမှ သွေးသံရဲရဲ ဖြစ်နေသော အပြာဝတ်ကို စူးစူးရဲရဲ စိုက်ကြည့်ပြီး တလုံးချင်းပြောတော့သည်။

'ခင်ဗျားဟာ ထန်းရှုန်းဂိုဏ်းဝင်အဖြစ် အမှုထမ်းနေတာ အတော်ကြာခဲ့ပြီ၊ အမှုထမ်းခဲ့တဲ့ သက်တမ်းတစ်လျှောက်မှာလည်း

www.burmeseclassic.com

www.burmeseclassic.com



...စ္စာရှိရှိ လုပ်ကိုင်ဆောင်ရွက်ခဲ့တယ်၊ ဒါပေမယ့် ခင်ဗျားပြောပြကာတွေဟာ တော်တော် နားခါးစရာကောင်းတဲ့စကားတွေပဲ'

'ဆရာဟေးနဲ့ ကျုပ်ဟာ နှစ်ပေါင်းများစွာ လက်တွဲခဲ့တဲ့သူတွေဗျ၊ သူ့အနေနဲ့ ခင်ဗျားပြောသလို ဘယ်တော့မှ မပြောဘူးလို့ ကျုပ် သိထားတယ်၊ ခင်ဗျားမို့လို့ ခုလို ကုန်းချောကုန်းတိုက် စကားပြောရဲတယ်၊ ဆုရဖို့အတွက် ညီနောင်အချင်းချင်း လုယူမယ်ဆိုတာ ဖြစ်နိုင်သလား'

'ကဲ. . . ဒါတွေ ထားလိုက်၊ ခု ကျုပ် ဂိုဏ်းချုပ်ကြီးဆီ သွားမယ်၊ ခင်ဗျားက ဂိုဏ်းချုပ်ကြီးဆီကို ကြိုတင်ပြီး သတင်းပို့၊ ကျုပ်လည်း မကြာခင် ရောက်လာမယ်ဆိုတာပါ ထည့်ပြီး၊ အကြောင်းကြား၊ ကဲ. . . လုပ်စရာရှိတာ မြန်မြန်သွားလုပ်တော့'

အကြောင်းမဲ့ ပါးရိုက်ခံလိုက်ရသော အပြာရောင်ဝတ်သည် အလွန်**တုန်လှုပ်**ချောက်ချားနေရာ အသက်ဘေးမှ ကင်းလွတ်ခွင့်ရကြောင်း သိလိုက်သည်နှင့် နာကျင်မှုဝေဒနာကိုပင် ဂရုမစိုက်တော့ဘဲ 'ဟုတ်ကဲ့ပါ ဆရာကြီးပိုင်' ဟု ဆိုကာ အနောက်ဘက်ဆောင်ထဲသို့ **တဟုန်**ထိုး ပြေးဝင်သွားတော့သည်။

အဖြူရောင်ဝတ်သည် အပြာရောင်ဝတ် ပျောက်ကွယ်သွားသည်နှင့် အဝါရောင်ဝတ် စည်းကမ်းထိန်းကြီးနှစ်ယောက်ကို ခေါ်ပြီး သတိလစ်နေသော မင်ရင်ကြယ်ကို အနောက်ဘက်တံခါးပေါက်တွင် အဆင်သင့်ရှိနေသည့် မြင်းရထားပေါ် တင်ရန် အမိန့်ပေးလိုက်သည်။



ထို့နောက် သူလည်း အနောက်ဘက် တံခါးပေါက်ရှိရာသို့ လျှောက်လာသည်။

ထိုအချိန်မှာပင် အနောက်ဘက်တံခါးအနီးတွင် ရှိသော အဆောင်ငယ်လေးတစ်ဆောင်ထဲမှ ခိုတစ်ကောင် တဖျပ်ဖျပ် ပျံသန်းသွားသည်ကို တွေ့ရသည်။

ခို၏လည်ပင်းတွင် ချိတ်ဆွဲထားသော စာရွက်ကလေးတစ်ရွက်ကိုလည်း တွေ့လိုက်ရသည်။

ခိုကလေးသည် ကောင်းကင်ထက်သို့ ပျံတက်သွားရင်း တဖြည်းဖြည်း ပျောက်ကွယ်သွားတော့သည်။

▸▸ ◂◂

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁၂)

## ကျုံးဟိုတောင်ပေါ် ခြေချပြီ

အဖြူရောင်ဝတ်တို့ လှေစု မြင်းရထားပေါ် ရောက်သည်နှင့် ရထားဘီးလိမ့်သံ ပေါ်လာသည်။

မြင်းရထားသည် အရှိန်ယူပြီး ပြေးစပြုနေရာမှ တဟုန်ထိုး ပြေးနေတော့သည်။

မကြာမီမှာပင် မှိုင်းညို့ပြာဝေနေသော ထန်ချန်စန်း တောင်တန်းကြီးကို လှမ်းမြင်ရတော့သည်။

ထိုတောင်တန်းကြီး၏ တောင်ထိပ် တောင်ထွတ်များပေါ်တွင် ဖုံးလွှမ်းနေသော နှင်းခဲဖြူဖြူကြီးများနှင့် ရေခဲတုံးကြီးများကိုလည်း ပြောင်ပြောင်လက်လက် လှမ်းမြင်ရသည်။



ထိုတောင်တန်းကြီးသည် တာ့လိမြို့နှင့် နှစ်မိုင်ခွဲသာ ဝေးကွာသဖြင့် မြင်းရထားသည် သိပ်ကြာကြာ မမောင်းလိုက်ရဘဲ တောင်ခြေကို ဆိုက်ရောက်ခဲ့တော့သည်။

စင်စစ် ထန်ချန်စန်းတောင်သည် တောင်ဆယ့်ကိုးလုံး ဝိုင်းရံနေသည့် တောင်ကြီးပင်ဖြစ်သည်။

ထိုတောင်၏ ဒရိယာ အကျယ်အဝန်းသည် သုံးဆယ့်ငါးမိုင်ခန့်ရှိသည်။

အဖြူရောင်ဝတ်သည် မြင်းရထား ရပ်သွားသည်နှင့် ရထားအိမ်ထဲမှ ခုန်ဆင်းလိုက်သည်။

အဝါရောင်ဝတ် စည်းကမ်းထိန်းနှစ်ယောက်ကလည်း သတိလစ်နေသော မင်ရင်ကြယ်ကို ဆွဲမပြီး ဆင်းလာကြသည်။

အဖြူရောင်ဝတ်သည် တောင်ခြေတွင် ခြေချမိသည်နှင့် မျက်စိရှေ့တွင် မြင်နေရသော ကျုံးဟိုဖုန်းတောင်ပေါ်သို့ တက်စပြုတော့သည်။

ထန်ချန်စန်း တောင်ကြီးကို ဝိုင်းရံပြီး တည်ရှိနေကြသည့် တောင်ဆယ့်ကိုးလုံးကြားတွင် နက်ရှိုင်းသော ချောက်ကြီးများနှင့် မြွေလိမ်မြွေကောက်လို တွန့်လိမ်နေသော စမ်းချောင်းကြီးငယ်များ များစွာရှိနေသည်။

အချို့နေရာများတွင် ထင်းရှူးပင်ကြီးများနှင့် အမည်မသိ သစ်ပင်ကြီးများသည် အုံ့ဆိုင်းညို့မှိုင်းစွာ ပေါက်ရောက်နေကြသည်။

တစ်ခါတစ်ရံ [illegible] မှ တောတောင် ဟန်းနှင့်

www.burmeseclassic.com

www.burmeseclassic.com



အော်သံများကို ခပ်သဲ့သဲ့ ကြားရတတ်သည်။

တောင်ဆယ့်ကိုးလုံးကြားတွင် ထင်ရှားသော စမ်းချောင်းများအဖြစ် သတ်မှတ်ထားသည့် စမ်းချောင်းသည် ရှစ်ခုရှိသည်။

ထိုစမ်းချောင်းရှစ်ခုသည် ကျယ်ပြန့်နက်ရှိုင်းပြီး ရေစီးသန်သည်။ အတွင်းပိုင်းသို့ ဝင်ရန် သဘာဝ အတားအဆီးများပင်ဖြစ်သည်။

အဖြူရောင်ဝတ်သည် ထန်းရှန်းဂိုဏ်း၌ အလွန်အရေးပါသောရာထူးကို ရရှိထားသူ ဖြစ်သဖြင့် ကိုယ်ဖော့ပညာ အလွန်ကောင်းသည်။

ထို့ကြောင့် သဘာဝ အတားအဆီးများကို ကိုယ်ဖော့ပညာဖြင့် အသုံးချပြီး လွယ်လွယ်ကူကူ ဖြတ်ကျော်သည်။

မကြာမီမှာပင် နှင်းပွင့်နှင်းခဲများနှင့် ရေခဲတုံးကြီးများ ဖုံးအုပ်နေသည့် တောင်တစ်လုံးပေါ် တက်ရပြန်တော့သည်။

ထိုတောင်သည် ကြောက်စရာကောင်းသော သဘာဝ အန္တရာယ်များ ပြည့်နှက်နေသည့် တောင်တစ်တောင်ပင် ဖြစ်သည်။

ထိုတောင်၏ တောင်ခုလတ်သည် ထန်းရှန်းဂိုဏ်း၏ ဌာနချုပ် တည်ရှိရာ ဖြစ်သဖြင့် သဘာဝအတားအဆီးများ များစွာရှိနေသည်။

ထို့ကြောင့် အသွားရ အလာရ အလွန်ခက်သည်။

ထို့ကြောင့်လည်း ထန်းရှန်းဂိုဏ်း ဌာနချုပ်သည် လုံခြုံမှု



ရှိသော ဌာနချုပ် ဖြစ်နေခြင်းပင်။

အဖြူရောင်ဝတ်သည် သူ့နောက်မှ လိုက်လာလျက်ရှိသော စည်းကမ်းထိန်းကြီး နှစ်ယောက်နှင့် ဝန်ရင်မော်အတု မင်ရင်ကြယ် တို့၏ အခြေအနေကို လုံးဝ လှည့်ကြည့်ခြင်း မရှိချေ။

ရှေ့ကိုသာ အာရုံပြုပြီး ခပ်သွက်သွက် သွားနေသည်။

သို့သော်. . . .

အခြားတောင်များကို တက်စဉ် ဆင်းစဉ်ကကဲ့သို့ ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘဲ မနေရဲချေ။

ခြေလှမ်းတစ်ချက် မှားသည်နှင့် နက်ရှိုင်းသော ချောက်ကမ်းပါးထဲသို့ ထိုးကျသွားနိုင်သဖြင့် အလွန်သတိထားပြီး သွားနေရသည်။

တဖြည်းဖြည်းနှင့် ရေခဲငွေ့များ တထောင်းထောင်းထနေသည့်နေရာသို့ ရောက်လာသည်။

ခေါင်းပေါ်သို့ တဖွဲဖွဲကျနေသော နှင်းပွင့် နှင်းခဲများကလည်း ထူထပ်သည်ထက် ထူထပ်လာသည်။

ပတ်ဝန်းကျင်သည် အဖြူရောင် ကန့်လန့်ကာကြီး ဖြန့်ချထားသလို ဖြစ်နေသဖြင့် ရှေ့ကိုပင် သှမ်းမမြင်ရချေ။

တစ်ကိုယ်လုံးတွင်လည်း ဘောင်ခိုးတောင်ငွေ့များနှင့် နှင်းရည်များ ပက်ဖြန်းခြင်း ခံရသဖြင့် စိုရွှဲနေချေပြီ။

အေးလိုက်သည့်ဒဏ်ကလည်း နှာခေါင်းတွေ၊ နားရွက်တွေ ကြိတ်ကျတော့မလား [illegible]ခံနေရသည်။

www.burmeseclassic.com



အဖြူရောင်ဝတ်သည် ထိုနေရာရောက်မှ အတွင်းအား များကို စုစည်းပြီး သဘာဝဒဏ်ကို ခုခံရတော့သည်။

အဆင့်မြင့် သိုင်းသမားတစ်ဦးမို့ ဤဒဏ်ကို ကြံ့ကြံ့ခံနိုင် ခြင်း ဖြစ်သည်။

သည်ကြားထဲ တဟူးဟူး တိုက်ခတ်လိုက်သော လေ ကြောင့် မျက်နှာကို ဓားနှင့် အမွှမ်းခံလိုက်ရသကဲ့သို့ ရှခနဲ ရှခနဲ ခံစားနေရသည်။

ထိုဒုက္ခကို အချိန်အတော်ကြာအောင် ခံစားပြီးနောက်တွင် ဂူ ဇာလွှာ ငွေပဝါ လွှမ်းခြုံထားသည့် လှပသာယာလွန်းသောနေရာ သို့ ရောက်ရှိခဲ့တော့သည်။

ပတ်ဝန်းကျင်တွင်ရှိနေသော ကျောက်တုံး ကျောက်ခဲကြီး များနှင့် ကျောက်စ ကျောက်နကလေးများသည် ရောင်စုံတောက် နေကြသည်။

အဖြူရောင်ဝတ်သည် ထိုနေရာသို့ ရောက်သည်နှင့် စိတ် လက်ပေါ့ပါးသွားပြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်လာသည်။

သို့နှင့် ရှေ့ကို တဟုန်ထိုး ပြေးသည်။

ကိုက်တစ်ရာခန့် ပြေးမိပြီးသည်နှင့် ဘယ်ဘက်သို့ ချိုးကွေ့လိုက်သည်။

ထိုအခါ မိုးပေါ်သို့ ထိုးတက်နေသည့် ရေခဲတောင်နံရံကြီး နှစ်ခုကို တဝင်းဝင်း မြင်တွေ့ရတော့သည်။

ထိုနေရာရောက်မှ သင်းပျံ့သော ဆီးပန်းရနံ့များကို



ရှူရှိုက်ရတော့သည်။

ဆီးပန်းရနံ့နှင့် သဘာဝအလှသည် ကြည်နူးဖွယ်ကောင်း လှသည်။

အဖြူရောင်ဝတ်သည် ပြုံးပြုံးကြီးလုပ်ပြီး ရပ်နေရာမှ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သည်။

မိမိရောက်နေသောနေရာသည် ကျုံးဟိုတောင်ထွတ် တည်ရှိရာနေရာ ဖြစ်နေလေပြီ။

►► ◄◄

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁၃)

## သိုင်းအလုကမ္ဘာသစ်

မျက်စိရှေ့တွင် တွေ့နေရသော ရေခဲတောင် နံရံနှစ်... သည် မြင့်မားဝင့်ထည်လွန်းလှသည်။

ထိုတောင်နံရံကြီးနှစ်ခုအကြားတွင် သဘာဝအ... ဖြစ်ပေါ်နေသော အံ့ဩဖွယ်ကောင်းသော ချောင်စခန်းကြီးတစ်... ရှိနေသည်။

ချောင်စခန်းသည် ကြောက်မက်ဖွယ်ကောင်းအောင်... နက်ရှိုင်းသည့် ချောင်စခန်း မဟုတ်ချေ။

အမှတ်မဲ့သာကြည့်လျှင် ထိုနေရာသည် နှင်းပွင့်မျ... ဖုံးအုပ်နေသည့် ချောက်တစ်ခုလား ထင်မှတ်ရသည်။



ထိုချောက်ထဲတွင် ဆီးပန်းပင်များ တန်းစီပေါက်နေသည်။

ဖွေးဖွေးလှုပ်အောင် ပွင့်နေကြသော ဆီးပန်းများသည် သင်းပျံ့ကြိုင်လှိုင်သော မွှေးရနံ့များကို ထုတ်လွှတ်နေကြသည်။

အဖြူရောင်ဝတ်သည် ထိုချောင်စခန်းရှိရာ လျှောက်လာရာမှ ဆီးပန်းတောအုပ်ကို ကျော်မိသောအခါ ခန့်ညားထည်ဝါပြီး လှပလွန်းသော အဆောက်အအုံတစ်ခုကို ဘွားခနဲ တွေ့မြင်ရတော့သည်။

ထိုအချိန်၌ အဝါရောင်ဝတ် စည်းကမ်းထိန်း နှစ်ယောက်နှင့် ဝန်ရင်မော်အတု မင်ရင်ကြယ်လည်း အဖြူရောင်ဝတ်အနီးသို့ ရောက်ရှိလာကြလေ၏။

အဖြူရောင်ဝတ်သည် အဆောက်အအုံကြီးကို ငေးကြည့်နေလေ၏။

အဆောက်အအုံကြီး၏ တိုင်လုံးကြီးများ၊ နဖူးစီးများ၊ နံရံများ၊ ခေါင်မိုးများ၊ စုလစ်မွန်ချွန်များ စသည့်နေရာများတွင် ဆေးရောင်စုံနှင့် ရေးခြယ်ထားသည့် ပန်းချီရုပ်ပုံများနှင့် ပန်းပုရုပ်ကြွများစွာကို ရင်သပ်ရှုမော တွေ့မြင်နေရသည်။

ဤမြင်ကွင်းကို မြင်ရရုံနှင့် ဤနေရာကို နတ်ဗိမာန်လား ထင်မှတ်မိတော့သည်။

ရွှေရောင် ငွေရောင် တပြောင်ပြောင်နှင့် လှပသစ်လွင်သော ဆေးရောင်စုံများသည် အနုပညာမြောက်သော ခန့်ညားထည်ဝါသော လောက ကမ္ဘာသစ်တစ်ခုလား ထင်မှတ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤနေရာသည် ထန်းရှန်းဂိုဏ်းချုပ်ကြီး၏ ဌာနချုပ်စခန်း တည်ရာ ဆီးပန်းချောင်ကြီးပင် ဖြစ်ပေလိမ့်မည်။

အဖြူရောင်ဝတ်သည် ထိုအဆောက်အအုံကြီးကို ငေးမော ကြည့်နေရာမှ ရှေ့ကိုတိုးပြီး တစ်လှမ်းချင်း လျှောက်လာသည်။

စည်းကမ်းထိန်းတို့လည်း သူ့နောက်မှ ထက်ကြပ်မကွာ လိုက်ပါလာကြသည်။

ထိုအချိန်မှာပင် ရောင်စုံကျောက်များ ခင်းထားသည့် လမ်းငယ်ထိပ်မှ အလွန်ချောမောလှပပြီး တောင့်တင်းကျစ်လျစ် လှသော မိန်းမပျိုလေးသုံးယောက်သည် ပြုံးချိုသော မျက်နှာများ နှင့် အဖြူရောင်ဝတ်ကို ခရီးဦးကြိုဆိုကြသည်။

သူတို့သည် အဝါရောင်၊ အနီရောင်၊ အစိမ်းရောင် ပိုးသား ကိုယ်ကျပ်အကျီများ၊ ဝတ်ဆင်ထားကြသဖြင့် အချိုးကျသော ကိုယ်လုံးအလှများ ပေါ်လွင်ထင်ရှားလျက် ရှိနေသည်။

သူတို့မျက်လုံးနှင့် သူတို့လှုပ်ရှားမှုကို ကြည့်ရုံနှင့် သူရသတ္တိ နှင့် ပြည့်စုံသော မိန်းမပျိုများဖြစ်ကြောင်း သိသာသည်။

ပထမဆုံးအနေနှင့် အဝါရောင်ဝတ် မိန်းမပျိုက ဆည်း လည်းသံလို ချိုမြသာယာသောအသံနှင့် နားဝင်ချိုအောင် ပြော လာသည်။

'ကျွန်မတို့က ဆရာကြီးပိုင်ကို မျှော်နေကြတာပါရှင်'

အဝါရောင်ဝတ် မိန်းမပျို၏စကားဆုံးသည်နှင့် ကျန်မိန်းမ ပျိုနှစ်ယောက်ကပါ လေးလေးစားစား ဂါရဝပြုလာကြသည်။



အဖြူရောင်ဝတ်က ပြုံးပြီး မေးသည်။

'ညည်းတို့က ဂိုဏ်းချုပ်ကြီးအမိန့်နဲ့ လာကြိုနေကြတာလား'

'ဟုတ်ပါတယ်ရှင့်'

မိန်းမပျိုသုံးယောက် ပြိုင်တူဖြေသည်။

အဖြူရောင်ဝတ်က ခေါင်းညိတ်ပြီး ထပ်မေးသည်။

'နေပါဦး၊ ဆရာကြီးဟေး ဘယ်ရောက်နေသလဲ'

'ဂိုဏ်းချုပ်ကြီးဆီ ရောက်နေပါပြီ၊ ဆရာကြီးဟေးကလည်း ဆရာကြီးပိုင်ကို ချင်းပိကဲ့ ဝေဟာကနေပြီး စောင့်နေပါတယ်'

'ဒါနဲ့ သူဖမ်းလာတဲ့ ဝန်ရင်မော်ဟာ အတုလား အစစ် လား မိန်းကလေး'

အဝါရောင်ဝတ် မိန်းမပျိုက. . . .

'အဲဒီလူကို ဂိုဏ်းချုပ်ကြီး ကြည့်ရှုလေ့လာပြီးမှုပြီ၊ သံသယ ဖြစ်စရာတော့ ခုချိန်ထိ ဘာမှ မတွေ့ရသေးပါဘူး'

'အင်း. . . ဒီလိုသာဆိုရင် ပြဿနာ တော်တော်ရှုပ်နေဦး မှာပဲ၊ ကျုပ် ခေါ်လာတဲ့လူကလည်း ဝန်ရင်မော်အစစ်ပဲ၊ အစစ် နှစ်ယောက်ဖြစ်နေပြီဆိုတော့ ခွဲခြားရ ခက်နေပြီ'

'ကျွန်မအမြင်တော့ ဝန်ရင်မော်နှစ်ယောက်ဖြစ်နေရင် တစ်ယောက်က အစစ်ဖြစ်ပြီး တစ်ယောက်က အတုဖြစ်နေမှာပါပဲ'

'ဟဲ ဟဲ ဟဲ. . . ညည်းတို့ သုံးယောက်ကကော အဲဒီ ဝန်ရင်မော်ဆိုတဲ့လူကို တွေ့ပြီးကြပြီလား'

'ဟုတ်ကဲ့ရှင့်၊ တွေ့မြင်ပြီးကြပါပြီ'

www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် ညည်းတို့ ပြောကြည့်စမ်းပါ၊ ဒီနှစ်ယောက် ဘယ်သူဒွေတွေ့ဖြစ်မလဲ'

အဝါရောင်ဝတ် မိန်းမပျိုသည် မျက်မှောင်ကြုတ်ပြီး တွေ့သွားရာမှ အဖြူရောင်ဝတ် ဘေးတွင် ရပ်နေသော စည်းကမ်းထိန်းလက်ထဲမှ မင်ရင်ကြယ်ကို စိုက်ကြည့်လိုက်လေသည်။

ထို့နောက်. . . .

'ဒီကိစ္စက ပြောရခက်တဲ့ကိစ္စပဲ၊ ဂိုဏ်းချုပ်ကြီးတောင် အသေအချာ မဆုံးဖြတ်နိုင်သေးဘူးဆိုတော့ ကျွန်မလည်း ဘယ်ပြောတတ်ပါ့မလဲရှင်'

အဝါရောင်ဝတ် မိန်းမပျို စကားကြောင့် အနီရောင်ဝတ် မိန်းမပျို ပြုံးသွားသည်။

'ဟဲဟဲ. . . ညည်းက အပြစ်ကင်းအောင်တော်တော်ပြောတတ်တဲ့ မိန်းကလေးပဲ၊ ကဲကဲ. . . အချိန် သိပ်မရှိဘူး။ ကျုပ်ကို လမ်းပြပေတော့'

အဝါရောင်ဝတ် မိန်းမပျိုသည် 'ဟုတ်ကဲ့ရှင့်' ဟု ဆိုပြီး ဦးညွှတ် ဂါရဝပြုသည်။

ထို့နောက် အဖော် မိန်းမပျို နှစ်ယောက်နှင့်အတူ ရှေ့မှ ဦးဆောင်ပြီး ထွက်ခွာသွားသည်။

စမ်းချောင်းကလေးတစ်ခုကို ဖြတ်ပြီး ဆောက်ထားသည့် ကျောက်တံတားလေးကို ကျော်ပြီးသောအခါ၌ ပန်းချီကားများ အစီအရီ ချိတ်ဆွဲထားသည့် စင်္ကြံတစ်ခုပေါ် ခြေချမိ၏။



ထိုစင်္ကြံအတိုင်း လျှောက်လာကြသောအခါ စင်္ကြံဘေး တစ်ဘက်တွင် ရေကန်တစ်ကန် တွေ့ရသည်။

ထိုရေကန်သည် ရေခဲနေသော ရေကန်ဖြစ်သည်။

ရေခဲတွေသည် တစ်ပေခန့် ရှိမည်ဟု ထင်ရသည်။

ထိုရေကန်၏ ဘေးတစ်ဘက် တောင်ကုန်းလေးတစ်ခုပေါ်တွင် အလွန်လှပ သေသပ်လှသော အဆောက်အအုံတစ်ခုရှိသည်။

ထိုအဆောက်အအုံသည် ရွှေရောင် ငွေရောင်နှင့် ကျောက်သား ရောင်စုံများ တောက်ပနေသည့် အဆောက်အအုံ ဖြစ်သည်။

အဆောက်အအုံရှေ့တွင်ရှိသော တံခါးမကြီးရှေ့တွင်မူ အဝါရောင်ဝတ် စည်းကမ်းထိန်း လေးယောက် ရပ်နေကြ၏။

သူတို့သည် လက်နှစ်ဘက်ကို နံဘေးကပ်ချပြီး ရပ်နေကြသည်ဖြစ်၍ ကျောက်ရုပ်တုကြီးတွေနှင့် တူနေသည်။

မိန်းမပျိုသုံးယောက်နှင့် အဖြူရောင်ဝတ်တို့ အနီးသို့ ရောက်လာသောအခါ ကျောက်ရုပ်ကြီးများ အသက်ဝင်လာကြသကဲ့သို့ ခပ်ဖြည်းဖြည်း ဂါရဝပြုလာကြသည်။

အဖြူရောင်ဝတ်သည် သူတို့ကို လက်ယမ်းပြပြီး ရှေ့ကိုတိုးသွားသည်။

ထို့နောက် ဖွင့်ထားသော တံခါးပေါက်မှ အတွင်းသို့ လှမ်းဝင်သွားသည်။

အဝါရောင်ဝတ် စည်းကမ်းထိန်း နှစ်ယောက်ကမူ

www.burmeseclassic.com

www.burmeseclassic.com



မင်ရင်ကြယ်ကိုမပြီး အတွင်းသို့ လိုက်ဝင်သွားသည်။

သူတို့ရောက်ရှိနေသော အဆောက်အအုံသည် အခြား ခြားသော အဆောက်အအုံများနှင့် မတူဘဲ ထူးထူးခြားခြား လှပ ခန့်ညားနေသည်။

ပြောရလျှင် ထက်ကောင်းကင် ဝတီသာမှ နတ်ဘုံနတ်နန်း လား အောက်မေ့ရသည်။

×××

အဖြူရောင်ဝတ်သည် ထိုအဆောက်အအုံထဲတွင်ရှိသော ရောင်စုံကျောက်များ ခင်းထားသည့် စကြိုလမ်းအတိုင်း ရှေ့ကို တိုးပြီး လျှောက်လာသည်။

မကြာမီမှာပင် ညီခန်းဆောင်ကြီးတစ်ခု ဖြစ်ဟန်ရှိသည့် အဆောင်ကြီးရှေ့သို့ ရောက်လာသည်။

ထိုအဆောင်တွင်းသို့ ဝင်ရောက်ရာ တံခါးပေါက်ကြီးသည် ရွှေရောင် တောက်နေသော ပန်းပု ရုပ်ကြွများနှင့် ဖိတ်ဖိတ်လက်နေ သည်။

အဖြူရောင်ဝတ်သည် တံခါးပေါက်တွင် ရပ်နေရင်းမှ အတွင်းသို့ အသံပြုလိုက်သည်။

'ကျွန်ုပ်ပိုင်စီးက ဝင်ခွင့်တောင်းပါတယ်ခင်ဗျား'

မရှေးမနှောင်းမှာပင် အတွင်းဘက်မှ အိုမင်းရင့်ရော် သော အသံတစ်သံ ပေါ်လာသည်။

'ဝင်ခွင့်ပြုပါတယ် ပိုင်စီး၊ အထဲကို ဝင်ခဲ့ပါ'



အဖြူရောင်ဝတ် ဆရာကြီးပိုင် (ခေါ်) ပိုင်စီးသည် အားရ ဝမ်းသာနှင့် လှမ်းဝင်သွားသည်။

စည်းကမ်းထိန်း နှစ်ယောက်လည်း မင်ရင်ကြယ်နှင့်အတူ အဖြူရောင်ဝတ် နောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားသည်

အထဲသို့ ရောက်သောအခါ အလွန်ကျယ်ဝန်းပြီး နန်းတော် ကြီးလား အောက်မေ့ရသည့် ညီခန်းကြီး၏ ခမ်းနားမှုကို မြင်တွေ့ ရတော့သည်။

ထန်းရှန်းဂိုဏ်းချုပ် နေထိုင်ရာ ညီခန်းဆောင်ကြီးသည် နတ်နန်း၊ နတ်ဘုံတမျှ ကြီးကျယ် ခမ်းနားလှသည့် ညီခန်းဆောင် ပေတည်း။

»«

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁၄)

### ရွှေအိမ်နန်းခန်းမ

ဧည့်ခန်းဆောင်ကြီး၏ အလယ်ဗဟို ချက်မတွင် ကျယ်ပြန့်သော လှေကားထစ်ကြီးသုံးခုရှိသည့် ကျောက်သားခုံကြီးတစ်ခု ရှိသည်။

ထိုကျောက်ခုံကြီးပေါ်တွင်မူ နန်းပလ္လင်ကို ခန့်ညားလှပသည့် ရတနာကျောက်စီ ရွှေပိန်းချ၊ ကုလားထိုင်ကြီးတစ်လုံး ရှိသည်။

ထိုကုလားထိုင်ကြီးပေါ်တွင် အလွန်လှပတောင့်တင်းသော ကိုယ်ခန္ဓာပိုင်ရှင် အမျိုးသမီးကြီးတစ်ယောက် ထိုင်နေသည်။

သူမသည် ဆံထုံးကို ခပ်မြင့်မြင့် ထုံးထားပြီး အရောင်



တလက်လက်ဖြစ်နေသည့် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်ထားသည်။

မျက်နှာကို ဇာပဝါ မျက်နှာဖုံး ဖုံးထားသည်။

ဇာပဝါအောက်မှ မျက်လုံးအရောင်သည် ကြယ်ရောင်လို တလက်လက် တောက်နေသည်။

သူမသည် ဧည့်ခန်းဆောင်ကြီးထဲသို့ ဝင်ရောက်လာသူတို့အား မျက်တောင်မခတ်ဘဲ စိုက်ကြည့်နေသည်။

သူမ၏အကြည့်သည် မည်သူမျှ ရင်ဆိုင် မကြည့်ရဲသော အကြည့်မျိုးဖြစ်သည်။

ဇာပဝါအောက်မှ သူမ၏ နုပျိုစိုဝင်းသော မျက်နှာအလှသည် ကျက်သရေရှိသော အလှမျိုး ဖြစ်သကဲ့သို့ သူမကို မြင်ရသူတိုင်း ကြောက်ရွံ့သွားစေတတ်သည့် အလှမျိုးလည်းဖြစ်သည်။

ခြုံ၍ဆိုရသော် ဘယ်ပန်းချီ ရေးမမီသည့် အလှမျိုးပင်။

သူမ၏ နောက်ကျောဘက်တွင်မူ အဝါရောင်ဝတ် စည်းကမ်းထိန်း လေးယောက် တန်းစီရပ်နေသည်။

စည်းကမ်းထိန်း လေးယောက်သည် မျက်လွှာချပြီး ငြိမ်သက်နေကြသည်။

စွန်းပုရှောက်သည် သူမရှေ့တွင်ရှိသော ဒုတိယ လှေကားထစ်၏ လက်ဝဲဘက်တွင် မတ်တပ်ရပ်လျက် ရှိသည်။

စွန်းပုရှောက်၏ ဘေးတွင်မူ သတိလစ်မေ့မြောနေသော စာပေသိုင်းသမား အရူးတစ်ယောက် ရှိနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အဖြူရောင်ဝတ်သည် အမျိုးသမီးကြီးရှိနေသည့် နေရာအထိ ခင်းထားသော ကော်ဇောကြီးပေါ်မှနေ၍ ဖြည်းဖြည်းချင်း လျှောက်သွားသည်။

ကျောက်သားခုံ လှေကားထစ်ထိပ်သို့ ရောက်သည်နှင့် တန့်ခနဲရပ်ပြီး အလွန်ရိုသေသော အမူအရာနှင့် လက်အုပ်ချီပြီး ဂါရဝပြုသည်။

ထို့နောက်. . . .

ဒုတိယလှေကားထစ်ထိအောင် တက်သွားပြီး ရပ်နေလိုက်သည်။

နေသားတကျ ဖြစ်သွားသည်နှင့် ကုလားထိုင်ပေါ်မှ အမျိုးသမီးကြီးကို လှမ်းပြောတော့သည်။

'ကျွန်တော် ပိုင်စီး အမိန့်နာခံဖို့ ရောက်ရှိလာပါပြီ'

အမျိုးသမီးကြီးက လက်ယမ်းပြပြီး. . . .

'ကောင်းပြီ ပိုင်စီး၊ ကဲ. . . ရှင်လည်း တော်တော်ပင်ပန်းနေပြီ၊ နေသာသလို သက်တောင့်သက်သာ နေပါ'

'ဟုတ်ကဲ့ပါ ခင်ဗျ'

အဖြူရောင်ဝတ် ဆရာကြီးပိုင် (ခေါ်) ပိုင်စီးသည် ညာဘက်ဘေးတစ်နေရာသို့ ရွှေ့သွားပြီး သက်တောင့်သက်သာ နေလိုက်သည်။

အမျိုးသမီးကြီးသည် ခန်းမဆောင်ကြီးတစ်ခုလုံးကို ဝေ့ခနဲ ဝဲခနဲ အကဲခတ်လိုက်ပြီး အဖြူရောင်ဝတ်ကို လှမ်းမေးသည်။



'ပိုင်စီး၊ ရှင် ဒီကို စောက်လျှောက်လာခဲ့တာ မဟုတ်လား'

'ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး'

'ကျွန်မ ရှင့်သတင်းတွေကို ရရှိထားပြီးပါပြီ၊ သတိလစ်နေတဲ့လူကို ဘယ်နေရာက ဖမ်းလာခဲ့တာလဲ၊ သေသေချာချာ အစီရင်ခံပါ'

'ဟုတ်ကဲ့ပါ ဂိုဏ်းချုပ်ကြီး၊ ကျွန်တော် ဖမ်းဆီးလာခဲ့တဲ့နေရာက လန်ယန်မြို့ အပြင်ဘက်ကပါ၊ လုံကျူးတောင်နဲ့လည်း သိပ်မဝေးလှပါဘူး'

'အဲဒီတုန်းက တခြားလူ ဘယ်သူ ရှိနေသေးသလဲ'

'ချောင်ထန်း ရဲတိုက်သခင်ကြီး လွှေရှောင်ဖုန်း ရှိနေပါတယ်'

ဂိုဏ်းချုပ်ကြီး၏မျက်လုံးရောင်သည် စောစောကထက်ပိုပြီး အရောင်တဖျပ်ဖျပ် တောက်လာသည်။

'ကောင်းပြီ၊ ဟောစီး (စွန်းပုရှောက်) ကတော့ သူ့အတွေ့အကြုံတွေကို အစီရင်ခံပြီးခဲ့ပါပြီ၊ ကြိုတင် ခန့်မှန်းထားတာကတော့ ပိုင်စီး ဖမ်းလာတဲ့လူဟာ မင်ရင်ကြယ် ဖြစ်လိမ့်မယ်ထင်တယ်၊ ရှုးသွပ်နေတဲ့ ဝန်ရင်မော်ဟန်ဆောင်လာတဲ့ မင်ရင်ကြယ်ပဲ'

'ဟောစီး (ခေါ်) စွန်းပုရှောက်သည် ကြားလိုက်ရသော စကားကြောင့် အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားသည်။

အဖြူရောင်ဝတ် ပိုင်စီးကား ရင်ထဲ ထိတ်ခနဲဖြစ်သွားပြီး မနည်း ဣန္ဒြေဆည်လိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ချက်ချင်း ထပ်ပြောသည်။

'အမှန်ကို ဂိုဏ်းချုပ်ကြီးပဲ ဆုံးဖြတ်ပေးပါခင်ဗျား'

'ဟင်း. . . ဟင်း. . . ကျွန်မ ပြောတာကို ရှင် ကျေနပ်ပုံ မရ ဘူး၊ သေသေချာချာ နားထောင်ပါ၊ ဟေးစီး ဖမ်းလာတဲ့လူဟာ စားသောက် တည်းခိုရိပ်သာပေါ်မှာ အမှတ်မထင် တွေ့ခဲ့ရတဲ့ လူဖြစ်တယ်၊ အဖက်ဖက်က စဉ်းစား ချင့်ချိန်ကြည့်တဲ့အခါ အဲဒီလူဟာ လိန်ကူးချိ ထိန်းသိမ်းထားခဲ့တဲ့ အရှူးဝန်ရင်မော် ဖြစ်ဖို့ များတယ်။

'သူဟာ လိန်ကူးချိ ထိန်းသိမ်းထားခဲ့တဲ့ နေရာကနေပြီး စားသောက် တည်းခိုရိပ်သာပေါ် ရောက်လာတာဖြစ်တယ်၊ သူ စားသောက်နေပုံကလည်း တကယ့်အရှူးလို အင်မတန် ဆာလောင် မွတ်သိပ်နေတဲ့လူလို ဖြစ်နေတယ်၊ ဒါတွေဟာ လိန်ကူးချိ ထိန်းသိမ်း ထားခဲ့တဲ့နေရာက ဆာလောင်မွတ်သိပ်လွန်းလို့ အပြင်ထွက်ပြီး စားသောက်ခဲ့တာ ဖြစ်ဖို့များတယ်၊ ဒါက ဟေးစီး ဖမ်းလာတဲ့ လူအကြောင်းပဲ။

'ပိုင်စီးဖမ်းလာတဲ့ လူကတော့ ဒီလို မဟုတ်ဘူး၊ ဟေးစီး ဖမ်းလာတဲ့လူ ပေါ်ပေါက်ပြီးမှ ထပ်ပေါ်လာတဲ့လူဖြစ်တယ်၊ သူလုပ်ပုံကိုင်ပုံတွေက သိုင်းလောကကို လှုံဆော်ဖြားယောင်းတဲ့ ပုံသဏ္ဌာန်မျိုးလည်း ဖြစ်တယ်၊ သူ့ကို လောကကြီးတစ်ခုလုံးက လူတွေ စိတ်ဝင်စားအောင် လုပ်တဲ့ပုံမျိုးလည်း ဖြစ်နေတယ်၊ ဒါကြောင့် သိုင်းလောကကြီးတစ်ခုလုံး ပွက်လော်ရိုက် ဖြစ်လာခဲ့တာ



ပေါ့။

'အကြောင်းကြောင်းတွေကို ထောက်ချင့်လိုက်တဲ့အခါကျ တော့ ပိုင်စီးဖမ်းလာတဲ့လူဟာ ထန်းရှန်းဂိုဏ်းအတွင်းကို ပရိယာယ် ဆင်ပြီး လျှို့ဝှက်လာတဲ့ မင်ရင်ကြယ် ဖြစ်ဖို့များနေတယ်၊ နောက် တစ်ချက်က ဝန်ရင်မော်အစစ်ကို ကယ်တင်ဖို့ လျှို့ဝင်လာတဲ့ ဝန်ရင်မော်အတုပဲ ဖြစ်နိုင်စရာ ရှိတယ်၊ အဲ-အဲဒီတုန်းက ချောင် ထန်းရဲတိုက်သခင်ကြီး လွှရှောင်ဖုန်း ရှိနေတယ်ဆိုတော့ မင်ရင် ကြယ်ဟာ လွှရှောင်ဖုန်းနဲ့. . . .'

ဂိုဏ်းချုပ် အမျိုးသမီးကြီးသည် စကားကို ဆုံးအောင် မပြောဘဲ ရယ်ပစ်လိုက်သည်။

×××

အဖြူရောင်ဝတ်ပိုင်စီးသည် အတော် အခံရခက်သွား သည်။

သို့သော်. . . .

သူ ကလန်ကဆန် မလုပ်ရဲ၊ ကြန္ဒြေရရသာ ပြန်ပြော သည်။

'ကြားရတာတွေဟာ စိတ်ဝင်စားစရာတွေချည်းပါပဲ ဂိုဏ်းချုပ်ကြီး၊ ကျေးဇူးပြုပြီး ကျွန်တော်ဖမ်းလာတဲ့လူကို ဝန်ရင်မော် အစစ် ဟုတ်မဟုတ် လှူလာစစ်ဆေးပေးပါဦး ခင်ဗျား'

ဤတွင် တစ်ချိန်လုံး ငြိမ်နေသည့် ဟေးစီး (ခေါ်) စွန်းပို ရှောက်က ပိုင်စီးကို လှမ်းကြည့်ပြီး သရော်သလို ပြောလာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာကြီးပိုင်၊ ဝန်ရင်မော်အစစ်ကို တွေ့နေပြီးမှတော့ ခင်ဗျား ဖမ်းလာတဲ့ လူကို အစစ် ဟုတ်မဟုတ် ထပ်ကြည့်ဖို့ လိုသေးလို့ လားဗျာ'

အဖြူရောင်ဝတ် ပိုင်စီးသည် ဟေးစီး (စွန်းပုရှောက်) ကို မျက်ဖြူလှန်ကြည့်ပြီး ဘာစကားမျှ မပြောတော့ချေ။

ဂိုဏ်းချုပ်ကြီးသည် အခြေအနေ အကဲခတ်နေရာမှ အေးဆေးတည်ကြည်သော အမူအရာနှင့် လှမ်းပြောလာသည်၊

'ကဲ. . . ကဲ. . . ကျွန်မ တရားမျှတပြီး အမှန်အတိုင်း ဖြစ်အောင် ဖြေရှင်းစိစစ်မယ်၊ ပိုင်စီး. . . ရှင် ဖမ်းလာတဲ့လူကို ရှေ့ကို ခေါ်ခဲ့ပါ'

ပိုင်စီးသည် ဖုတ်ခနဲဖြစ်သွားပြီး နောက်တွင် ရပ်နေသော အဝါရောင်ဝတ် စည်းကမ်းထိန်း နှစ်ယောက်ကို အမိန့်လှမ်းပေး သည်။

'ဖမ်းလာတဲ့လူကို ရှေ့မှာ လာထားပါ'

'ဟုတ်ကဲ့ပါခင်ဗျား'

အဝါရောင်ဝတ် မိန်းမပျိုသည် ကြိုတင် စီစဉ်ထားသည့် အတိုင်း အသင့်ရှိနေသော ငွေရောင် ကုလားထိုင်တစ်လုံးကို မ,ယူပြီး ဒုတိယလှေကားထစ်၏ ညာဘက်ကျကျနေရာတွင် ခပ်သွက်သွက် ချထားလိုက်သည်။

ကုလားထိုင် အဆင်သင့် ဖြစ်သည်နှင့် အဝါရောင်ဝတ် စည်းကမ်းထိန်းနှစ်ယောက်က သတိလစ်နေသော မင်ရင်ကြယ်



(ဝန်ရင်မော်အတု) ကို ကုလားထိုင်ပေါ်တွင် ထိုင်နေသည့်ပုံစံမျိုး ဖြစ်အောင် တင်ထားလိုက်သည်။

အစစ်ဆေးခံရန် အသင့်ဖြစ်သည်နှင့် အဖြူရောင်ဝတ် ပိုင်စီးက ဂိုဏ်းချုပ်ကြီးကို အစီရင်ခံလိုက်သည်။

'စစ်ဆေးလို့လာရန် အသင့်ဖြစ်ပါပြီ ဂိုဏ်းချုပ်ကြီး'

ဂိုဏ်းချုပ်ကြီးသည် မည်သို့မျှ နှုတ်တုန့်မပြန်ဘဲ သတိလစ် နေသော ဝန်ရင်မော်အတု မင်ရင်ကြယ်ကို စိတ်ဝင်စားစွာ စိုက် ကြည့်နေတော့သည်၊

ကြည့်ရင်း ကြည့်ရင်းမှာပင် သူမ၏ မျက်လုံးရောင်သည် တဖျပ်ဖျပ် ,တောက်ပလာလေသည်။

အတန်ကြာမှ. . . .

'သိုင်းလောကမှာ ဝန်ရင်မော်နှစ်ယောက် ရှိနေသလိုပဲ' ဟု ရေရွတ်လိုက်တော့သည်။

›› ‹‹

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁၅)

## လိန်ကူးချီ၏ စကား

ညှိခန်းဆောင်ကြီးသည် အပ်ကျသံ ကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်သွားပြန်သည်။

အတန်ကြာမှ အဖြူရောင်ဝတ် ပိုင်စီး၏. . .

'တစ်ယောက်ကတော့ အတုဖြစ်မှာ သေချာပါတယ် ဂိုဏ်းချုပ်ကြီး' ဟူသော အသံထွက်လာသည်။

ဂိုဏ်းချုပ်ကြီးက ပြုံးသည်။

သူမ၏အပြုံးသည် အလွန်လှပပြီး အဓိပ္ပာယ်ထွေပြားသောအပြုံးပင်ဖြစ်သည်။

'ဝန်ရှင်မော် ဟန်ဆောင်လာတဲ့လူဟာ ရုပ်ပြောင်းရုပ်လွှဲ



ပညာ အင်မတန် မြင့်မားသူပဲ'

ဂိုဏ်းချုပ်အမျိုးသမီးကြီးသည် ခန်းမဆောင်ထဲတွင် လူအားလုံးကို ဝေ့ဝိုက်ကြည့်လိုက်ပြီး မေးခွန်းထုတ်တော့သည်။

'သမုဒ္ဒရာလို ကျယ်ပြန့်တဲ့သိုင်းလောကကြီးထဲမှာ ရုပ်ပြောင်းရုပ်လွှဲပညာကို အမြင့်မားဆုံး တတ်ထားတာ ဘယ်သူလဲ'

အဖြူရောင်ဝတ် ပိုင်စီးက ခပ်သွက်သွက်ဖြေသည်။

'မျက်နှာတစ်ထောင် တစ်ကိုယ်တော်ညှိသည်ကြီး လိန်ကူးချီပါ၊ နောက်တစ်ယောက်ကတော့ သတ္တမသူရဲကောင်း ကျို့ကုံးချွင်ပါပဲ'

'ဒီလိုဆိုရင် ဖမ်းလာတဲ့ လူနှစ်ယောက်အနက် တစ်ယောက်ဟာ သတ္တမသူရဲကောင်း ကျို့ကုံးချွင် ဖြစ်မယ်ပေါ့ဟုတ်လား'

ဟေးစီး စွန်းပုရှောက်က ကြားဖြတ် ပြောလာသည်။

'တစ်ယောက် ရှိပါသေးတယ် ဂိုဏ်းချုပ်ကြီး၊ အဲဒီလူက မင်ရင်ကြယ်ပါ၊ မင်ရင်ကြယ်ရဲ့ ရုပ်ပြောင်းရုပ်လွှဲပညာကလည်း အင်မတန် အဆင့်အတန်း မြင့်မားတဲ့ပညာရပ်ပါပဲ။

တိမ်ပျံ ဖေးယွင်ရဲတိုက်ထဲက ပြဿနာမှာ မင်ရင်ကြယ်က သူ့ရဲ့ ရုပ်ပြောင်းရုပ်လွှဲပညာနဲ့ သတ္တမသူရဲကောင်း၊ ကျို့ကုံးချွင်ကို တစ်ပတ်ရိုက်ပြီး၊ ပညာ ပြသွားခဲ့ဖူးတယ်၊ ဒါကြောင့်မို့ ဖမ်းမိထားတဲ့ ဝန်ရှင်မော်နှစ်ယောက်အနက် တစ်ယောက်ဟာ မင်ရင်ကြယ်ဒါမှမဟုတ် ကျို့ကုံးချွင် ဖြစ်ပါလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



'ရှင် ပြောတာ မပြည့်စုံသေးဘူး၊ အချက်တစ်ချက် လိုနေသေးတယ်'

'ဟုတ်ကဲ့ အမိန့်ရှိပါ ဂိုဏ်းချုပ်ကြီး'

'ဖမ်းမိထားတဲ့ လူနှစ်ယောက်ဟာ တစ်ယောက်က မင်းရင်ကြယ်ဖြစ်ပြီး တစ်ယောက်က ကျိုးကုံးချွင် ဖြစ်နိုင်တယ်'

အပြုံးရောင်ဝတ် ပိုင်စီးနှင့် ဟေးစီး စွန်းပုရှောက်တို့သည် ပါးစပ်အဟောင်းသားနှင့် မျက်လုံးများ ပြူးနေကြတော့၏။

အတန်ကြာမှ စွန်းပုရှောက်က စောဒက တက်သည်။

'ကျိုးကုံးချွင်ဟာ ဘာဖြစ်လို့ ဒီကို ဝင်လာခဲ့ရပါသလဲ ဂိုဏ်းချုပ်ကြီး'

'ရှင်းရှင်းလေးပါ ဟေးစီးရယ်၊ သူ့ရဲ့ လျှို့ဝှက်ချက်တွေကို ကျွန်မက ဖွင့်ချလိုက်လို့ပေါ့၊ ကျွန်မကြောင့် သူ့အကြံအစည်တွေ ပျက်စီးကုန်ပြီလို့ဆိုရင် ရပါတယ်၊ ဒါကြောင့် ကျွန်မကို လက်တုံ့ပြန်ဖို့ သူ့အကြံအစည်တွေ ပျက်စီးသွားတဲ့အတွက် ကျွန်မတို့ဂိုဏ်းကိုကော ကျွန်မကိုပါ ဖျက်ဆီးဖို့ လျှို့ဝင်လာခဲ့တာပေါ့၊ ဒီလောက်ဆို ရှင်းလောက်ပါပြီရှင်'

ဟေးစီး စွန်းပုရှောက်သည် ယခုမှ အကြီးအကျယ် မျက်နှာပျက်သွားလေတော့သည်။

'ဒါဖြင့်ရင် မင်းရင်ကြယ်ဆိုတဲ့လူကကော ဘာကိစ္စနဲ့ ရောက်လာနိုင်ပါသလဲ'

'အဖြေက ရှင်းနေတယ် ဟေးစီး၊ မင်းရင်ကြယ်ဟာ ကျိုးကုံးချွင် ရဲ့ အကြံအစည်တွေကို သိထားရပြီဖြစ်လို့ ကျိုးကုံးချွင်ရဲ့ ဖျက်ဆီးရေး၊ လက်တုံ့ပြန်ရေး၊ လုပ်ရပ်တွေကို ဟန့်တားတားဆီးဖို့ လိုက်နေသူဖြစ်တယ်၊ ဒါကြောင့် သူနောက်လိုက်ရင်း ဒီကို ရောက်လာတာ ဖြစ်နိုင်တယ်။

နောက်တစ်ချက်က မင်းရင်ကြယ်ဟာ လူလေး မော်လင်နဲ့ မိတ်ဆွေ ဖြစ်ခဲ့ကြလို့ တို့ဂိုဏ်းအပေါ် နစတနာထားပြီး လျှို့ဝင်လာတာလည်း ဖြစ်နိုင်တယ်၊ ဘာပဲဖြစ်ဖြစ် သူတို့နှစ်ယောက်စလုံး ကျွန်မလက်ထဲ ရောက်နေပြီဆိုရင် ကျွန်မအနေနဲ့ ဝန်ရင်မော်အစစ်ကို ရှာဖို့ မလိုတော့ဘူး၊ အဲ. . မလိုတော့ဘူး ဆိုတာထက် မခက်ခဲတော့ဘူးဆိုရင် ပိုမှန်လိမ့်မယ်ထင်တယ်'

'ကျွန်တော်တော့ ဒီအထိ မစဉ်းစားမိပါဘူး ဂိုဏ်းချုပ်ကြီး၊ ဂိုဏ်းချုပ်ကြီးရဲ့ဉာဏ်ကိုလည်း မီအောင် မစဉ်းစားနိုင်ပါဘူး'

အဖြူရောင်ဝတ် ပိုင်စီး၏ စကားကြောင့် ဂိုဏ်းချုပ်ကြီးက ပြုံးသည်၊ ထိုနောက် တည်တည်ကြည်ကြည် ဆက်ပြောသည်။

'တကယ်တော့ ကျွန်မတို့အနေနဲ့ သတ္တမသူရဲကောင်း ကျိုးကုံးချွင်ကို သိပ်မှုနေစရာ မလိုပါဘူး၊ ဘာဖြစ်လို့လည်းဆိုတော့ သူ ဘယ်ကိုပဲ ရောက်နေရောက်နေ မင်းရင်ကြယ်ဟာ တို့ရဲ့ အဓိက ရန်သူဖြစ်တယ်၊ ဘာဖြစ်လို့လည်းဆိုတော့ ဝန်ရင်မော်နဲ့ ပတ်သက်နေလို့ပဲ၊ သူကလည်း ဝန်ရင်မော်ကို လိုချင်တယ်၊ တို့ကလည်း ဝန်ရင်မော်ကို လိုချင်တယ်၊ ဒါ နောက်ဆုံး အရေးကြီးတဲ့အချက်ပဲ၊ ဒါကြောင့်မို့ မင်းရင်ကြယ်ကို အမြန်ဆုံး စာရင်း ရှင်းပစ်သင့်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် မင်ရင်ကြယ်နဲ့ ဝန်ရင်မော်အစစ်ကို ခွဲခြားလို့ မရသေး ဘူး။

မင်ရင်ကြယ်ဆိုပြီး သတ်ပစ်လိုက်ရင် ဝန်ရင်မော် အစစ်ကို မှားပြီးသတ်မိသလို ဖြစ်မှာလည်း စိုးရိမ်ရတယ်၊ မင်ရင် ကြယ်နဲ့ ဝန်ရင်မော်အစစ်ကို မှားယွင်းပြီး သတ်မိရင် အဖိုးအနဂ္ဃ ထိုက်တန်တဲ့ ရတနာမဟာ သိုင်းကျမ်းစာအုပ် ရဖို့ကိစ္စကြီး ပျက်စီးသွားလိမ့်မယ်၊ တစ်ချိန်တည်းမှာ မင်ရင်ကြယ်ရဲ့ ရန်ကို ခုခံယှဉ်ပြိုင်နိုင်ဖို့အတွက်လည်း သိပ်ခက်ခဲသွားလိမ့်မယ်'

ဂိုဏ်းချုပ်ကြီးသည် စိတ်ရှုပ်ရှုပ်နှင့် လိပ်ပတ်လည် အောင် ရှင်းပြသည်။

ညီခန်းမကြီးထဲမှ လူများသည် တိတ်ဆိတ်ငြိမ်သက်စွာ အာရုံစိုက်ပြီး နားထောင်နေကြသည်။

×××

အဖြူရောင်ဝတ် ပိုင်စီးသည် တစ်စုံတစ်ရာကို လေး နက်စွာ စဉ်းစားနေရာမှ ဂိုဏ်းချုပ်ကြီးကို လှမ်းပြောသည်။

'ကျွန်တော် အကြံပေးပါရစေ ဂိုဏ်းချုပ်ကြီး'

'ပေးပါ-ပေးပါ၊ ဘယ်လို အကြံပဲဖြစ်ဖြစ် အကျိုးရှိမယ်ဆို ရင် ကျွန်မလက်ခံပြီး ဆောင်ရွက်ပါ့မယ်'

'ဒီလိုပါ ဂိုဏ်းချုပ်ကြီး၊ ခုကိစ္စကို လိန်ကူးချီကို ခေါ်ယူပြီး ခွဲခြားဆုံးဖြတ်ခိုင်းစေချင်ပါတယ်၊ လိန်ကူးချီဟာ ရုပ်ပြောင်းရုပ်လွှဲ ပညာမှာ ကျိုကုံးချွင်ထက် များစွာ သာလွန်သူ ဖြစ်ပါတယ်'



'သင့်မြတ်ပါတယ် ပိုင်စီး၊ လိန်ကူးချီသာ မှန်မှန်ကန်ကန် ဆုံးဖြတ်ပေးရင် အကောင်းဆုံးပဲ၊ ရှင်လည်း ဆုလာဘ် ရနိုင်စရာ အကြောင်းရှိပါတယ်. . . ဟင်း ဟင်း'

ပိုင်စီးသည် ဘာမျှမပြောတော့ဘဲ ငြိမ်သွားသည်။

စွန်းပုရှောတ်သည် ပိုင်စီးကို ကြည့်ပြီး မကျေမနပ် ဖြစ်သွားသည်။

ထို့ကြောင့် နှာခေါင်းသံကြီးနှင့် ဟင်းခနဲ လုပ်လိုက်သည်။

ဂိုဏ်းချုပ် မိန်းမချော အမျိုးသမီးကြီးက မပြုံးတုံ့ ပြုံးတုံ့လုပ်ပြီး ပြန်တည်သွားသည်။

ထို့နောက် သူ့မရှေ့တွင် ရှိနေကြသော အဝါရောင်ဝတ် စည်းကမ်းထိန်း နှစ်ယောက်အား လိန်ကူးချီကို အခေါ်ခိုင်းလိုက် သည်။

အဝါရောင်ဝတ် စည်းကမ်းထိန်းနှစ်ယောက်သည် ညီ ခန်းမကြီးထဲမှ သုတ်ခြေတင်ပြီး ထွက်ခွာသွားကြသည်။

သိပ်မကြာပါ၊ လိန်ကူးချီကိုခေါ်ပြီး ပြန်ရောက်လာကြ သည်။

လိန်ကူးချီသည် အခြားသူ မဟုတ်ပါ။ အစိမ်းရောင်ဝတ် ပိန်ပိန်ပါးပါး အဘိုးကြီးပင်ဖြစ်သည်။

ဤအဘိုးကြီးသည် မေဝှားကန် (ဆီးပန်းတောင်ကုန်း) တွင် နေထိုင်ခဲ့သော အစိမ်းရှောင် အဘိုးကြီးပင်တည်း။

အစိမ်းရောင် အဘိုးကြီး လိန်ကူးချီသည် ဂိုဏ်းချုပ်ကြီးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင် အခြေအနေကို ကြည့်ပြီး မျက်စိပျက် မျက်နှာပျက် ဖြစ်နေသည်။

ဂိုဏ်းချုပ်ကြီးက-

'ဆရာကြီး လိန်ကူးချီကို နေရာပေးပါ' ဟု လှမ်းပြောသည်။

ဂိုဏ်းချုပ်ကြီးစကား မဆုံးခင်မှာပင် အဝါရောင်ဝတ် မိန်းမပျိုက အသင့်ကိုင်ဆောင်ထားသော ငွေကုလားထိုင်ကြီးကို ချပေးလာသည်။

'စိတ်အေးလက်အေး ထိုင်ပါ ဆရာကြီး လိန်ကူးချီ'

ဂိုဏ်းချုပ်ကြီးက ချိုချိုသာသာ လှမ်းပြောသည်။

လိန်ကူးချီသည် မကျေမနပ် ဖြစ်နေဟန်နှင့် ကုလားထိုင်ပေါ် ဆောင့်ထိုင်ချလိုက်သည်။

ထို့နောက် ဘာကိုမျှ ဂရုမစိုက်သည့်ဟန်နှင့် မာထန်ထန်မေးသည်။

'ကျုပ်ကို ဘာကိစ္စနဲ့ ခေါ်ခဲ့တာလည်း ဂိုဏ်းချုပ်ကြီး'

ဂိုဏ်းချုပ်အမျိုးသမီးကြီးက၊ အပြုံးမပျက် လှမ်း၍ပြောသည်။

'ဆရာကြီး အနားမှာ ရှိနေကြတဲ့ လူနှစ်ယောက်ကို ဘယ်သူတွေလည်းလို့ ခွဲခြားပေးဖို့ပါပဲ'

လိန်ကူးချီက သတိလစ်နေသော လူနှစ်ယောက်ကို စေ့စပ်သေချာစွာ ကြည့်ရှုခြင်းမပြုတော့ဘဲ. . . .



'နှစ်ယောက်စလုံးဟာ ဝန်ရင်မော်နဲ့ တူသူတွေချည်းပဲ' ဟု ပြောတော့သည်။

ဂိုဏ်းချုပ်ကြီးက ပြုံးမြဲပြုံးနေပြီး. . .

'ဟုတ်ပါတယ်၊ ဒါပေမယ့် တစ်ယောက်ယောက်ကတော့ အတု ဖြစ်ပါလိမ့်မယ်'

ဂိုဏ်းချုပ်ကြီးက ပါးနပ်လိမ္မာစွာ စကားနိုက်သည်။

လိန်ကူးချီက 'ကျုပ်ကို ခေါ်လာတာဟာ. . . .' ဟုဆိုပြီး ရပ်နေလိုက်သည်။

ဂိုဏ်းချုပ်ကြီးက ချိုသာသောအသံနှင့် လှမ်းပြောသည်။

'ဆရာကြီး လိန်ကူးချီဟာ ရုပ်ပြောင်းရုပ်ယှဲပညာမှာ ပြိုင်ဘက်ကင်းတဲ့ ပုဂ္ဂိုလ်ကြီးပါ၊ ဒါကြောင့်မို့ ဟိုနှစ်ယောက်ရဲ့ ဖုံးကွယ်ထားမှုတွေကို ရှင်းရှင်းလင်းလင်း ဖြစ်အောင် ဖြေရှင်းပေးဖို့ အကူအညီ တောင်းတာပါရှင်'

လိန်ကူးချီသည် ခုမှ ကျေနပ်သလို ဖြစ်လာသည်။

'ကျုပ်အမြင်ကတော့. . .'

လိန်ကူးချီသည် စကား အစချီရင်း သတိလစ်နေသူ နှစ်ယောက်ကို တစ်ယောက်စီ စိုက်ကြည့်သည်။

ထိုအချိန်၌ သူ၏ နှုတ်ခမ်းအစုံသည် တလှုပ်လှုပ်ဖြစ်နေသည်။

မျက်လုံးအရောင်လည်း ဝင်းခနဲ ဝင်းခနဲ ဖြစ်လာသည်။

ထို့နောက်. . . .

www.burmeseclassic.com

www.burmeseclassic.com



'နှစ်ယောက်စလုံး အတုချည်းပဲ' ဟု ပြောသည်။

ကြားရသောစကားကြောင့် ဂိုဏ်းချုပ်ကြီးရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။

ပိုင်စီးနှင့် ဟေးစီး (စွန်းပုရှောက်) တို့သည် ဒေါသဖြစ်လာကြသဖြင့် လိန်ကူးချီကို ခပ်ငေါက်ငေါက် လှမ်းပြောသည်။

'လိန်ကူးချီ၊ တွေ့ကရာတွေ ပြောမနေနဲ့'

'ခင်ဗျားတို့ မယုံတာ ဘာတတ်နိုင်မှာလဲ၊ ကျုပ် မှန်တဲ့အတိုင်း ပြောနေတာ'

လိန်ကူးချီကလည်း မာသည်။

ထိုစဉ် ဂိုဏ်းချုပ်ကြီးက ဖြတ်မေးသည်။

'ဘယ်လို အတုတွေလည်း ဆရာကြီး လိန်ကူးချီ'

'နှစ်ယောက်စလုံးဟာ အင်မတန် အဆင့်အတန်း မြင့်တဲ့ ရုပ်ပြောင်းရုပ်လွှဲ ပညာရှင်တွေချည်းပဲ ဂိုဏ်းချုပ်ကြီး၊ သူတို့ ရုပ်ဖျက်ထားပုံက လူအရေခွံ မျက်နှာဖုံးစွပ်နဲ့ ရုပ်ဖျက်ထားတာ မဟုတ်ဘူး၊ အင်မတန် အဆင့်မြင့်တဲ့ပညာကို သုံးထားကြတာ၊ အဲဒီလို ပညာရပ်ကို မတတ်ကျွမ်းရင် အဲဒီ ပညာနဲ့ ရုပ်ဖျက်မှုကို ဘယ်လိုမှ မခွဲခြားနိုင်ဘူး'

'လေးစားပါတယ် ဆရာကြီး လိန်ကူးချီ၊ ဘယ်အချက်တွေကြောင့် ဒီလို ပြောနိုင်ပါသလဲ၊ ကျေးဇူးပြုပြီး လမ်းညွှန်ပေးပါ ဆရာကြီး လိန်ကူးချီ'

'ဒါကို ကျုပ်ပြောမပြတတ်ဘူး၊ အတုဖြစ်တယ်ဆိုတာကိုတော့ ကျုပ် သဘောပေါက်တယ်၊ သေလည်း သေချာတယ်'

ဂိုဏ်းချုပ်ကြီးတာ စောဒက မတက်ချေ။

ခေါင်းတညိတ်ညိတ်နှင့် လိုရာကိုသာ မေးသည်။

ဒီလိုဆိုရင် သူတို့နှစ်ယောက်ဟာ ဘယ်သူတွေ ဖြစ်ပါသလဲ ဆရာကြီး လိန်ကူးချီ'

'ကျုပ် ပြောနိုင်တာကတော့ သူတို့နှစ်ယောက်ဟာ ရုပ်ပြောင်းရုပ်လွှဲပညာနဲ့ ရုပ်ပြောင်းလာသူတွေလို့သာ ပြောနိုင်တယ်၊ ဘယ်သူဘယ်ဝါရယ်လို့တော့ မပြောနိုင်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ရဲ့ မူလရုပ်မျက်နှာကို ကြည့်လို့ မရလို့ဘဲ၊ ဒါကြောင့် ဂိုဏ်းချုပ်ကြီးအမေးကို မဖြေနိုင်တာပါ၊ သည်အတွက် သည်းခံပါ'

'ကောင်းပြီ၊ ဒီလိုဆိုရင် ဝန်ရင်မော်အစစ်က ဘယ်မှာရှိနေသလဲ'

'ဒါကို ကျုပ် အကြိမ်ကြိမ်ဖြေပြီးပြီ၊ ကျုပ် ပြောမပြနိုင်ဘူး၊ ပြောလို့လည်း မဖြစ်ဘူး၊ ဒီအတွက် ကျုပ် အသေခံရဲတယ်'

ဂိုဏ်းချုပ်ကြီးက ပြုံးမြဲပြုံးနေသည်။

ဒေါသထွက်ဟန် မရှိချေ။

'ဆရာကြီး လိန်ကူးချီရဲ့ စိတ်ဓာတ်ကို လေးစားပါတယ်၊ ဒါပေမယ့် ကျွန်မအနေနဲ့ကလည်း ဒီလို အစွမ်းထက်တဲ့ လူနှစ်ယောက်ကို ရရှိထားပြီ ဖြစ်တဲ့အတွက် ဝန်ရင်မော်အစစ်ကို လိုက်ရှာဖို့ မလိုတော့ဘူးလို့ ယူဆပါတယ်၊ သဘောပေါက်ပါသလား ရှင်'

'ဒီလိုပြောတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီး၊ ကျုပ်မိတ်ဆွေအတွက် လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်'

လိန်ကူးချီ၏အသံသည် ပေါ့ပျက်ပျက် နိုင်နေသည်။

ဂိုဏ်းချုပ်ကြီး၏ အမူအရာသည် လုံးဝ ပျက်ယွင်းခြင်း မရှိချေ။

'ကျွန်မကလည်း ဆရာကြီး လိန်ကူးချီပြောပြခဲ့တဲ့စကား အတွက် အများကြီး ကျေးဇူးတင်ပါတယ်၊ ကဲ. . . ဆရာကြီး လိန်ကူးချီ ပြန်နိုင်ပါပြီ'

လိန်ကူးချီသည် ဘာစကားမျှ မပြောတော့ဘဲ ဦးညွှတ် ဂါရဝ ပြုပြီးသည်နှင့် ခန်းမဆောင်ကြီးထဲမှ ထွက်ခွာသွား တော့သည်။

အဝါရောင်ဝတ် စည်းကမ်းထိန်း နှစ်ယောက်သည် သူ့ နောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားကြသည်။

မကြာမီမှာပင် သူတို့အားလုံး ခန်းမဆောင်အပြင်သို့ ရောက်သွားပြီး ပျောက်ကွယ်သွားကြတော့သည်။

»«



## အခန်း (၁၁၆)

## အတုအစစ် သံသရာ

ဂိုဏ်းချုပ်ကြီးသည် ပိုင်စီးနှင့် ဟောစီး (စွန်းပုရှောက်) ကို ကြည့်ပြီး တဟင်းဟင်း ရယ်နေသည်။

ထို့နောက် သရော်သလို အသံမျိုးနှင့် ခပ်ပေါ့ပေါ့ လှမ်းပြောသည်။

'ဘယ်လိုလဲရှင့်၊ ရှင်တို့ မျှော်လင့်နေကြတဲ့ ဆုလာဘ်တွေ ပျောက်ကွယ်သွားပြီ မဟုတ်လား၊ ဟင်း ဟင်း ဟင်း'

ပိုင်စီးနှင့် စွန်းပုရှောက်တို့မှာ ရှက်လည်းရှက်၊ ဒေါသ လည်း ထွက်ပြီး မျက်စိပျက် မျက်နှာပျက် ဖြစ်နေကြတော့သည်။

ထို့နောက် သူတို့နှစ်ယောက်စလုံး၏ လက်များ မြောက်

www.burmeseclassic.com

www.burmeseclassic.com



တက်သွားတော့သည်။

'ရှင်တို့ ဘာလုပ်ကြဦးမလို့လဲ၊ ဒီလို မလုပ်ပါနဲ့'

ဂိုဏ်းချုပ်ကြီး၏အသံ မာလာသည်။

နှစ်ယောက်စလုံးက မြှောက်ထင်ထားသော လက်များကို ပြန်ရုပ်သိမ်းလိုက်ကြသည်။

သို့သော်. . . . ပိုင်စီးက မကျေမနပ်နှင့် မိုက်ကန်းကန်း ပြောသေးသည်။

'ဒီနှစ်ယောက်ကို မြန်မြန်သတ်မှ အေးပါလိမ့်မယ် ဂိုဏ်းချုပ်ကြီး'

'ကျွန်မက သတ်မိန့်ပေးသလား'

ပိုင်စီးကော၊ ဟေးစီး (စွန်းပုရှောက်) ပါ ငြိမ်သွားသည်။

ဂိုဏ်းချုပ်ကြီးက သံမှန်နှင့် ဆက်ပြောသည်။

'သူတို့ကိုသတ်လို့ မဖြစ်သေးဘူး၊ သူတို့ကို သတ်လိုက်ရင် အနဂ္ဂထိုက်တဲ့ 'ရတနာမဟာသိုင်းကျမ်း' ကြီး လက်လွတ်သွားလိမ့်မယ်၊ အဲဒီအခါကျရင် မင်ရင်ကြယ်ကို ခုခံဖို့ လွယ်မှာမဟုတ်ဘူး ဒီအချက်ဟာ ထန်းရှုန်းဂိုဏ်းရဲ့အသက်လို တန်ဖိုးထားရမယ့် အချက်ပဲ'

ညှော်ခန်းဆောင်ကြီး တစ်ခုလုံးသည် အပ်ကျသံကြားရ လောက်အောင် တိတ်ဆိတ် ငြိမ်သက်သွားပြန်သည်။

ပိုင်စီးနှင့် ဟေးစီး (စွန်းပုရှောက်) တို့ကား ရင်တထိတ်ထိတ် ဖြစ်နေကြလေပြီ။



အတန်ကြာမှ ဂိုဏ်းချုပ်ကြီးက စကားလမ်းကြောင်း ပြောင်းပြီး ပြောလာသည်။

'သူတို့နှစ်ယောက်အနက် တစ်ယောက်ဟာ ဝန်ရင်မော် အစစ် ဖြစ်လိမ့်မယ်ထင်တယ်'

'ဂိုဏ်းချုပ်ကြီးရဲ့အမြင်ကို သိချင်ပါတယ်'

ပိုင်စီးအသံ ထွက်လာသည်။

ဂိုဏ်းချုပ်ကြီးက. . . .

'ကျွန်မ မပြောနိုင်ဘူး၊ အဲ . . လိန်ကူးချီကတော့ ပြောနိုင်တယ်၊ လိန်ကူးချီရဲ့အမြင်ဟာ အမှန်တရား ဖြစ်နိုင်တယ်'

'ဂိုဏ်ချုပ်ကြီးရဲ့ ရှင်းလင်းချက်ကို ကြားနာလိုပါတယ် ခင်ဗျား'

ပိုင်စီးနှင့် ဟေးစီး (စွန်းပုရှောက်)က ပြိုင်တူ တောင်းဆိုသည်။

ဂိုဏ်းချုပ်ကြီးက. . . .

'ခုန လိန်ကူးချီ ဘာပြောခဲ့သလဲ'

'နှစ်ယောက်စလုံး အတုချည်းပဲလို့ ပြောခဲ့ပါတယ်'

ပိုင်စီးက ဖြေသည်။

ဂိုဏ်းချုပ်ကြီးက တည်တည်ကြည်ကြည် ဆက်ပြောသည်။

'လိန်ကူးချီကသာ တစ်ယောက်က အတုလို့ပြောရင် ကျွန်မအနေနဲ့ နှစ်ယောက်စလုံး အတုချည်းပဲလို့ ထင်မိ တွေးမိ လိမ့်မယ်၊ အဲ. . . လိန်ကူးချီက နှစ်ယောက်စလုံး အတုချည်းပဲလို့

www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့တော့ ကျွန်မက နှစ်ယောက်အနက် တစ်ယောက်ကို အစစ်လို့ ထင်လာတယ်၊ ဒီလိုမြင်တဲ့သဘောတရားအမြင်ကို ရှင်တို့သိသလား'

ပိုင်စီးနှင့် ဟေားစီး စွန်းပုရှောက်က ခေါင်းခါပြီး တပြိုင်တည်း ပြောသည်။

'ကျွန်တော်တို့ ဒီအထိ မတွေးတတ်ပါဘူး၊ ဂိုဏ်းချုပ်ကြီးသာ ရှင်းပြပါ'

'ဟင်း. . . ဟင်း၊ ကိုယ့်ကိုယ်ကို ဒီလောက်တောင် နှိမ့်ချမနေကြပါနဲ့ရှင်၊ ရှင်တို့လည်း ထက်မြက်တဲ့ ပုဂ္ဂိုလ်တွေပဲ၊ ခုမှ ရှင်တို့ဘယ်လို ဖြစ်ကုန်ကြရတာလဲ၊ တကယ်လို့ ပိုင်စီးသာ လိန်ကူးချီနေရာမှာ ရှိနေရင် ဘာပြောမလဲ'

ပိုင်စီးက. . .

'တစ်ယောက်ကတော့ အတုဖြစ်တယ်လို့ ပြောမိမှာပါ'

'ဘာဖြစ်လို့လဲ'

'ဝန်ရင်မော် အစစ်ရှိနေတဲ့နေရာကို ထပ်မမေးအောင်လို့ပါ'

'ရှင်ဖြေတာ မဆိုးပါဘူး၊ ကဲ. . . ဟေားစီးပါ ဖြေစမ်းပါဦး'

ဟေားစီး စွန်းပုရှောက်က. . .

'ပိုင်စီးဖြေသလိုပါပဲ ဂိုဏ်းချုပ်ကြီး'

'ဘာဖြစ်လို့လဲ'

'ပိုင်စီးဖြေသလို အကြောင်းပြချက် ရှိနေလို့ပါ'



'ဒါဖြင့် လိန်ကူးချီရဲ့အဖြေကို သဘောပေါက်တယ်လို့ ယူဆရမှာလား'

'ယူဆနိုင်တယ်လို့ ထင်ပါတယ်၊ လိန်ကူးချီရဲ့ ဖြေကြားချက်ဟာ လျှို့ဝှက်သိပ်သည်းပြီး ပညာသားပါတဲ့ ဖြေကြားချက်ပါပဲ၊ တစ်နည်းပြောရင် သူ့ရဲ့ဂုဏ်သိက္ခာ မကျအောင် ကိုယ်လွတ်ရုန်းတဲ့ အာပတ်လွတ်အောင် အပြစ်ယွတ်အောင်ဖြေတဲ့ အဖြေလို့ ယူဆနိုင်ပါတယ်၊ ဒီအချက်တွေကို ပေါင်းခြုံပြီး အဖြေရှာလိုက်တဲ့အခါ နှစ်ယောက်အနက် တစ်ယောက်ဟာ အစစ်ဖြစ်တယ်လို့ မှတ်ချက်ချနိုင် ပါတယ်'

ပိုင်စီးက လေးလေးနက်နက် ရှင်းပြသည်။

ဂိုဏ်းချုပ်အမျိုးသမီးကြီး၏မျက်နှာသည် လပြည့်ပန်းကြီးလို့ တမုဟုတ်ချင်း ဝင်းပ ကြည်လင်လာသည်။

'ဟုတ်တယ်၊ ဒီအတိုင်း ဖြစ်လိမ့်မယ်လို့ ကျွန်မ ယူဆနေတယ်'

စွန်းပုရှောက်သည် ပိုင်စီး၏ အပြောနှင့် ဂိုဏ်းချုပ်ကြီး၏ ယူဆချက်ကို သိပ်ကျေနပ်ဟန် မရှိချေ။

'ဂိုဏ်းချုပ်ကြီးက လိန်ကူးချီကို ဘာဖြစ်လို့ အဓမ္မခွဲခြား မပြနိုင်းတာလဲ၊ ခုဟာက ယူဆရုံပဲ ယူဆနိုင်တဲ့ကိစ္စဆိုတော့'

'ဘာလဲ ရှင်က ဆုလာဘ်ကို မျှော်ကိုးနေသေးသလား'

စွန်းပုရှောက်မျက်နှာ ရဲခနဲ ဖြစ်သွားသည်။

ဂိုဏ်းချုပ်ကြီးက ဆက်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှင် လိန်ကူးချီအကြောင်း ကောင်းကောင်း သိဖို့လိုတယ်၊ လိန်ကူးချီဟာ သိုင်းပညာထူးချွန်တဲ့ လူထူးလူဆန်းတစ်ယောက်ပဲ၊ အတွေ့အကြုံများသလောက် ဉာဏ်ရည်ဉာဏ်သွေးလည်း အင်မတန် ထက်တယ်၊ သတိလည်းကြီးတယ်၊ ခုလို လူမျိုးဟာ အနိုင်ကျင့်လို့ မရဘူး၊ သူမပြောချင်ရင် သေအောင် ညှဉ်းဆဲပြီးမေးလဲ အလကားပဲ'

'ဒါဖြင့် ဂိုဏ်းချုပ်ကြီး ဘယ်လိုစီစဉ်ချင်ပါသလဲ'

'တကယ်လို့ ဒီလူနှစ်ယောက်ဟာ မင်ရင်ကြယ်နဲ့ ကျို့ကုံးချွင် ဖြစ်ခဲ့ရင် ကောင်းကောင်းမွန်မွန် ပြုစုပြီး အချိန်စောင့်ရလိမ့်မယ်၊ အချိန်ကာလတစ်ခုတွင်းမှာ အကျယ်ချုပ်သဘောနဲ့ လွှတ်ထားရမယ်၊ တစ်ခုတော့ရှိတယ်၊ ရွှဲ့ကုံး (နှင်းအဆောင်) ကိုတော့ ဝင်ခွင့်မပေးဘူး၊ နှင်းအဆောင်ကလွဲရင် လွတ်လပ်စွာ သွားလာ လည်ပတ်နိုင်ခွင့် ပေးထားရမယ်၊ ဘယ်သူ အစစ်၊ ဘယ်သူ အတု ဆိုတာကိုတော့ ကျွန်မ ခွဲခြားနိုင်ပါတယ်၊ ဒါက ကျွန်မရဲ့ သိမြင်မှု လျှို့ဝှက်ချက်တစ်ခု ဖြစ်တယ်'

'ဒီလိုဆိုရင် သူတို့ကို လုံးဝလွှတ်ပေးလိုက်ရာ မကျဘူးလား ဂိုဏ်းချုပ်ကြီး'

ပိုင်စီးက စိုးရိမ်ဟန်နှင့် ပြောသည်။

'ဒီလိုသာ လွတ်လွတ်လပ်လပ် လွှတ်ပေးမထားရင် သူတို့ သွားချင်ရာကို ဘယ်သွားနိုင်တော့မှာလဲ'

ပိုင်စီးသည် သဘောတူနိုင်ခြင်း မရှိသေးချေ။



'ဒီလို မလုပ်သင့်ဘူးလို့ ထင်ပါတယ် ဂိုဏ်းချုပ်ကြီး၊ သူတို့ နှစ်ယောက်စလုံးဟာ သိုင်းပညာစွမ်း ထက်မြက်သူတွေ ဖြစ်နေတော့. . .'

'ဟင်းဟင်း. . . အခြေအနေက တစ်ယောက်ဟာ ကြောင်တစ်ကောင်ကိုတောင် ဖမ်းနိုင်တဲ့အစွမ်း မရှိဘူးဆိုတော့ အရေးမကြီးလှပါဘူး၊ နောက်တစ်ယောက်ဟာ ကျို့ကုံးချွင်ဖြစ်တယ်ဆိုရင်လည်း ကျွန်မတို့အနေနဲ့ သိပ်မှုစရာ မလိုပါဘူး'

'တကယ်လို့ တစ်ယောက်ဟာ ဝန်ရင်မော်အစစ် မဟုတ်ဘဲ မင်ရင်ကြယ် ဖြစ်နေရင်ကော ဂိုဏ်းချုပ်ကြီး'

ပိုင်စီး၏အမေးကြောင့် ဂိုဏ်းချုပ်အမျိုးသမီးကြီး တွေဝေသွားသည်။

'ဟုတ်တယ်၊ မင်ရင်ကြယ် ဖြစ်နေရင်တော့ ကျို့ကုံးချွင်ထက် ပိုပြီး ရင်ဆိုင်ရ ခက်လိမ့်မယ်၊ ဒါပေမယ့်. . .'

ဂိုဏ်းချုပ်ကြီးသည် စကားကို ဆုံးအောင်မပြောဘဲ ရပ်ပစ်လိုက်ပြန်သည်။သူမ၏ 'ဒါပေမယ့်' သည် လေးနက်ထွေပြားသော 'ဒါပေမယ့်' ဖြစ်သည်။

အတန်ကြာမှ မိန်းမပျိုတစ်ယောက်ကို လှမ်းပြောသည်။

'ယိလူ. . . ဆေးလုံး သွားယူခဲ့'

'ဟုတ်ကဲ့ပါ ဂိုဏ်းချုပ်ကြီး'

ယိလူ အမည်ရှိ အဝါရောင် မိန်းမပျိုသည် ခန်းမဆောင်ဘေးတွင်ရှိသော အခန်းထဲသို့ လှစ်ခနဲ ပြေးဝင်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ဂိုဏ်းချုပ်ကြီး ရှေ့သို့ ချက်ချင်း ပြန်ရောက်လာသည်။

လက်ထဲတွင် ဆေးပုလင်းလေး တစ်ပုလင်းပါလာသည်။

သူမသည် ဂိုဏ်းချုပ်ကြီးရှေ့တွင် ရပ်လိုက်မိသည်နှင့် ဆေးပုလင်းကို ရိုရိုသေသေ လှမ်းပေးသည်။

ဂိုဏ်းချုပ်ကြီးက ဆေးပုလင်းကို လက်ခံမယူချေ။

'သတိလစ်နေတဲ့ လူနှစ်ယောက်ကို တစ်ယောက်တစ်လုံးစီ တိုက်လိုက်'

ယိလူသည် 'ဟုတ်ကဲ့ပါ ဂိုဏ်းချုပ်ကြီး' ဟုဆိုပြီး သတိလစ်နေသော လူနှစ်ယောက်ပါးစပ်ထဲသို့ ဆေးလုံးတစ်လုံးစီ ထည့်ပေးလိုက်သည်။

ကိစ္စတစ်ခုပြီးသွားသည်နှင့် ဂိုဏ်းချုပ်ကြီးက အမိန့်လှမ်းပေးပြန်သည်။

'ကဲ. . . သူတို့နှစ်ယောက်ရဲ့ သွေးကြောတွေကို ဖွင့်ပေးလိုက်ပါ'

ပိုင်စီးနှင့် ဟေးစီး (စွန်းပုရှောက်) တို့သည် သူတို့ဖမ်းလာသူများ၏ သွေးကြောများကို ဖျတ်ခနဲ ဖျတ်ခနဲ ဖွင့်ပေးလိုက်ကြသည်။ သိပ်မကြာပါ။ သတိလစ်နေသူ နှစ်ယောက်စလုံး တလှုပ်လှုပ်နှင့် သတိဝင်လာကြသည်။

▸▸ ◂◂



## အခန်း (၁၁၇)

## အပျိုစင်ရဲ့ မျက်နှာ

ဝန်ရင်မော်အတု မင်ရင်ကြယ်သည် ခပ်ကြောင်ကြောင် အမူအရာနှင့် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သည်။

'ကျုပ် ဘယ်ကို ရောက်နေတာလဲ'

'ဟင်းဟင်း. . . ထန်းရှန်းဂိုဏ်းရဲ့ ဧည့်ခန်းမကြီးထဲ ရောက်နေတာ၊ ရှင်တို့ ဘယ်သူတွေဆိုတာ မသိလို့ ဘယ်လိုခေါ် ရမှန်းလည်း မသိဘူး'

ဂိုဏ်းချုပ်ကြီး အသံက သရော်သံ ပါနေသည်။

မင်ရင်ကြယ်က တကယ့် အရူးဟန်နှင့်. . . .

'ဟားဟား၊ ဒါတောင် မသိဘူးလားဗျာ၊ ကျုပ်နာမည်

www.burmeseclassic.com

www.burmeseclassic.com



ဝန်ရှင်မော်ဗျ၊ ဝန်ရှင်မော်မှ ရေမရောတဲ့ နံပါတ်တစ် ဝန်ရှင်မော်၊ ဟားဟား. . .'

မင်းရင်ကြွယ်သည် တဟားဟား ရယ်နေရင်းက မျက်နှာချင်းဆိုင်နေရာမှ လူကိုကြည့်ပြီး တအံ့တဩ ပြောပြန်သည်၊

'အိုး. . . ခင်ဗျားက ဘယ်သူလဲ၊ ကျုပ်နဲ့ တူလှချည်လားဗျ ဘုရား ဘုရား'

ထိုလူကလည်း မင်းရင်ကြွယ်ကို ကြည့်ပြီး ပြောပြန်သည်၊

'ခင်ဗျားကလည်း ကျုပ်နဲ့ တူတာပဲ၊ ခင်ဗျားနာမည် ဘယ်သူ၊ ဝန်ရှင်မော် ဟုတ်လား'

'ဟုတ်တယ်၊ မျက်မှောက် သိုင်းလောကမှာ ထင်ရှားကျော်ကြားနေတဲ့ သိုင်းဘုရင် ဝန်ရှင်မော်လေ'

'ဘာ. . . ခင်ဗျားက ဝန်ရှင်မော်၊ ဟုတ်လား၊ မဖြစ်နိုင်ဘူး မဖြစ်နိုင်ဘူး၊ နေပါဦး ခင်ဗျား ဝန်ရှင်မော်ဆိုရင် ကျုပ်က ဘယ်သူလဲ'

ဤတွင် ဂိုဏ်းချုပ်အမျိုးသမီးကြီးက လှမ်းပြောလာသည်၊

'တစ်ယောက်က ဝန်ရှင်မော်ဆိုရင် တစ်ယောက်က ကျို့ကုံးချင်ဖြစ်မှာပေါ့ရှင်၊ ဒီလိုမှ မဟုတ်ရင်လည်း မင်းရင်ကြွယ် ဖြစ်မှာပေါ့၊ ဟင်း. . . ဟင်း'

မင်းရင်ကြွယ်က မျက်နှာချင်းဆိုင်မှလူကို လက်ညှိုးထိုးပြီး. .

'ကျုပ်က ဝန်ရှင်မော်ဆိုတော့ သူက ဝန်ရှင်မော်အတုပေါ့



ဗျာ၊ ဝန်ရှင်မော်အတုဆိုတော့ သူဟာ မင်းရင်ကြွယ်ပေါ့ဗျာ၊ ကျုပ်ပြောတာ ဟုတ်တယ် မဟုတ်လား'

ဤတွင် မင်းရင်ကြွယ်ဟု အပြောခံလိုက်ရသူက မင်းရင်ကြွယ်ကို ပြန်ပြောသည်၊

'ခင်ဗျားသာ ဝန်ရှင်မော်အတုပါဗျ၊ တကယ့်အမှန်က ကျို့ကုံးချင်ပေါ့'

ဂိုဏ်းချုပ်ကြီးက ပြုံးမြဲပြုံးပြီး လှမ်းပြောလာသည်။

'ကဲကဲ. . . ရှင်တို့က တစ်ယောက်ကိုတစ်ယောက် စွပ်စွဲနေကြတာကိုး၊ ဒီအတိုင်းဆိုရင် ကျွန်မက ရှင်တို့ကို ဘယ်လိုခေါ်ရမှာလဲရှင့်'

မင်းရင်ကြွယ်က. . .

'ဒါများ ခက်တာမှတ်လို့ဗျာ၊ ကျုပ်ကို ဝန်ရှင်မော်လို့ခေါ်၊ သူ့ကိုတော့ ဗျပ်စောင်း မားရှည် စာပေသမားလို့ခေါ်၊ အဲဒီလိုဆိုပြီးရောပေါ့'

ဂိုဏ်းချုပ်ကြီးက ခေါင်းခါပြီး အေးအေးဆေးဆေး ပြောလာသည်။

'ဟင့်အင်း. . ကျွန်မ အဲဒီလို မခေါ်ချင်ဘူး၊ တစ်ယောက်ကို ကျို့ကုံးချင်လို့ ခေါ်မယ်၊ တစ်ယောက်ကိုတော့ သူရဲကောင်းမင်းလို့ ခေါ်မယ်'

ဤတွင် ပထမဆုံး အဖမ်းခံခဲ့ရသည့်လူက ခပ်မြန်မြန် လှမ်းပြောသည်၊

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်ကို တျို့ကုံးချွင်လို့ ခေါ်'

'ကောင်းတယ်၊ ဒီအတိုင်း ခေါ်မယ်'

ဂိုဏ်းချုပ်ကြီးက မင်ရင်ကြယ်ကို လှမ်းကြည့်ပြန်သည်။

'ရှင့်ကိုတော့ သူရဲကောင်းမင်၊ မင်ရင်ကြယ်လို့ခေါ်မယ်'

'ကြိုက်သလိုခေါ်၊ နာမည်ကိုတော့ ဘာမှ ပြဿနာမရှိဘူး သူရဲကောင်းကြီးချမ်းလို့ ခေါ်ရင်လည်း ရတာပဲ'

မင်ရင်ကြယ်က ခပ်ဘည်တည်အမူအရာနှင့် ပြန်ပြောသည်။

အကျော်ဝါ မိန်းမပျိုက မင်ရင်ကြယ်ကိုကြည့်ပြီး မျက်မှောင်ကြုတ်သွားသည်။

မင်ရင်ကြယ်က သူမကို အငမ်းမရ အမူအရာနှင့် လိုက်ကြည့်လေသည်။

'အိုး. . . ခင်ဗျားတော်တော်လှတဲ့ မိန်းမပါလား၊ မျက်မှောင်ကြီး ကြုတ်မနေပါနဲ့ဗျာ၊ မျက်မှောင်ကြုတ်ရင် အလှပျက်တယ်ဗျ၊ ဟားဟား. . . ခင်ဗျားတော်တော်လှတယ်ဗျာ'

အကျော်ဝါ မိန်းမပျိုသည် ရှက်သွေးတက်ပြီး မျက်နှာတစ်ပြင်လုံး နီရဲနေတော့သည်။

×××

'ယိလူ'

ဂိုဏ်းချုပ်ကြီး၏ခေါ်သံကြောင့် အကျော်ဝါ မိန်းမပျိုသည် ချက်ချင်း ဣန္ဒြေဆည်လိုက်သည်။



မင်ရင်ကြယ်က ယိလူအမည်ရှိ အကျော်အဝါ မိန်းမပျိုကို ကြည့်ပြီး ထပ်ပြောပြန်သည်။

'ဟုတ်ပြီ၊ ဒီလိုနေမှ ပိုပြီး လှလာတာ၊ ကဲ. . . ဒီထက် လှအောင် ရယ်ပြပါဦးဗျာ၊ သွားလေးတွေ တန်းနေမှ ပိုပြီး ချစ်စရာကောင်းတာဗျ'

အကျော်ဝါမိန်းမပျိုသည် ဒေါသလည်းထွက်၊ ရှက်လည်းရှက်နေပြီ။

ဂိုဏ်းချုပ်ကြီးရှေ့တွင် ဖြစ်နေ၍ ရန်တွေ့ရလည်း အခက်၊ တိုက်ခိုက်ရန်လည်း အခက်ဖြစ်နေသဖြင့် မျက်စိမျက်နှာ ပျက်နေလေတော့သည်။

'ဟဲဟဲ. . . ခင်ဗျားအကျော်နဲ့ ခင်ဗျားအသားကလည်း တော်တော်လိုက်တယ်၊ ပြီးတော့. . . စိတ်ကောင်းရှိပုံလည်းရတယ်၊ လှလည်းလှတယ်၊ စိတ်လည်းကောင်းဆိုတော့ လှစိတ်ကောင်းပေါ့ဗျာ. . . ဟဲ ဟဲ'

'သူရဲကောင်း မင်'

ဂိုဏ်းချုပ်ကြီးအသံ ထွက်လာသည်။

ဤနာမည်သည် ဂိုဏ်းချုပ်ကြီး၏ ပထမဆုံး ခေါ်ဝေါ်လိုက်သည့် နာမည်ဖြစ်သည်။

မင်ရင်ကြယ်သည် ခေါ်သံကိုကြားသော်လည်း မကြားဟန် ပြုနေသည်။

သူ့ကိုခေါ်ခြင်း မဟုတ်ဟန် ပြုနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီး အသံမာလာသည်။

'ဒီမယ် သူရဲကောင်းကြီး မင်'

မင်ရင်ကြွယ်က ဂိုဏ်းချုပ်ကြီးကို လှည့်ကြည့်ပြီး ခပ်ကြောင်ကြောင် မေးသည်။

'ခင်ဗျား. . . ဘယ်သူ့ကို ခေါ်နေတာလဲ၊ ကျုပ်ကိုလား သူ့ကိုလား'

'ရှင် မေ့သွားပြီလား၊ ဟင်းဟင်း. . . ရှင့်ကို ခေါ်တာပဲ၊ မင်ရင်ကြွယ်ဆိုတဲ့ ရှင့်ကို ခေါ်တာလေ'

'ဟုတ်သားပဲ၊ ခုမှ သတိရတယ်၊ ကျုပ်နာမည် မင်ရင်ကြွယ်၊ သူရဲကောင်းကြီး မင်ရင်ကြွယ်'

မင်ရင်ကြွယ်သည် စကားရပ်ပြီး ဂိုဏ်းချုပ်ကြီးကို စိုက်ကြည့်ပြန်သည်။

ထို့နောက်. . .

'နေပါဦး၊ ကျုပ်ကို ဘာဖြစ်လို့ ခေါ်နေတာလဲ'

'ဒီနေရာဟာ ပေါက်ကရ ပြောလို့ ရတဲ့နေရာ မဟုတ်ဘူး'

'ကျုပ်က ဘာပေါက်ကရတွေ ပြောနေလို့လဲ၊ ရင်ထဲရှိတာတွေပြောနေတာဗျ'

'ဩော်. . . ဩော်'

'တကယ်ပါ၊ ကျုပ် ဒီမိန်းကလေးကို နှစ်သက်တယ်ဗျ၊ ဒါကြောင့်မို့ လှတယ်ပြောတာ၊ ဘာလဲ. . . ဒါလေးတောင် မပြောရဘူးလား'



ယိလူ့ခေါ် အဂ်ျီဝါ မိန်းမပျိုသည် အလွန် ရှက်ကြောက်နေဟန်နှင့် ခေါင်းငုံ့ပြီး ငြိမ်နေလေပြီ။

ဂိုဏ်းချုပ်ကြီးကသာ မင်ရင်ကြွယ်ကို စိုက်ကြည့်ပြီး ခပ်တည်တည်ပြောတော့သည်။

'သူရဲကောင်းမင်၊ ရှင် သူ့ကို တကယ်မြတ်နိုးပါသလား'

'မြတ်နိုးပါတယ်၊ အသည်းထဲ အူထဲကကို မြတ်နိုးတာပါ၊ မရှက်တမ်း မေးရရင် ကျုပ်ကို သူနဲ့ သဘောတူပါသလား'

'ရှင် တကယ်မြတ်နိုးချစ်ခင်တယ်ဆိုရင် ကန့်ကွက်စရာ အကြောင်းမရှိပါဘူး၊ သဘောတူပါတယ်'

'ကျုပ် သူ့ကို တကယ်ချစ်ခင်နေတာပါ၊ ဂိုဏ်းချုပ်ကြီးကသာ လိမ်ညာပြီး သဘောမတူပါနဲ့'

'ကျွန်မတစ်သက်မှာ တစ်ခါမှ မလိမ်ခဲ့ဖူးဘူး၊ ညာလည်း မညာဘူး'

ဂိုဏ်းချုပ်ကြီးသည် ယိလူ့ (ခေါ်) အဝါရောင် မိန်းမပျိုကို လှမ်းကြည့်သည်။

ထို့နောက်. . .

အာဏာသံပါပါ ပြောသည်။

'ယိလူ့၊ ညည်းဟာ ခုချိန်တစ်ပြီး သူရဲကောင်းမင်ရဲ့လူဖြစ်ပြီ၊ ဒါ အမိန့်ပဲ၊ ဒါကြောင့် သူ့နောက်ကို တစ်ပါတည်း လိုက်သွားပါ'

ယိလူ့ (ခေါ်) အဝါရောင်ဝတ် မိန်းမပျိုသည် ဘာမှမပြော

www.burmeseclassic.com

www.burmeseclassic.com



ဘဲ ငြိမ်နေသည်။

သူမအနေနှင့် ဂိုဏ်းချုပ်ကြီး၏အမိန့်ကို ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ နာခံရမည်ဖြစ်သဖြင့် လှုပ်ရှားနေသော စိတ်ကိုသာ တည်ငြိမ်အောင် ထိန်းသိမ်းနေရတော့သည်။

ထို့နောက်. . . .

ရပ်နေရာမှ မင်းရင်ကြယ် အနားသို့ တိုးကပ်သွားပြီး ရပ်နေလိုက်တော့သည်။

ဂိုဏ်းချုပ်ကြီးသည် မည်သို့မျှ စိတ်လှုပ်ရှားဟန် မရှိဘဲ သူတို့နှစ်ယောက်ကို ပြုံးကြည့်နေသည်။

မင်းရင်ကြယ်က ဂိုဏ်းချုပ်ကြီးကို အလွန် ကျေးဇူးတင်ဟန်နှင့် လေးလေးစားစား လှမ်းပြောသည်။

'ဂိုဏ်းချုပ်မမကို သိပ်ကျေးဇူးတင်ပါတယ်၊ ကျုပ်ဘာသာ လိုက်ရှာရင် ဒီလို ချောမောလှပတဲ့ မိန်းမမျိုးကို ဘယ်တော့မှ ရမှာ မဟုတ်ဘူး၊ ခုတော့ ဂိုဏ်းချုပ်မမ ကျေးဇူးကြောင့် သိပ်လှတဲ့ မိန်းမချောကို အဖော်အဖြစ် ရခဲ့ပါပြီ၊ ဒါကြောင့် သေရမယ်ဆိုလည်း သေရကျိုးနပ်ပြီလို့ ပြောချင်ပါတယ်၊ ဟဲ ဟဲ'

ဂိုဏ်းချုပ်ကြီးသည် ဘာမှမပြောဘဲ ငြိမ်သက်နေတော့သည်။

မင်းရင်ကြယ်သည် အလွန်သဘောကျနေသည့် ဟန်အမူအရာနှင့် အဝါရောင်ဝတ်ကို ကြည့်တော့သည်။

ထို့နောက်. . . .



'ခင်ဗျားနာမည် ဘယ်သူလဲ'

အဝါရောင်ဝတ် မိန်းမပျိုက အဖြေမပေးပါ။

ဂိုဏ်းချုပ်ကြီးကသာ မိန်းမပျိုကိုယ်စား ဝင်ဖြေသည်။

'ယိလှူ. . .'

ထိုအခါကျမှ အဝါရောင်ဝတ် မိန်းမပျိုက မတိုးမကျယ် ဖြေသည်။

'ကျွန်မနာမည် ဝှမ်ယိလှူပါ၊ ဒီကလူတွေက ယိလှူလို့ ခေါ်တတ်ကြပါတယ်'

မင်းရင်ကြယ် ပြုံးသွားသည်။

'ဝှမ်ယိလှူ-ဝှမ်ယိလှူ၊ တော်တော်လှတဲ့ နာမည်ပဲ၊ နာမည်လှသလို လူလည်းလှတယ် ဟားဟား'

မင်းရင်ကြယ်သည် ရယ်နေရာမှ တည်သွားပြန်သည်။

'ဝှမ်ယိလှူရဲ့ ကိုယ်သင်းနံ့က တော်တော်မွှေးတာပဲ၊ အားရပါးရ မွှေးမွှေးပေးချင်တယ်ဗျာ'

မင်းရင်ကြယ်က ပြောပြောဆိုဆို သူမလက်တစ်ဘက်ကို လှမ်းဆွဲသည်။

ဝှမ်ယိလှူအမည်ခံ အဝါရောင်ဝတ် မိန်းမပျိုသည် တွန့်ခနဲ ဖြစ်သွားပြီး နောက်ဆုတ်သွားသည်။

မင်းရင်ကြယ်သည် သူမလက်ကို ဆွဲကိုင်ခြင်း မပြုနိုင်ခဲ့ချေ။

ထို့ကြောင့် ဂိုဏ်းချုပ်ကြီးကို လှမ်းကြည့်ပြီး မပြော

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

ဝိုဏ်းချုပ်မမကြီး၊ ယိလူ ကျုပ်လူဖြစ်ပြီဆို၊ ခု ဘယ်မှာ ဟုတ်လို့လဲဗျာ'

'ဝိုဏ်းချုပ်ကြီးက. . .

'ဟုတ်ပါတယ်၊ ရှင့်လူမှ မှုင့်လူပဲ'

'ဒါဖြင့် သူက ဘာလို့ နောက်ဆုတ်သွားရတာလဲ၊ ကျုပ်လူ ဆိုရင် ငြိမ်နေရမှာပေါ့ဗျ'

'ဟင်း. . . ဟင်း. . . အာပျိုစင် မိန်းကလေးတစ်ယောက်ရဲ့ မျက်နှာဟာ နွားသားရေလို ဘယ်ထူပါ့မလဲရှင်'

မင်းရင်ကြွယ်သည် ထိတ်လန့်သော အမူအရာ ပြောင်းသွားပြန်သည်။

'အိုး. . . ဟုတ်ပြီ၊ ကျုပ်အပြုအမူတွေ တော်တော်ရိုင်းစိုင်းသွားပြီ၊ တောင်းပန်ပါတယ်၊ တောင်းပန်ပါတယ်'

မင်းရင်ကြွယ်သည် ပြုးကြောင်ကြောင် အမူအရာနှင့် ကုလားထိုင်ပေါ်တွင် ငြိမ်ငြိမ်ကလေး ပြန်ထိုင်နေတော့သည်။

⏩⏪



## အခန်း (၁၁၈)

### အချောဆုံး အလှဆုံး

ဂိုဏ်းချုပ်အမျိုးသမီးကြီးသည် ဟောစီး (စွန်းပုရှောက်) အနားတွင် ရှိနေသော လူကိုစိုက်ကြည့်ပြီး ပြုံးရွှင်စွာ မေးမြန်းသည်။

'သတ္တမသူရဲကောင်း ကျို့ကုံးချင်. . . သူရဲကောင်း[illegible] ခင်တော့ မိန်းမချောတစ်ယောက် ရရှိသွားပါပြီ၊ ရှင်ကော [illegible] သူးလားရှင်'

ကျို့ကုံးချင်အမည် ရရှိသူက ပတ်ဝန်းကျင်ကို လှည့်ကြည့်ပြီး ပြုံးဖြီးဖြီး ပြောလာသည်။

'ကျုပ်နဲ့ လိုက်ဖယ်မယ့်မိန်းမ ရှိသေးလို့လားဗျ'

ဂိုဏ်းချုပ်အမျိုးသမီးကြီးက လှလှပပပြုံးပြီး ဖြေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ရှိပါတယ်ရှင်. . . ရှင်နဲ့ လိုက်ဖက်မယ့် မိန်းမချော၊ မိန်း လှတွေဟာ လက်ချိုးလို့ မရအောင်ကို ရှိနေပါတယ်၊ ကျို့ကုံးချွင်အ အလိုရှိတယ်ဆိုရင် ခုပဲ ခေါ်လိုက်ပါ့မယ်၊ ကျို့ကုံးချွင် ကြိုက် သက်ရာ ရွေးယူနိုင်ပါတယ်'

ကျို့ကုံးချွင်အမည် ရရှိထားသူက ခေါင်းခါပြီးငြင်းသည်၊

'အဲဒီ မိန်းမတွေကို ကျုပ် မလိုချင်ဘူး'

'ဒါဖြင့်ရင် သတ္တမသူရဲကောင်း ကျို့ကုံးချွင် ဘယ်သူ့ အလိုရှိပါသလဲ'

'ရင်ထဲရှိတဲ့အတိုင်း ပြောရရင်တော့ ဒီပတ်ဝန်းကျင် ရှိနေတဲ့ မိန်းမချော၊ မိန်းမလှတွေထဲမှာ ခင်ဗျားသာ အလှဆုံး ကျုပ်ထင်တယ်၊ ထင်တာမဟုတ်ပါဘူးလေ၊ ဒီလောကကြီးထဲ ခင်ဗျားသာ အလှဆုံး အချောဆုံးပါ၊ ဒါကြောင့် ခင်ဗျားကိုပဲ လို ပါတယ်၊ ဟဲ ဟဲ'

ပိုင်စီးနှင့် ဟောစီး (စွန်းပုရှောက်) တို့သည် အလွန်မ မနပ်ဖြစ်သွားပြီး တဟင်းဟင်း လုပ်လာကြသည်။

ဂိုဏ်းချုပ်အမျိုးသမီးကြီးက တုန်လှုပ်ခြင်း မရှိချေ။

'သတ္တမသူရဲကောင်း ကျို့ကုံးချွင်. . . ရှင် ကျွန်မ တကယ် နှစ်သက်မြတ်နိုးပါသလား'

'ဟုတ်ကဲ့. . . တကယ့်ကို နှစ်သက်မြတ်နိုးပါတယ်ခင်ဗျ

'ကျွန်မမှာ ရှင် နှစ်သက်မြတ်နိုးစရာ ဘာများရှိလို့ပါလဲ ကျွန်မဟာ ဖူးသစ်စပန်းလို အလှကြွယ်တဲ့ ဆယ်ရှစ်၊ ဆယ့်



နှစ်ဆယ်အရွယ် မဟုတ်ပါဘူး'

'ကျုပ်အမြင်မှာတော့ ဂိုဏ်းချုပ်ကြီးဟာ ဆယ့်ရှစ်၊ ဆယ့်ကိုး၊ နှစ်ဆယ် အရွယ်တွေထက် အလှကြွယ်သူပါပဲ၊ ခင်ဗျားရဲ့ လှပမှုတွေဟာ မြင်သူတိုင်းကို စွဲမက် ယစ်မူးစေတဲ့ အလှအပ တွေပါပဲ. . .'

'ကောင်းပါပြီရှင်၊ ရှင် တကယ်မြတ်နိုးတယ်ဆိုရင် ကျွန်မ တလည်း ရှင် စိတ်တိုင်းကျအောင် ပြုစုယုယပါ့မယ်ရှင်'

'ဟောစီး'

ဂိုဏ်းချုပ် အမျိုးသမီးကြီးသည် ကျို့ကုံးချွင်အမည်ရသူနှင့် စကားပြောနေရာမှ ဟောစီး စွန်းပုရှောက်ကို လှမ်းခေါ်လိုက်သည်၊

ဟောစီး စွန်းပုရှောက်သည် မသက်မသာ ဖြစ်နေသော မျက်နှာကြီးနှင့်. . .

'မသင့်လျော်တာတွေ မလုပ်ပါနဲ့ ဂိုဏ်းချုပ်ကြီး' ဟု ပြောတော့သည်။

သို့သော် ဂိုဏ်းချုပ် အမျိုးသမီးကြီးက လောကကြီးကို လုံးဝ ဂရုမစိုက်သည့်ဟန်နှင့်. . . .

'ကျွန်မတောင် မမှုတဲ့ကိစ္စကို ရှင်တို့က ဘာမှုနေကြတာလဲ၊ ဒီကိစ္စဟာ မှုလောက်စရာ မဟုတ်ပါဘူး၊ သူ့သွေးကြောတွေကိုသာ ပြန်ပိတ်ထားလိုက်ပါ'

ဟောစီး စွန်းပုရှောက်က ဘာမျှ စောဒက မတက်တော့ဘဲ ကျို့တုံးချွင်အမည်ရထားသူ့ထံ ချဉ်းကပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ကျို့ကုံးချွင်အမည်ရထားသူက သွေးရူးသွေးတန်း ပြောလာသည်။

'ခင်ဗျား. . . ခင်ဗျား ဘာလုပ်တာလဲဗျ၊ ဒီလို. . . ဒီလို'

ဂိုဏ်းချုပ်အမျိုးသမီးကြီးက ကြည်ကြည်လင်လင် ပြုံးပြုံး လှမ်းပြောသည်။

'သတ္တမသူရဲကောင်း ကျို့ကုံးချွင်၊ ကျွန်မဟာ တခြားမိန်းမ ချော မိန်းမလှတွေနဲ့ မတူဘူးရှင့်၊ ဂိုဏ်းချုပ်ကြီးတစ်ယောက်ပါ ဒါကြောင့် ရှင့်ကို တခြားတစ်နေရာကို ပို့ထားဖို့ လိုတယ်၊ ကျွန်မ ပြောတာကို သဘောပေါက်တယ် မဟုတ်လား၊ ဘာလဲ ရှင်ဟာ သူတို့နောက်ကို လိုက်မသွားချင်ဘူးလား'

'သွားချင်ပါတယ်ဗျာ၊ သွားချင်ပါတယ်၊ ကဲ၊ ကျုပ် သွေးကြောတွေကို မြန်မြန်ပိတ်လိုက်ပါ'

ဟေားစီး စွန်းပုရှောက်သည် ဘာစကားမျှ ပြောမနေ တော့ပါ။ ကျို့ကုံးချွင်အမည်ရသူ၏ သွေးကြောများကိုသာ ဖျတ်ခနဲ ဖျတ်ခနဲ ထိုးပိတ်လိုက်တော့သည်။

ကျို့ကုံးချွင်အမည်ရသူသည် မည်သို့မျှ မလှုပ်နိုင်တော့ဘဲ ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ်ကြီး ဖြစ်နေတော့သည်။

ဟေားစီး (စွန်းပုရှောက်) သည် ကျို့ကုံးချွင်အမည်ရသူကို တွဲခေါ်သွားရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် မင်ရင်ကြွယ်က လှမ်းပြောသည်။

'ဟေ့လူ. . ခင်ဗျားဟာ သခင်ကြီးဘေးမှာ အမြဲရှိနေတဲ့



စွန်းပုရှောက် မဟုတ်လားဗျ'

ဟေားစီး (စွန်းပုရှောက်) က မင်ရင်ကြွယ်၏ အမေးကို မဖြေဘဲ ကျို့ကုံးချွင် အမည်ရထားသူကိုသာ တွဲပြီး ခေါ်ထုတ်သွား တော့သည်။

ထိုအချိန်မှာပင် ဂိုဏ်းချုပ်အမျိုးသမီးကြီးက မင်ရင်ကြွယ့် အမေးကို လှမ်းဖြေသည်။

'ဟုတ်တယ် သူရဲကောင်းမင်၊ အဲဒီ စွန်းပုရှောက်ဟာ သတ္တမ သူရဲကောင်း ကျို့ကုံးချွင်ဘေးမှာ အမြဲရှိနေတဲ့လူပါ'

'ဟင်. . . ဒီလိုဆိုရင် သူက ဘာဖြစ်လို့ ဒီကိုရောက်နေ တာလဲ၊ ခင်ဗျားရဲ့ဂိုဏ်းသားလား၊ ဒီနေရာက ဘာနေရာလဲ၊ ဘာဂိုဏ်းနေရာလဲ၊ ခင်ဗျားကကော ဘယ်သူလဲ'

ဝန်ရင်ပေါ်ဟန်ဆောင်နေသည့် မင်ရင်ကြွယ်က သူသိလို သောအရာများကို ဆက်တိုက်မေးသည်။

ဂိုဏ်းချုပ်အမျိုးသမီးကြီးက တဟင်းဟင်းရယ်ပြီး ဖြေလာ သည်။

'ဒီနေရာဟာ ထန်းရှန်းဂိုဏ်း ဌာနချုပ်ပဲ သူရဲကောင်းမင်၊ ထန်းချန်းစန်း တောင်ပေါ်က ဇီးပန်းချောင်ပေါ့၊ ကျွန်မက ထန်းရှန်းဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးပဲ'

'ဒီလိုဆို အံ့ဩစရာပဲ၊ ထန်းချန်းစန်းတောင်ဟာ ယန်ကျို့ နဲ့ တော်တော်ဝေးပါသလား'

'ဝေးပါတယ်၊ တစ်နေရာနဲ့ တစ်နေရာဟာ မိုင်ပေါင်း

www.burmeseclassic.com

www.burmeseclassic.com



များစွာ ကွာခြားနေပါတယ်'

'ဒါဖြင့် ကျုပ်က ဒီကို ဘယ်လိုလုပ်ပြီး ရောက်နေခဲ့တာလဲ'

'ဒါတွေကို ဘာဖြစ်လို့ မေးနေတာလဲ၊ သူ့ရဲကောင်းမင် အနေနဲ့ ဒီအထိမေးနေဖို့ မလိုအပ်ပါဘူး၊ ရှင်ကို အင်မတန်ချော အင်မ တန်လှတဲ့ မိန်းမချောလေးကို ပေးအပ်ထားပြီးပြီပဲ၊ ဒီတော့ မဟုတ်တာတွေကို လေကုန်ခံပြီး မေးနေမယ့်အစား မိန်းမချော လေးနဲ့သာ ပျော်ပျော်ရွှင်ရွှင် ကြည်နူးနေသင့်ပါတယ်၊ ဒီနေရာမှာ ရှင့်စိတ်ကြိုက် လည်ပတ်ခွင့်လည်း ပြုထားပါတယ်၊ ကြာရင် ရှင် ဒီနေရာက ပြန်ချင်မှာတောင် မဟုတ်ပါဘူး၊ ဟင်း ဟင်း'

ဂိုဏ်းချုပ်အမျိုးသမီးကြီး စကားပြောဆို နေရင်းတ တဖြည်းဖြည်း မတ်တပ်ထရပ်သည်။

ထိုနောက် ဝှမ်ယိလူကို လှမ်းကြည့်သည်။

'ယိလူ၊ သူ့ရဲကောင်းမင်ကို ကောင်းကောင်းမွန်မွန် ပြုစု ယုယပါလို့ မှာလိုက်ပါရစေ'

ဂိုဏ်းချုပ်ကြီး၏ မိန့်မှာချက်ကို ဝှမ်ယိလူက ခေါင်းညိတ်ပြီး နာယူသည်။

ဝှမ်ယိလူ၏ အမူအရာသည် ဂိုဏ်းချုပ်ကြီး၏ မိန့်မှာ ချက်ကို မလွှဲသာ မရှောင်သာ၍ နာခံနေရဟန် ပေါ်နေသည်။

ထိုအချိန်မှာပင် ဂိုဏ်းချုပ်ကြီးက ပိုင်စီးကို လှမ်းကြည့်ပြီး 'ပိုင်စီး၊ သွားမယ်' ဟုပြောသည်။

ဂိုဏ်းချုပ် အမျိုးသမီးကြီး လှမ်းထွက်သွားသည်နှင့် ပိုင်စီး



နှင့် အဝါရောင် စည်းကမ်းထိန်းနှစ်ယောက်သည် နောက်ပါးမှ ကပ်ကြပ်မကွာ လိုက်ပါသွားသည်။

ထိုအခါ၌ ဂိုဏ်းချုပ်ကြီး၏ ကိုယ်မှ သင်းပျံ့မွှေးကြိုင်သော ကိုယ်သင်းရနံ့များနှင့် နံ့သာနံ့များ ကျန်ရစ်ခဲ့သည်။

သူတို့အားလုံးသည် ခန်းမဆောင် အတွင်းဘက် တံခါးသို့ ဝင်ရောက် ပျောက်ကွယ်သွားချိန်တွင် ဇာပဝါ ကန့်လန့်ကာလေး သည် တလူးလူး တလွင့်လွင့်ဖြစ်ပြီး ကျန်ရစ်ခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁၉)

## သူမ ဓါရာ

ခန့်ညားထည်ဝါသော ညည့်ခန်းဆောင်ခန်းမကြီးထဲတွင် မင်းရင်ကြယ်နှင့် ဝှမ်ယီလူတို့ နှစ်ယောက်သာ ရှိတော့သည်။

ထိုအခါကျမှ မင်းရင်ကြယ်က မေးသည်။

'ဝှမ်ယီလူ. . . ဟိုလူကြီးဟာ ရွှေချိန်ရိုး မဟုတ်လား'

ဝှမ်ယီလူက အရေးလုပ် မဖြေ။

သူမသည် ဘာကို အလိုမကျ ဖြစ်နေသည်မသိ၊ သုန်သုန်မှုန်မှုန် ဖြစ်နေသည်။

'ကျုပ်ပြောတာကို မကြားဘူးလားဗျ'

မင်းရင်ကြယ်က စိတ်တိုဟန်နှင့် မေးသည်။



'ကြားသားပဲ'

ဝှမ်ယီလူက ဘုကျကျ ဖြေသည်။

မင်းရင်ကြယ်က ဟက်ခနဲ ရယ်ပြီး ထပ်ပြောသည်။

'ကြားရဲ့သားနဲ့ ဘာဖြစ်လို့ မဖြေတာလဲဗျာ'

'ရှင်က ဘာကိစ္စနဲ့ မေးနေတာလဲ'

'သိချင်လို့ပေါ့ဗျာ၊ အဲဒီလူဟာ ရွှေချိန်ရိုး မဟုတ်လား'

'ဟုတ်တော့ကော ဘာဖြစ်လဲ၊ မဟုတ်တော့ကော ဘာဖြစ်လဲ'

'ဟဲဟဲ. . . သခင်ကြီးဘေးမှာ ရှိနေကြတဲ့လူတွေဟာ ဘာဖြစ်လို့ ဒီကို ရောက်နေကြတာလဲ'

'ဒါများ အဆန်းလုပ်လို့၊ နောက်ဆို ဒီထက်ဆန်းတာတွေ ရှင် မြင်ရလိမ့်မယ်'

'တကယ်လား၊ ဒီလိုဆို အံ့သြစရာချည်းပဲပေါ့၊ ကဲ. . . အဲဒါတွေ ဘေးဖယ်ထားပါ၊ ခင်ဗျား ကျုပ်ကို ပြောဆိုဆက်ဆံနေတာတွေဟာ တစ်မျိုးချည်းပဲ၊ အဲဒီလို မဆက်ဆံစမ်းပါနဲ့ဗျာ'

'အိုး. . . ကျွန်မက ရှင့်ကို ဘယ်လိုဆက်ဆံရဦးမှာလဲ ရှင့်'

'ဟိုလိုလေဗျာ. . ခင်ဗျားက ကျုပ်လူ ဖြစ်ပြီဆိုတော့. . .'

'ဘာ. . ကျွန်မက ရှင့်လူ ဟုတ်လား'

'ဟုတ်တယ်လေ၊ ဂိုဏ်းချုပ်ကြီးကတောင် ကျုပ်လူဖြစ်ပြီလို့ ပြောမှပဲ၊ ကျုပ်ကို ကောင်းကောင်းမွန်မွန် ပြုစုယုယပါလို့တောင် မှာသွားသေးတာပဲဟာ'

www.burmeseclassic.com

www.burmeseclassic.com



မင်းရင်ကြွယ်က ပြောပြောဆိုဆို သူမလက်ကို လှမ်းဆွဲပြန်သည်။ ဝှမ်ယိလူက သူ့လက်ကို ဖျတ်ခနဲ ရုပ်ပစ်လိုက်ပြီး. . .

'လက်က ငြိမ်ငြိမ်နေစမ်းပါ၊ ဟိုကိုင် ဒီကိုင် လျှောက်လုပ်မနေနဲ့၊ အချိန်တန်ရင် ကောင်းကောင်းပြုစုမယ်'

'အဟဲ. . . ကျေးဇူးတင်တယ်၊ ကျုပ် ငြိမ်ငြိမ်နေပါ့မယ်ဗျာ၊ အချိန်တန်ရင်သာ. . .'

ဝှမ်ယိလူသည် ရှက်စနိုး အမူအရာနှင့် ပြုံးတုံ့တုံ့လုပ်ပြီး-

'ကဲ. . . ကျွန်မနောက် လိုက်ခဲ့တော့'

ဟုဆိုကာ တစ်ဘက်သို့ လှည့်ပြီး လျှောက်ထွက်သွားတော့သည်။ မင်းရင်ကြွယ်က သူမနောက်သို့ လိုက်ရင်း. . .

ဝှမ်ယိလူက. . .

'ဟိုမေး ဒီမေး လျှောက်မေးမနေနဲ့၊ ရှင့်ကို ဒုက္ခပေးဖို့ ခေါ်လာတာ မဟုတ်ဘူး'

'ကောင်းပါပြီ၊ ကောင်းပါပြီ၊ ကျုပ် ခင်ဗျားပြောစကားနားထောင်ပါ့မယ်'

မင်းရင်ကြွယ်သည် ဘာစကားမျှ မပြောတော့ဘဲ သူမခေါ်ရာနောက်သို့သာ တကောက်ကောက် လိုက်လာခဲ့တော့သည်။

▶▶ ◀◀



## အခန်း (၁၂၀)

## ဝှမ်ယိလူ-သို့မဟုတ်

ဝှမ်ယိလူနှင့် မင်းရင်ကြွယ်တို့သည် ဧည့်ခန်းဆောင်ကြီးထဲမှ ထွက်လာခဲ့ပြီးနောက်တွင် အဆောင်ကြီးနှစ်ဆောင်ကို ဖြတ်ကျော်ခဲ့ကြသည်။

ထို့နောက်တွင်မူ သေသပ်လှပပြီး သပ်သပ်ရပ်ရပ်ရှိသော အဆောက်အအုံတစ်ခု၏ တံခါးပေါက်တစ်ခုသို့ ရောက်ရှိလာခဲ့ကြသည်။

ဤတံခါးပေါက်ရောက်မှ ထူးခြားသော ပန်းသင်းနံ့များကို တဝကြီး ရှူရှိုက်လိုက်ရသည်။

မင်းရင်ကြွယ် ငြိမ်နေစဉ်မှာပင် ဝှမ်ယိလူက အဆောက်

www.burmeseclassic.com

www.burmeseclassic.com



အအုံအတွင်းရှိ အဆောင်ခန်း တံခါးကိုဖွင့်ပြီး အထဲသို့ ဝင်သည်။

ထို့နောက် တံခါးပေါက်ရှေ့တွင် ရပ်နေဆဲရှိသော မင်းရင်ကြယ်ကို 'ဝင်ခဲ့လေ' ဟု မူနွဲ့နွဲ့ပြောသည်။

မင်းရင်ကြယ်က အဆောင်ခန်းထဲသို့ လှမ်းမဝင်သေးဘဲ. .

'ဒါ ဘယ်သူနေတဲ့ နေရာလဲ' ဟု မေးသည်။

ဝှမ်ယိလူက ယဲ့ယဲ့ပြုံးပြီး. . .

'ဒါ ကျွန်မနေတဲ့အဆောင်၊ ကျွန်မနေတဲ့အခန်း၊ ကဲ ဝင်' ဟု ဆိုသည်။

မင်းရင်ကြယ်က တွန့်ဆုတ်ဆုတ် လုပ်နေသည်။

'မဖြစ်ဘူးဗျ၊ ခင်ဗျားက မိန်းမ၊ ကျုပ်က ယောကျာ်း။ ပြီးတော့ တစိမ်းတွေ၊ တစိမ်းမိန်းမနဲ့ တစိမ်းယောကျာ်းဟာ အခန်းထဲမှာ နီးနီးကပ်ကပ် မနေသင့်ဘူးဗျ၊ သင့်လည်း မသင့်တော်ဘူး. . . ဟူး'

မင်းရင်ကြယ်က စိတ်မောဟန်နှင့် သက်ပြင်းမှုတ်ထုတ်သည်။

ဝှမ်ယိလူသည် မျက်နှာတစ်ပြင်လုံး နီရဲသွားပြီး ဘာပြောရမှန်း မသိဇအောင် မွှန်ထူသွားသည်။

'ရှင် ရှင်. . . ဘာတွေပြောနေတာလဲ၊ ရှင်နဲ့ကျွန်မဟာ ရှင်နဲ့ကျွန်မဟာ. . .'

'ဟား ဟား. . ကျုပ် မေ့သွားတယ်ဗျာ၊ ဟုတ်သားပဲ ဟုတ်



သားပဲ၊ ခင်ဗျားဟာ ကျုပ်လူ၊ ကျုပ်ဟာ ခင်ဗျားရဲ့ ဟို. . . အင်း လူ လူ'

မင်းရင်ကြယ်သည် အရှုံးတစ်ယောက်၏ ဟန်မျိုးနှင့် အခန်းထဲသို့ လှမ်းဝင်သွားတော့သည်။

×××

အဆောင်ခန်းထဲရှိ စားပွဲခုံလေးတစ်ခုပေါ်တွင် ဗျပ်စောင်းတစ်လုံး တင်ထားလျက်ရှိသည်။

စားပွဲခုံနှင့်ကပ်လျက် နံရံပေါ်တွင်မူ လှပခန့်ညားသော ဓားရှည်တစ်လက်ကို ချိတ်ဆွဲထားသည်။

ဝှမ်ယိလူသည် အဆောင်ခန်းတံခါးကို သေသေချာချာ ပြန်ပိတ်ပြီးသည်နှင့် မင်းရင်ကြယ်အနီးသို့ လှုပ်လီလှုပ်လဲ့ လျှောက်လာသည်။

မင်းရင်ကြယ်သည် ဝှမ်ယိလူ တံခါးကို အဘယ်ကြောင့် သေသေချာချာ ပိတ်ခဲ့ကြောင်း မသိပါ။

သူစိတ်ဝင်စားနေသည့်အရာကား ဗျပ်စောင်းနှင့် ဓားရှည်ပင်ဖြစ်ပါသည်။

မင်းရင်ကြယ်သည် ဝှမ်ယိလူအနား ရောက်လာသည်နှင့်. .

'ဒါ ဘာအခန်းလဲ၊ စာဖတ်ခန်းလား ဝှမ်ယိလူ'

'ဟုတ်ပါတယ်၊ စာဖတ်ခန်းပါ။ ဘာလဲ ရှင်က ရှင့်ကို ကျွန်မအခန်းထဲ ခေါ်လာတယ် ထင်နေသလား'

www.burmeseclassic.com

www.burmeseclassic.com



မင်ရင်ကြယ်သည် ဝှမ်ယိလူ၏စကားကြောင့် အူကြောင်ကြောင် ဖြစ်နေတော့သည်။

ဤ မိန်းချောသည် လိမ်ပြောတတ်သော မိန်းမချောပေတကား။

မင်ရင်ကြယ်သည် ဘာစကားမှ ထပ်မပြောတော့ဘဲ မားရှည်ချိတ်ထားသည့် နံရံအထက်တွင် ထူးခြားသော တံခါးရွက်နှစ်ခုကို သတိပြုမိလာသည်။

ထိုတံခါးရွက် နှစ်ခုသည် သေသပ်စွာ ပြုလုပ်ပြီး တင်းတင်းကျပ်ကျပ်ကြီး ပိတ်ထားသည့် တံခါးရွက်နှစ်ခု ဖြစ်နေသည်။

မင်ရင်ကြယ်သည် တံခါးရွက်နှစ်ခုကို စိုက်ကြည့်နေရင်းတအောင့်ပြီးမနေနိုင်သဖြင့် ဝှမ်ယိလူကို မေးတော့သည်။

'ဝှမ်ယိလူ၊ ဟိုနံရံက သစ်သားကွက်ဟာ ဘာလဲဗျ၊ တံခါးလား၊ အခန်းလား၊ ဘာလဲ'

'အိုး. . . တောင်မေးမြောက်မေးနဲ့၊ အဲဒါ ရှင့်အလုပ်မဟုတ်ပါဘူး၊ ကုလားထိုင်မှာ အေးအေးဆေးဆေး ထိုင်နေစမ်းပါ'

'ဘာတွေများ လျှို့ဝှက်ထားသလဲဆိုတာ သိချင်လို့ပါဗျာ၊ ကျုပ် ကြည့်ပါရစေလား၊ အခန်းဆိုလည်း ဝင်ကြည့်ချင်တယ်ဗျာ'

'အို. . . မဖြစ်ဘူးရှင့် မဖြစ်ဘူး၊ ကြည့်လည်းမကြည့်ရဘူး ဝင်လည်း မဝင်ရဘူး'

'ဘာဖြစ်လို့လဲဗျ'

'ဘာမှမဖြစ်ဘူး၊ ကြည့်လို့မဖြစ်လို့ မကြည့်နဲ့လို့ ပြောနေတာ'



'ဟဲ ဟဲ. . . မဟုတ်မှ လွဲရော၊ အဲဒါ ခင်ဗျားရဲ့ အခန်းဒါမှ မဟုတ် အိပ်ခန်းဖြစ်မယ်၊ ဒါကြောင့် မကြည့်ရဘူး၊ မဝင်ရဘူး ပြောတာ၊ ဟုတ်တယ်မဟုတ်လား၊ ကျုပ်ကလည်း အဲဒီ အိပ်ခန်းထဲကို ဝင်ပါဆိုလည်း မဝင်ပါဘူးဗျာ၊ ဟဲ ဟဲ'

မင်ရင်ကြယ်သည် ပြောရင်းဆိုရင်း စာရေးစာဖတ် လုပ်သည့် စားပွဲခုံကြီးတစ်ခုရှိရာ လျှောက်သွားသည်။

ထိုနေရာတွင် စာအုပ်စင်နှင့် စာအုပ်များ အစီအရီ ရှိနေပေသည်။

မင်ရင်ကြယ်သည် စားပွဲခုံနားတွင် ချထားသော ထိုင်ခုံတွင် ဝင်ထိုင်လိုက်ပြီးသည်နှင့် စားပွဲပေါ်တွင် အသင့်ရှိနေသော ကလောင်တံခုံပေါ်မှ ကလောင်တံကို ကောက်ယူလိုက်သည်။

ထို့နောက် အသင့်ရှိနေသော စာရွက်ထပ်ထဲမှ စာရွက်တစ်ရွက်ကိုပါ ကောက်ယူလိုက်သည်။

ဝှမ်ယိလူသည် မင်ရင်ကြယ် လုပ်နေပုံကို မကျေနပ်ဟန်နှင့် လှမ်းကြည့်နေသည်။

ထို့နောက် သူ့ဘေးတွင် အေးအေးဆေးဆေး မတ်တပ်ရပ်နေလိုက်သည်။

မင်ရင်ကြယ်သည် စာရေးရန် ဟန်ပြင်နေရာမှ စာရေးစားပွဲရှေ့ရှိ ပြတင်းပေါက်ကို ကျော်ပြီး လှမ်းကြည့်သည်။

ထို့နောက် ဝှမ်ယိလူကို မော်ကြည့်ပြီး ပြောပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဝှမ်ယိလူ. . ခင်ဗျားလည်း ပန်းကြိုက်တယ်လား'

'မိန်းမတိုင်း ပန်းကြိုက်တဲ့ သဘာဝ ရှိပါတယ်၊ ကျွန်မက တော့ မေဝှား (ဆီးပွန်း) ကိုပိုပြီး မြတ်နိုးတယ်၊ ပြတင်းပေါက် အပြင်ကို ကြည့်လိုက်ပါလား၊ ဆီးပန်းပင်တွေ အများကြီး ရှိနေတယ်'

'တွေ့ပါတယ်၊ ကျုပ် ကြည့်ပြီးပါပြီ၊ ဒါကြောင့် ဆီးပန်း အကြောင်း ကဗျာဖွဲ့မလို့ ပြင်နေတာ၊ လက်တွေ့ကျတဲ့ အနုပညာ ခံစားမှုပေါ့ဗျာ ဟဲဟဲ'

မင်းရင်ကြယ်သည် ဝှမ်ယိလူကို ဝရစိုက်ခြင်း မရှိတော့ဘဲ ပြတင်းပေါက်အပြင်ကို ငေးလိုက်၊ မျက်မှောင်ကြုတ်ပြီး တွေးလိုက် စာလုံးကလေးများကို ရေးလိုက်နှင့် တစ်ယောက်တည်း အလုပ်ရှုပ် နေလေတော့သည်။

▶▶ ◀◀



## အခန်း (၁၂)

## သိုင်းသမားရဲ့ ရင်ထဲက ကဗျာ

သိုင်းသမားနှင့် ဆီးပန်းပွင့်

မဟာသမုဒ္ဒရာ၊ မာယာထွေပြား
သိုင်းသမားလောက၊ သွေးပွက်ထ၏၊
လောကအလှ ဘယ်မှာနည်း။
မေးလိုက်ချင်၏
တရားမှု၏၊ ပုမ္မဒုက္ခ
လှလှခံစား၊ သေရဲသလား။
သူရဲကောင်းဆိုတာ၊ အမှန်တရား၊ ဆုပ်ကိုင်ထား၏

www.burmeseclassic.com



သေရဲ၊ ယှဉ်ရဲ၊ အသည်းရဲသည်
ထိမထင်သူ သူရဲကောင်း။
သူရဲကောင်းဆိုတာ
တရားမှု၏ လူထုကိုယ်စားလှယ်
သိုင်းနယ်ပယ်မှာ၊ ဂုဏ်ထည်ကျော်ကြား
မလိုလားသူ။

✣ နှင်းမြူ-နှင်းခဲ၊ ရေခဲကျောက်တုံး
အသည်းဖုံးအုပ်၊ လုံးလုံးမရှိ
နောက်မတွန့်သူ။

✣ သူရဲကောင်းအချစ်၊ မေတ္တာစစ်ပါ
စွဲနှစ်လှိုက်မော ဆီးပန်းတောမှာ
ဒေဝီချောလေး၊ နုထွေးဖူးပွင့်
လှမာန်ဝင့်၏၊ ဂုဏ်တင့်ဘိ။

✣ အို. . . ရင်နင့်တမ်းတ၊ အိပ်မက်ညတိုင်း
ရင်လှိုင်းလှုပ်ခတ်၊ သည်းအူပြတ်ကြွေ
ခံနိုင်ပေ၏။ ဘဝတာဝန် ယူနေမြဲ။

✣ နေလို လလို၊ နုပျိုရွှန်းသစ်
ဆီးပန်းပွင့်လေး၊ စွန့်ခွာပြေးလည်း
ရင်ထဲစူးနစ်၊ ချစ်မြဲချစ်သည်
ယန်ကျိုးအချစ်၊ ဟောင်းမညစ်ပါ
တွက်စစ်နှစ်ဆယ့်လေး၊ ကျောက်တံတားလေးရဲ့ သံ...



မေ့မပစ်နိုင်၊ သစ်မြဲသစ်နေ
လန်းဆန်းနေဆဲ။

✣ အို. . . .
နှင်းပဝါသိုင်းခြုံ၊ ရိပ်မြုံဆီးပန်း
လန်းဆန်းဝေဆာ၊ ဝေဒနာမြစ်
လက်ပစ်ကူးသွား၊ ခက်ခဲကြားမှ. . .။
အမှန်တရား၊ အချစ်တရား
သစ္စာရှေ့ထား၊ မေတ္တာထားသူ
ကြည်ဖြူနူးညွတ်၊ ဆွတ်ချူယူငင်
ခြောက်ပစ်စင်နှင့်၊ ဗျပ်စောင်းဆိုတီး
ချစ်ခရီးတွင်၊ ဆီးပန်းလှိုင်ကြူသင်းစေသတည်း။
ဆီးပွင့်ဝေလှိုင်-မြိုင်စေသတည်း။

× × ×

မင်ရင်ကြယ်သည် ကဗျာရေးဖွဲ့ပြီးသည်နှင့် ဝှမ်ယိလူကို ...ှုညို့ကြည့်သည်။

ဝှမ်ယိလူသည် မင်ရင်ကြယ် ကဗျာရေးပြီးသည်နှင့် သူမ ...ည်း ဖတ်ပြီးနေလေပြီ။

မင်ရင်ကြယ်က. . .

'ဝှမ်ယိလူ၊ ကျုပ်ကဗျာကို သဘောကျရဲ့လား'

'ဟင်းဟင်း. . . ရှင်လည်း ဆီးပန်းခံစားချက် ရှိသူ

www.burmeseclassic.com



ပါလား'

'ခင်ဗျားနဲ့ ကျုပ်ဟာ ဝါသနာတူသူတွေ ဖြစ်နေပြီ ထင်တယ်'

'ရှင့်စကားက ယုံရခက်တဲ့စကားတွေပဲ'

'အို . . . လူဆိုတာ ဝါသနာကိုယ်စီ ရှိကြတာချည်းပါပဲ ကျုပ်မှာ လိမ်ညာစရာအကြောင်း မရှိပါဘူး'

'ရှင့်စကားတွေက ရှင့်ကဗျာလိုပါပဲရှင်'

'ကျုပ် ဘာများ မှားနေလို့လဲ ဝှမ်ယိလူ'

'ရှင်ဟာ ရူးသွပ်နေတဲ့ လူတစ်ယောက်ပါ၊ ဒါပေမယ့် . . .

'ဟား ဟား . . . အရူးမှာလည်း အသည်းနှလုံး ရှိပါတယ်ဗျာ၊ ရူးနေတဲ့လူဟာ တစ်ခါတရံတော့ စိတ်ကောင်း ဝင်လာတတ်စမြဲပါ၊ အရူးတွေရဲ့ သိမြင်ခံစားမှုဟာ တစ်ခါတစ်ခါ လူကောင်းတွေထက် ထက်မြက်နက်ရှိုင်းလေ့ ရှိတတ်ပါတယ်'

'ဟုတ်ရဲ့လား ရှင် . . . ဟင်း ဟင်း'

'ဟုတ်ပါတယ်ဗျ၊ မယုံရင် ကျုပ်ရင်ထဲ ဝင်ကြည့်လေဗျာ'

'အို . . . ရှင် ဘာတွေ ပြောနေတာလဲ၊ ဒီမယ် ကျွန်မ မေးပါရစေ၊ ရှင်က ရှင့်ကိုယ်ရှင် ဗျပ်စောင်း မားရှည်စာပေသမားလို့ ဝန်ခံသေးလို့လား'

'အို . . . ကျုပ်ပြောတာကို ခင်ဗျား မကြားခဲ့ဘူးလား၊ ကျုပ် ဝန်ရင်မော်လေဗျာ၊ ဘာလဲ ကျုပ်ကို ဝန်ရင်မော် မဟုတ်ဘူးလို့ ထင်နေသလား'



'ဟင်း . . . ဟင်း . . . ဒီဆိုလည်း မထင်ခဲ့ပါဘူးရှင်"

'ဒီလိုမှပေါ့ကွဲ . . . ကျုပ် ထပ်ပြီး ပြောဦးမယ်၊ ကျုပ်ဟာ ဝန်ရင်မော်၊ ဝန်ရင်မော်မှ နောက်ပေါ် ဝန်ရင်မော် မဟုတ်ဘူး၊ ပါတ်တစ် ဝန်ရင်မော်၊ သေချာအောင် ပြောရရင် သိုင်းပညာ အဓိပတိ ဝန်ရင်မော်၊ မှတ်မိပြီလား'

"ဟင်း . . . ဟင်း . . . ကျွန်မသိထားတဲ့ ဝန်ရင်မော်ဟာ သိုင်းလောကနဲ့ ပတ်သက်တဲ့ ပညာရပ်တွေမှာ အင်မတန် ထူးချွန်တဲ့လူပဲ၊ စာပေရေးရာမှာလည်း အတော် နှံ့စပ်တယ်၊ ဂီတပညာမှာလည်း တော်တယ်၊ သူအပိုင်ဆုံး ပညာကတော့ ဓားရှည် သိုင်းပညာနဲ့ ဗျပ်စောင်းပညာပဲ"

မင်ရင်ကြယ်က ခေါင်းတညိတ်ညိတ် လုပ်သည်။

'ခင်ဗျားပြောတာ အားလုံးမှန်တယ်၊ ဝှမ်ယိလူဟာ ဝန်ရင်မော်အကြောင်းကို အတော်သိနေတာပဲ၊ အံ့ပါ့ . . . အံ့ပါ၊ နာမည်ကျော် လူချောလူလှတစ်ယောက်ကို မိန်းကလေးတွေ သိနေတာ ဆန်းတော့ မဆန်းပါဘူးလေ၊ ဟဲဟဲ . . . ကျေးဇူးတင်ပါတယ်၊ ကျုပ်ကို ခုလို ချီးကျူးတာကို ကျေးဇူးတင်လို့ မဆုံးဘူး၊ ဒါပေမယ့် ကျုပ်မှာ အရူးရောဂါ ရှိနေတယ်ဗျ၊ အဲဒီရောဂါ ထလာရင် ကျုပ် ဘာမှမသိတော့ဘူး၊ ဒီရောဂါကြောင့်လည်း ကျုပ်ရဲ့ သိုင်းစွမ်းရည်တွေ ပျက်ပြယ်ကုန်ခဲ့ပါပြီဗျာ၊ ဒါကြောင့်လည်း ကျုပ်မှာ ကြက်တစ်ကောင်ကိုတောင် ဖမ်းနိုင်တဲ့ စွမ်းရည်တောင် မရှိတော့ပါဘူး၊ အဲ ဗျပ်စောင်းတော့ တီးနိုင်ပါသေးတယ်၊ အဲ . . . ဟိုဗျပ်စောင်းကို ယူ

www.burmeseclassic.com

www.burmeseclassic.com



ပေးပါလားဗျာ၊ တီးခေါက်ကြည့်ချင်လို့ပါ'

'မတီးပါနဲ့ရှင်. . . မတီးပါနဲ့၊ တီးပြဖို့လည်း မလိုသေးပါဘူး'

မင်ရင်ကြွယ်သည် တဒင်္ဂ ငေးငိုင်သွားသည်။

အတန်ကြာမှ. . .

'ဘာဖြစ်လို့လဲဗျာ၊ ကျုပ်က ခင်ဗျားကို သက်သေပြချင်လို့ပါဗျာ၊ ဘာလဲ. . ခင်ဗျာ စိုးရိမ်နေတယ်လား၊ ဘာတွေ တွေးပြီး စိုးရိမ်နေတာလဲ"

'ကျွန်မ စိုးရိမ်နေတာက. . '

'ဘာလဲ. . . ပြောပါ မိန်းကလေး'

'အို. . . ကျွန်မ ဘာမှ မစိုးရိမ်ပါဘူး'

'အယ်. . ဒါဖြင့် မိန်းကလေးက ကျုပ်ကို ဝန်ရင်မော်လို့ ယုံပြီလား'

'နေပါဦး. . . ရူးနေတဲ့ လူက ဘာဖြစ်လို့ လုံးလုံးလျားလျား သတိကောင်းလာရတာလဲ'

'ကျုပ်သတိကောင်းလာပြီ ဟုတ်လား၊ ဒီလိုဆိုရင် ဝမ်းသာစရာပဲ၊ ကျုပ် တကယ် သတိကောင်းလာပြီလားဗျာ'

'ဒါတော ရှင့်ကိုယ်ရှင် အသိဆုံးပေါ့ရှင်'

မင်ရင်ကြွယ်သည် ပြတင်းပေါက် အပြင်ဘက်ကို ကြည့်နေပြန်သည်။

အတန်ကြာအောင် ငိုင်ဘွေနေပြီးမှ ဆီးပန်းပင်များကို

www.burmeseclassic.com



လက်ညှိုးထိုးပြသည်။

'ဟား. . . ဟား. . ဆီးပန်းတွေ၊ ဆီးရွက်ဖတွေ၊ ဆီးပန်းတွေ၊ ဟား. . . ဟား. . . ဆီးပန်းပင်ကလေးတွေရယ်၊ သိပ်လှတဲ့ မိန်းမချောလေးရယ်၊ ပြီးတော့. . . ပြီးတော့. . သိပ်. . . သိပ်. . .'

'တော်. . . ရှင် ထင်ရာမြင်ရာ လျှောက်ပြောမနေနဲ့'

ဝှမ်ယိလူက ဒေါသသံနှင့် ငေါက်သည်။

မင်ရင်ကြွယ်က ဇက်ပုပြီး ပါးစပ်ဖြဲပြသည်။

'ဘာဖြစ်လို့လဲဗျာ။ ကျုပ်က ကျုပ်ရင်ထဲက အသည်းနှလုံးထဲက သွေးကြောမျှင်ကလေးတွေထဲက ပေါ်ထွက်လာတဲ့ စကားတွေကို ပြော-ပြောနေတာပါဗျာ'

ဝှမ်ယိလူသည် နှုတ်ခမ်းတလှုပ်လှုပ် ဖြစ်နေရာမှ မျက်ခုံးနှစ်ဖက် မြင့်တက်သွားပြန်သည်။

'ရှင်ဟာ. . .'

'ဘာလဲ မိန်းကလေး၊ ပြောပါ. . . ပြောပါ'

မင်ရင်ကြွယ်သည် ငိုင်နေသော ဝှမ်ယိလူကို ကြည့်နေရာမှ စားပွဲပေါ်မှ ကဗျာစာရွက်ကလေးပေါ် လက်ထောက်လိုက်သည်။

ဝှမ်ယိလူက ထိုကဗျာစာတန်းကို အမှတ်မဲ့ ဖတ်လိုက်သည်။

'သူ့ရဲကောင်းအချစ် မေတ္တာစစ်၏၊
စွဲနှစ်လှိုက်မော၊ ဆီးပန်းတော၌မှ၊
ဒေဝီချောလေး နုထွေးဖူးပွင့်၊

www.burmeseclassic.com



လှမာန်ဝင့်၏ ဂုဏ်တင့်၏'

ထိုစဉ် မင်ရယ်ကြယ်အသံ ထွက်လာသည်။

'ဆီးပန်းနဲ့ မိန်းကချောလေးဟာ ထပ်တူထပ်မျှပါပဲ၊ နှင်းပွင့်နှင်းခဲတွေကြားထဲက ဆီးပန်းတွေဟာ သင်းမြချိုအေးနေပါတယ်၊ ဒီအတိုင်းပါပဲ၊ ဒီအတိုင်းပါပဲ'

ဝှမ်ယီလူ၏ ပါးပြင်တွင် ရှက်သွေးများ ဖြန်းသွားသည်။

ဖွေးနုနေသောမျက်နှာသည် ပန်းရောင်သမ်းပြီး နီလာ၏။

'ဘာတွေ ပြောနေတာလဲရှင်'

'ရင်ထဲကစကားတွေပါဗျာ'

'ရှင် သတိရနေတာတွေဟာ ဘာကြောင့်ပါလဲရှင်'

'ဝှမ်ယီလူဟာ တော်တော် အကင်းပါးတဲ့ မိန်းကလေးပဲ၊ မိန်းကလေးရဲ့ ဉာဏ်ထက်မှုကို ကျုပ်လေးစားသွားပြီ'

'တိုက်ပဲ တိုက်ဆိုင်တတ်ပလေရှင်၊ ဒီလိုတိုက်ဆိုင်တတ်တဲ့ အဖြစ်မျိုး၊ ရှိမယ်တောင် မထင်ဘူး၊ ဟင်း ဟင်း'

'အမှန်ပြောရရင် ခင်ဗျားနဲ့သာ မတွေ့ဆုံခဲ့ရင် ကျုပ် ခုလို သတိကောင်းလာမှာ မဟုတ်ပါဘူး၊ အရင်ကလိုပဲ ရူးနေဦးမှာပါပဲ'

ဝှမ်ယီလူသည် ရင်တထိတ်ထိတ် ခုန်နေတော့သည်။

'နေပါဦးရှင်၊ ရှင် ဟန်ဆောင်နေတာ မဟုတ်လားရှင့်'

'အိုး. . . ကျုပ်က ဘာကို ဟန်ဆောင်ရမှာလဲဗျ၊ ကျုပ် ရူးတာ နှစ်တော်တော်ကြာပြီဗျ၊ သမားတော်တွေ ဆေးဆရာတွေလည်း စုံပြီ၊ အားလုံး လက်လျှော့သွားကြတာချည်းပဲ၊ ခုတော့ ကျုပ်

❀



သတိကောင်းလာပြီ၊ ဒါ ကံတရားပဲ၊ ကျုပ်က ဘာဖြစ်လို့ ဘာကို လိမ်ပြောနေရမှာလဲဗျာ၊ လိမ်တယ်၊ ညာတယ်ဆိုတာ အောက်တန်းကျတဲ့ အလုပ်ပါ'

'ဒီလိုဆိုရင် ရှင်ဟာ အယောင်ဆောင် ဝန်ရင်မော်မဟုတ်ဘဲ တကယ့်ဝန်ရင်မော်လို့ ဝန်ခံတာပေါ့ ဟုတ်လား'

'အို. . . ဘယ်က ဟန်ဆောင် ဝန်ရင်မော်လဲ၊ ကျုပ်က ဘာဖြစ်လို့ ဝန်ရင်မော် ဟန်ဆောင်ရဦးမှာလဲ၊ ခက်ပါ့ဗျာ၊ ကျုပ်ဟာ ခုလ အစကတည်းက ဝန်ရင်မော်ပါဗျာ၊ ရေမရောတဲ့ ဝန်ရင်မော်အစစ်ပါ၊ ခင်ဗျားမေးတာနဲ့ ကျုပ် ပြန်ရူးချင်နေပြီ'

'ဒီလိုဆိုရင် သူ့ရဲကောင်းကြီး လိန်ကူးချီက. . .'

'သူက ကျုပ်ကို ဝန်ရင်မော်အစစ်လို့ ဟောပြောခဲ့ရင် သူ့ကို မြန်မြန်ခါန်ဆန် သတ်ပစ်မှာ စိုးလို့ပေါ့ဗျာ'

ဝှမ်ယီလူသည် ယခုမှ မျက်လုံးပိုပြူးလာတော့သည်။

'ဒါဖြင့်ရင် ကျန်တဲ့ ဝန်ရင်မော်ဆိုတဲ့လူကကော'

'သတ္တမသူရဲကောင်း ကျိုကုံးချွင်လို့ ကျုပ် ထင်တယ်'

'ဟုတ်လား နေပါဦး၊ သူက ဒီလိုဟန်ဆောင်ပြီး လျှို့ဝှက် ဝင်လာရအောင် ဆီးပန်းချောင်နဲ့ သူနဲ့ ဘာဆိုင်လို့လဲ'

'ရှင်းပါတယ်၊ သူ့လျှို့ဝှက်ချက်တွေကို ခင်ဗျားတို့ရဲ့ ဦးကြီးချုပ်ကြီး ဖော်ထုတ်ဖွင့်ချခဲ့လို့ပေါ့'

'အို. . . ဒါဖြင့် သူက ဒီကို လက်တုံ့ပြန်ရအောင် ဝင်လာတာပေါ့ ဟုတ်လား'

❀

www.burmeseclassic.com

www.burmeseclassic.com



'မေးစရာ လိုသေးလို့လားဗျာ၊ သူလာတာဟာ ဆီးပန်းချောင်က ဆီးပန်းတွေကို အလှလာကြည့်တာ ဖြစ်နိုင်ပါ့မလား'

'သဘောပေါက်ပါပြီရှင်၊ ဒီလိုဆိုရင် ဂိုဏ်းချုပ်ကြီးဆီကို သတင်းသွားပို့ပေးပါ့မယ်'

'မလိုပါဘူး၊ ခင်ဗျားတို့ရဲ့ ဂိုဏ်းချုပ်ကြီးဟာ ခေတ့်သူမှ မဟုတ်ဘဲ'

ဝှမ်ယိလုသည် မည်သို့မျှ ဇောဒကမတက်ဘဲ တွေဝေငေးငိုင်သွားတော့သည်။

သူမ၏ စိတ်နှလုံးသည် လှိုင်းထနေသော ရေပြင်လို လှုပ်ရှားနေသည်။

မျက်လုံးထဲတွင် ရင်ခုန်ဖွယ်ကောင်းသော ပုံရိပ်များကို မြင်နေရသည်။

အဖြစ်အပျက်များသည် စိတ်ဝင်စားဖွယ်ကောင်းသလောက် ရင်ခုန်ဖွယ်ကောင်းလှချေသည်တကား။

▶▶ ◀◀



## အခန်း (၁၂၂)

## စကားဝက်ပါ

ဝှမ်ယိလုသည် အချိန်အတော်ကြာအောင် စဉ်းစားလိုက်ပြီးမှ စကားပြန်စသည်။

'နေပါဦး ဂိုဏ်းချုပ်ကြီးက ဒီလူ့ကို ကျိုးကုံးချွင်မှန်း သိနေသလား'

'သေချာမှု မရှိပါဘူး၊ ကျုပ်လည်း ဇဝေဇဝါ၊ သူလည်း ဇဝေ ဇဝါပဲ၊ တစ်ခုတော့ ရှိတယ်၊ ခင်ဗျားတို့ ဂိုဏ်းချုပ်ကြီးက ကျုပ်နဲ့ ကျိုးကုံးချွင်ကို သိပ်သတိထားနေတယ်'

'အင်း. . . တကယ်တော့ သူရဲကောင်းမင်ဟာ ဆီးပန်းချောင်းကို မလာသင့်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်က ကျုပ်စိတ်ကူးနဲ့ ကျုပ်ဘာသာ လာခဲ့တာပါ'

'ဆီးပန်းချောင်ဟာ သံတံတိုင်းကြီးတွေ၊ ကြေးတံတိုင်းကြီးတွေနဲ့ ဝိုင်းရံထားတဲ့ နေရာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် သူရဲကောင်းမင်းမှာ တော်ဝင်ပံပါလို့ ပျံပြေးတောင် မရဘူး'

'ဝှမ်ယိလူက ဘာဖြစ်လို့ ဒီလိုစကားတွေ ပြောနေတာလဲ'

'ပုဂ္ဂိုလ်ရေးအရ ပြောရရင် သူရဲကောင်းမင်း ဒီနေရာက အခွင့်အရေးရတုန်း အမြန်ထွက်ခွာသွားစေချင်တယ်၊ တာဝန်အရကတော့ ကျွန်မအနေနဲ့ ဂိုဏ်းချုပ်ကြီးဆီကို အမြန်ဆုံး အကြောင်းကြားရလိမ့်မယ်'

'ကျုပ် မစဉ်းစားတတ်လို့ ရှင်းပြစမ်းပါဦး ဝှမ်ယိလူ'

'ကျွန်မနဲ့ ဂဠုန်လေးကောင်ဟာ ရင်းနှီးသူတွေ မဟုတ်ဘူး၊ ကျွန်မနဲ့ရင်းနှီးတာဟာ မမရှန်းတစ်ယောက်ပဲ ရှိတယ်'

'ခင်ဗျားနဲ့ သူနဲ့ ရင်းနှီးတာနဲ့ ကျုပ်နဲ့ ဘာဆိုင်သလဲ'

'ဆိုင် မဆိုင်တော့ ကျွန်မ မသိဘူး၊ ကျွန်မ သိတာကတော့ မမရှန်းဟာ ဆီးပန်းနဲ့ တူတယ်၊ အေးစက်စက် နိုင်သလောက် သိပ်ချောသိပ်လှတယ်၊ ဖြူစင်သန့်ရှင်းတဲ့ စိတ်နှလုံးလည်း ရှိတယ်၊ မာနလည်း ကြီးတယ်၊ နောက်တစ်ခုက ရှင့်ကို အစဉ်တစိုက် မေတ္တာရှိနေတယ်'

'အဲဒါ သိပ်ထူးဆန်းတယ်၊ ကျုပ်က သူ့ကို တစ်ခါမှ မမြင်ဖူးဘူး၊ ကျုပ်ကို 'နောက်မနေစမ်းပါနဲ့ဗျာ'

'မေတ္တာတရားဆိုတာ နှလုံးသားထဲက ပေါက်ဖွားလာတာပါ၊ တွေ့တွေ့ဆိုင်ဆိုင် တွေ့ဖူး မြင်ဖူးဖို့ မလိုပါဘူး'

'ထားပါလေ၊ ဒါပေမယ့် ဗျပ်စောင်းမားရှည် စာပေသမား ဝန်ရင်မော်ဟာ ရူးသွပ်နေတဲ့ လူတစ်ယောက်ပါ၊ ရူးနေတာတောင်မှ သူက ချစ်နေသေးသတဲ့လား'

'ချစ်ခြင်းမေတ္တာဆိုတာ ရူးတာ မရူးတာနဲ့ မဆိုင်ပါဘူး၊ ကျွန်မ ဒီအတိုင်း မြင်ထားပါတယ်'

'ဩော်. . . ခင်ဗျားပြောတဲ့ ပုဂ္ဂိုလ်ရေးအရဆိုတာ ဒါလား'

'ဟုတ်ပါတယ်'

'ပြည့်စုံမှု မရှိတဲ့ ပုဂ္ဂိုလ်ရေးပါဗျာ'

မင်ရင်ကြယ်က ခံစားမှု မရှိလေဟန်နှင့် ရယ်ကျဲကျဲ ပြောလိုက်သည်။

ဝှမ်ယိလူက စိတ်မော်စွာ သက်ပြင်းချသည်။

'အမှန်ပြောရရင်တော့ ဝန်ရင်မော်ဆိုပြီး ရောက်လာကြတဲ့ လူနှစ်ယောက်ဟာ ကျို့ကုံးချွင်လည်း မဖြစ်ပါစေနဲ့၊ ဝန်ရင်မော်အစစ်လည်း မဖြစ်ပါစေနဲ့၊ မင်ရင်ကြယ်သာ ဖြစ်ပါစေလို့ ဆုတောင်းနေမိပါတယ်ရှင်'

'ဘယ်လိုပြောလိုက်တာလဲ မိန်းကလေး'

'ကျို့ကုံးချွင်ဟာ အစွမ်းထက်သူ ဖြစ်ပေမယ့် နေရာတကာ မစွက်ဖက်တတ်ဘူးရှင့်၊ မင်ရင်ကြယ်ကတော့ နေရာတကာ ဝင်စွက်တတ်တယ်၊ ဒါကြောင့် အခက်ကြုံမှာစိုးလို့၊ သူဝင်စွက်ရင် သူ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်သူ လွတ်အောင်ရှန်းဖို့ မလွယ်ဘူး၊ အဲဒါကို စိုးရိမ်လို့ သိလား'

ဝှမ်ယိလူ၏စကားသည် အဓိပ္ပာယ်ထွေပြားသည်။

စကားပြောလည်သလောက် ပါးနပ်သည်။

သူ့စကားက ရှင်းမလိုလိုနှင့် ရှုပ်သည်။

မင်ရင်ကြယ်သည် သတိထားပြီး ပြောနေရသည်။

'ဝှမ်ယိလူ မင်ရင်ကြယ်ဟာ သူ အောင်မြင်အောင် မစွတ်ဖက်နိုင်တဲ့ကိစ္စတွေ ရှိနေလို့လား'

'ဒါတော့ ကျွန်မ မပြောတတ်ဘူး၊ ရှင်ကတော့ သူရဲကောင်း မင် အမည်ရထားပေမယ့် ကြက်ဖတစ်ကောင်ကို ထောင်ပိုင်ပိုင်နိုင်နိုင် ဖမ်းနိုင်စွမ်းမရှိတဲ့ ရှုံသွပ်နေတဲ့ သိုင်းအား ပျက်နေတဲ့ ဝန်ရင်မော်အရှုးဆိုတော့. . .'

'နေပါဦး၊ ခင်ဗျားက မင်ရင်ကြယ်ကို တကယ့် လူစွမ်းကောင်းကြီးလို့ ယုံကြည်နေသလား'

'မင်ရင်ကြယ်ဟာ ကျွန်မတို့ဂိုဏ်းရဲ့ အခက်အခဲကို ဖြေရှင်း ပေးနိုင်လိမ့်မယ်လို့ ကျွန်မ ယုံနေပါတယ်'

'ကဲ. . . ဒီလိုဆိုရင် မင်ရင်ကြယ်ဟာ ခင်ဗျားတို့ကို အကူအညီပေးလာပြီ ဆိုပါတော့၊ အဲဒီအခါကျရင် ခင်ဗျားတို့ ဂိုဏ်းအတွက် ကောင်းမလား၊ ဆိုးမလား'

'နောက်ဆက်တွဲကိစ္စတွေကို ကျွန်မ မစဉ်းစားတတ်သေးဘူး၊ ကျွန်မစိတ်ရင်းကတော့ ထန်းရှန်းဂိုဏ်းမှာ ကျရောက်လာမယ့် အန္တရာယ်ကို ဖြေရှင်းကယ်တင်ချင်တာပဲ၊ ဒါပေမယ့်. . . ဂိုဏ်း



ချုပ်ကြီးက ရန်သူနဲ့ ပူးပေါင်းလို့ သစ္စာဖောက်အဖြစ် သဘောထားခဲ့ရင် မလွယ်ဘူး'

'အင်း. . . ကျုပ် မေးချင်သေးတယ်၊ မင်ရင်ကြယ်ဟာ ထန်းရှန်းဂိုဏ်းဘက်က ဝင်ရပ်လိမ့်မယ်လို့ ခင်ဗျား တထစ်ချ ယူဆနေသလား'

'သိုင်းလောကတစ်ခုလုံးနဲ့ ပတ်သက်တဲ့ ပြဿနာကြောင့် မင်ရင်ကြယ်ဆိုတဲ့ လူနဲ့ ကျွန်မတို့ရဲ့ ဂိုဏ်းဆရာကြီးနှစ်ယောက်တာ ရင်းနှီးခဲ့သူတွေ ဖြစ်နေတယ်၊ ဂိုဏ်းချုပ်သခင်လေးနဲ့လည်း ရင်းနှီးတယ်၊ အဲဒါကြောင့်. . .'

ဝှမ်ယိလူပြောသည့် ဆရာကြီးနှစ်ယောက်သည် အဘိုးဝကြီးနှင့် အဘိုးပိန်တို့ ဖြစ်သည်။

ထန်းရှန်းဂိုဏ်းသားတို့သည် အဘိုးဝကြီးနှင့် အဘိုးပိန်ကို ဆရာကြီးနှစ်ယောက်ဟု ဝိသေသပြုကြသည်။

'ကျုပ်မေးချင်သေးတယ်၊ ထန်းရှန်းဂိုဏ်းနဲ့ မင်ရင်ကြယ်ဟာ ရန်သူဟာ၊ မိတ်ဆွေလားဆိုတာ ဝှမ်ယိလူ သိထားသလား'

'ဆရာကြီးနှစ်ယောက်နဲ့ ဂိုဏ်းချုပ်သခင်လေးရဲ့ ပြောစကားအရကတော့ မင်ရင်ကြယ်ဟာ ရန်သူ မဟုတ်ဘူး၊ မိတ်ဆွေတဲ့၊ ဒါပေမယ့် ဂိုဏ်းချုပ်ကြီးရဲ့သဘောထားနဲ့ ကျန်အရေးပါတဲ့ အကြီးအကဲတွေရဲ့သဘောထားကတော့ ဘယ်လိုမှန်း မသိဘူး'

'အင်း. . . စိတ်ဝင်စားစရာကောင်းတဲ့ သတင်းတွေပဲ၊ ဖြစ် နိုင်ရင် မင်ရင်ကြယ်ကို ခေါ်ပေးချင်ပါတယ်၊ ဒါမှ ခင်ဗျားတို့

www.burmeseclassic.com



ဂိုဏ်း ရဲ့ လျှို့ဝှက်ပြီး အထက်တန်းကျတဲ့ အတွင်းရေးတွေ'

မင်ရင်ကြယ်က စကားကို ဆုံးအောင်မပြောဘဲ ရပ်ပစ်လိုက်သည်။

ဝှမ်ယိလူက ရှုံ့မဲ့ပြီး...

'ရှင်... ကျွန်မတို့ ဂိုဏ်းအကြောင်းကို တော်တော်သဘောပေါက်နေပြီပဲ၊ ကျွန်မရဲ့ သဘောထားကိုတောင် ဘယ်လိုပြောရမယ် မသိတော့ဘူး'

'အကောင်းဆုံးကတော့ ခင်ဗျားကိုယ်တိုင် စွန့်စားသင့်ပါတယ်'

'ဟင်း... ဟင်း.. ဒါဆို ရှင်က မင်ရင်ကြယ်ကို ရှာပေးမယ်ပေါ့..'

'ကျုပ် စဉ်းစားပြီးပါပြီ'

'ကောင်းပြီ၊ ရှင် ယုံကြည်အောင် ကျွန်မ လုပ်ပြပါ့မယ်'

ဝှမ်ယိလူသည် ညာလက်ကို မြှောက်ကင်လိုက်ပြီး ဘယ်လက် မောင်းကို ရိုက်ချိုးပစ်လိုက်သည်။

သို့သော်...

မင်ရင်ကြယ်က လျှင်မြန်စွာ ဟန့်တားလိုက်သည်။

'ဒီလိုလုပ်ဖို့ မလိုပါဘူးဗျာ'

'ဒါဖြင့် ကျွန်မကို ယုံပြီလား'

'ယုံပါတယ်၊ ခင်ဗျားရဲ့ဂိုဏ်းအပေါ်ထားတဲ့ စေတနာနဲ့ ကျုပ် အပေါ် ထားတဲ့ စေတနာကို သံသယကင်းကင်း ယုံပါပြီ'



'ရှင် တကယ်ပြောနေတာနော်'

'တကယ်ပါ၊ ကျုပ် မရက်စက်တတ်ပါဘူး'

'ကျေးဇူးတင်ပါတယ် ရှင်၊ ကဲ... ရှင် မင်ရင်ကြယ်ကို ဘယ်လိုရှာပေးမှာလဲ၊ မြန်မြန်ပြောပါ ဝန်ရင်မော်'

ဝှမ်ယိလူသည် မင်ရင်ကြယ်ကို အရှူး ဝန်ရင်မော်ဟု ယူဆယုံကြည်နေလေသည်။

ထို့ကြောင့်...

ဝန်ရင်မော်ဟုပင် ခေါ်ဝေါ် သုံးစွဲနေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

## မိန်းမချော၏ သက်ပြင်းမော

မင်းရင်ကြွယ်သည် တစ်စုံတရာကို အတန်ကြာအောင် အလေးအနက် စဉ်းစားနေသည်။

ဝှမ်ယိလူသည် ဝန်ရင်မော်အတူ မင်းရင်ကြွယ် စိုက်ကြည့်နေသည်။

ထိုလူသည် မင်းရင်ကြွယ်ကို ရှာဖွေပေးလိမ့်မည်ဟုလည်း ယုံကြည်နေသည်။

ထို့ကြောင့် ထိုလူ၏စိတ်ကူးများ ပျက်ပြားသွားမည် သဖြင့် နှုတ်ဆက်ပြီး ငြိမ်နေသည်။

ထိုအချိန်မှာပင် မင်းရင်ကြွယ်က လှမ်းပြောသည်။



'ကျုပ် မေးပါရစေ မိန်းကလေး၊ သမားပေါင်းစုံ က်လျှော့ထားရတဲ့ အရှုးတစ်ယောက်ဟာ မိန်းမတစ်ယောက်နဲ့ တွေ့ပြီး စကားပြောဆိုရရုံနဲ့ သူ့ရောဂါကြီး ပျောက်ကင်းသွား ယ်ဆိုတာဟာ ယုံကြည်စရာကောင်းပါသလား'

ဝှမ်ယိလူ မျက်လုံးပြူးပြီး ပါးစပ်ကြီး ဟသွားတော့သည်။

မိမိသည် ပါးမလိုလည်မလို၊ လျှင်မလိုနှင့် အလွန်ထူအသူ ါတကား။

× × ×

သူမသည် ခေတ္တတွေဝေသွားပြီးမှ. . .

'ဟင့်အင်း. . . အဲ. . . ကျွန်မ သဘောပေါက်ပြီ၊ ဒီလို ဆိုရင် သူ့ရဲ့ကောင်း ဝန်ရင်မော်ဟာ တကယ်မရူးခဲ့ဘူး'

'မဟုတ်သေးဘူး၊ မရူးသူဟာ ကျုပ်ပါ'

'ဘယ်လို၊ ရှင်. . . ရှင်၊ ဗျပ်စောင်းဓားရှည် စာပေသမား န်ရင်မော် မဟုတ်ဘူးလား'

'မဟုတ်ပါဘူး'

'ဒါဖြင့် ရှင်. . . ရှင်ဟာ'

'ခင်ဗျား. . . သိပ်တွေ့ချင်နေတဲ့ မင်းရင်ကြွယ်ပါ၊ ဟဲ ဲ'

'ရှင်၊ မင်းရင်ကြွယ်၊ ဟုတ်လား၊ ရှင် တကယ်ပြောနေတာ ား'

'တကယ်ပါ၊ ကျုပ် ရုပ်ဖျက်ထားတာကို ဖျက်ပြရဦးမလား'

www.burmeseclassic.com

www.burmeseclassic.com



'မလိုပါဘူးရှင်၊ ရှင် မင်ရင်ကြွယ်ဆိုရင်လည်း အ… မတည့်တော့ပါဘူး'

'ဘာပြောတယ်၊ ခင်ဗျားလည်း စကားကို သပွတ်အူ… ပြောတတ်သားပဲ'

'ကျွန်မ အမှန်ကို ပြောနေတာပါ၊ ဟင်းဟင်း… ဂိုဏ်းချုပ်ကြီးက ရှင်တို့ကို ဆေးလုံးတစ်လုံးစီ ကျွေးခဲ့ပြီးပြီ… ဒါကြောင့် အသုံးမတည့်တော့ဘူးလို့ ပြောတာ၊ ရှင်းပြီလား'

'ဟဲဟဲ. . . ကျုပ် လုပ်ပြတာလေးတွေ ခဏလော… ကြည့်လိုက်စမ်းပါ'

မင်ရင်ကြွယ်သည် ကဗျာစာရွက်လေးကို ကောက်ယူလို… ပြီး လက်ညှိုးနှင့် လက်ခလယ်ကြားတွင် ညှပ်ပြလိုက်၏။

စာရွက်ကလေးသည် မျက်စိရှေ့မှာပင် အပိုင်းအ… ကလေးများအဖြစ် ပြတ်ကျသွားသည်။

'ဟင်း ဟင်း. . . ရှင်က စောစောက ဆေးလုံးကို အစွ… မထက်ဘူးလို့ ပြောနေတာလား'

'အစွမ်းမထက်တဲ့ ဆေးလုံးဆိုလို့ ဘယ်မှာ ရှိလို့လဲဗျ'

မင်ရင်ကြွယ်သည် စကားပြောရင်း လက်တစ်ဖက်ကို မြ… ပြလိုက်သည်။

လက်ဝါးပေါ်တွင် ဆေးလုံးအနီလေးတစ်လုံးကို တွေ့… သည်။

ဝှမ်ယိလူ မျက်လုံး ပိုပြူးလာသည်။



'ဒီလိုဆိုရင် စောစောက သူရဲကောင်းမင်. . .'

'ဟုတ်တယ်. . . ကျုပ် သတိလစ်ဟန်ဆောင်နေတာ၊ …င်စီးရဲ့ သွေးကြောပိတ်မှုဟာ ကျုပ်အတွက် ထိရောက်မှု မရှိဘူး၊ …င်းပြီးလား'

ဝှမ်ယိလူ အလွန်တုန်လှုပ်သွားသည်။

ထို့နောက် အံ့ဩမှုနှင့် ဆန့်ကျင်ပြီး ဝမ်းမြောက်ဝမ်းသာ …စ်လာသည်။

× × ×

ကျွန်မ သိပ်ဝမ်းသာတယ်၊ တကယ်ပြောတာ သူရဲကောင်း …င်၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ ထန်းရှန်းဂိုဏ်းရဲ့ ဘေးဒုက္ခ …ကို ကယ်တင်ပေးနိုင်မယ့်လူ ရှိနေပြီ ဖြစ်လို့ပဲ၊ သိပ် သိပ် ဝမ်းသာ …တယ်ရှင်'

'ကျုပ်လည်း ဝမ်းသာပါတယ်၊ ကျုပ်အနေနဲ့ ခင်ဗျားကို …ူကဲခတ် မမှားသေးဘူး ထင်ပါတယ်. . . ဟဲဟဲ'

'မမှားပါဘူးရှင်၊ တကယ်တော့ ရှင်ဟာ အင်မတန် ဟန် …ဆောင်ကောင်းတဲ့လူတစ်ယောက်ပါ။ ကျွန်မတို့ဟာ ရှင့်ရဲ့ ဟန် …ဆောင်မှုအောက်မှာ နစ်မြုပ်နေခဲ့ကြရတဲ့လူတွေပါ၊ ဒါကို ကျွန်မ …ကယ် ဝန်ခံပါတယ်'

'ကျေးဇူးတင်ပါတယ် ဝှမ်ယိလူ၊ ကျုပ်ရဲ့ အပြုအမူတွေ …ိုင်းစိုင်းခဲ့တာကိုလည်း ခွင့်လွှတ်စေချင်ပါတယ်'

'ခွင့်လွှတ်ပါတယ်ရှင်. . . ခွင့်လွှတ်ပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'အမှန်ကိုပြောရရင်တော့ ကျုပ်ဟာ ကျို့ကုံးချင်နောက်ကို လိုက်နေတာပါ၊ ခုတော့ မိန်းကလေးတို့ကိုပါ ကူညီရပါတော့မယ်'

'ကျေးဇူး အထူးတင်ပါတယ်ရှင်၊ အဲ. . . မင့်အနေနဲ့ ကျို့ကုံးချင်ကို တွေ့ဖို့ လွယ်ကောင်းလွယ်ပေမယ့် ဆရာကြီးနှစ်ယောက်ကို တွေ့ဖို့ကတော့ မလွယ်လှပါဘူး'

'ဘာဖြစ်လို့လဲ ဝှမ်ယိလူ'

'တဖြည်းဖြည်း ရှင် သိလာမှာပါရှင်၊ ကျွန်မက မင့်ထံ အကူအညီ တောင်းရမယ့်လူပါ'

'ကဲ. . . ဒီလိုဆိုရင် အေးအေးဆေးဆေး ဆွေးနွေးကြတာပေါ့'

ဝှမ်ယိလူသည် ယခုမှ မင်နှင့် မျက်နှာချင်းဆိုင် ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။

သူမသည် ဘာစကားကိုမျှ မဆိုသေးဘဲ စဉ်းစားနေပြန်သည်။

မင်ရင်ကြယ်က ပြုံးပြီး. .

'ခင်ဗျား ဒီကိုလာတုန်းက နောက်ကနေ ချောင်းမြောင်းလိုက်လာတာကို သိတယ် မဟုတ်လား၊ ဒါကြောင့်မို့ ကျုပ်ကို စာဖတ်ခန်းထဲ ခေါ်ခဲ့တာ မဟုတ်လား။ အဲဒီတော့မှ လိုက်ချောင်းတဲ့လူ ပြန်သွားတာ မဟုတ်လား၊ ခုတော့ အဲဒီလူ ဒီပတ်ဝန်းကျင်မှာ မရှိတော့ပါဘူး၊ ရှိနေရင်လည်း ကျုပ်က ခုလို မနေပါဘူး. . . ဟဲဟဲ'



ဝှမ်ယိလူ၏ မျက်ခုံးနှစ်ဖက်သည် မြင့်တက်သွားပြီး မျက်နှာတစ်ပြင်လုံး နီရဲသွားသည်။

'ကဲပါလေ၊ တချို့ကိစ္စတွေကို ဆရာကြီးနှစ်ယောက် ပြန်လာမှပဲ ဆွေးနွေးကြတာပေါ့'

'ခင်ဗျားသဘောပါဗျာ၊ ခင်ဗျားပြောသမျှ ကျုပ် နားထောင်မှာပါ'

ဝှမ်ယိလူ မျက်လုံးပြူးသွားပြန်သည်။

ရင်ထဲတွင်မူ 'သိတတ်လွန်းတဲ့ မင်ရယ်' ဟု ပြောနေမိသည်။

ထို့နောက် အဆောင်ခန်း ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ပြီး သက်ပြင်းချလိုက်သည်။

▸▸ ◂◂

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂၄)

## စာတာရှင်၏ လျှို့ဝှက်ချက်

ဝှမ်ယိလူသည် အချိန်အတော်ကြာအောင် စဉ်းစားလိုက်ပြီးမှ စကားပြန်စသည်။

'ခရီးပြင်း ထွက်ခွာသွားခဲ့တဲ့ ဆရာကြီးနှစ်ယောက်ဟာ ညကြီးမင်းကြီးအချိန်မှာ ဂိုဏ်းကို ပြန်ရောက်လာတယ်၊ ရောက်ရောက်ချင်းပဲ ဂိုဏ်းချုပ်ကြီးနဲ့ အရေးတကြီး ဝင်တွေ့တယ်၊ ဆရာအဘိုးဝကြီးက ဂိုဏ်းချုပ်ကြီးကို ကျို့အိမ်တော်ကို မီးရှို့ခဲ့သလားလို့ တိုက်ရိုက်မေးခဲ့တယ်'

'ဂိုဏ်းချုပ်ကြီးက ဘယ်လိုဖြေသလဲ'

'သူရှို့တာမဟုတ်ဘူးလို့ ငြင်းတယ်၊ ဝန်ရင်မော့ဇနီး ရှို့တာ



လို့ ဖြေတယ်'

'အဲဒီတုန်းက ဝှမ်ယိလူ ဂိုဏ်းချုပ်ကြီးအနားမှာ ရှိနေသလား'

'ရှိပါတယ်၊ ရှိလို့ တိတိကျကျက ပြောနိုင်တာပေါ့ မင်'

'ခင်ဗျားစိတ်ထဲမှာ ဂိုဏ်းချုပ်ကြီးရဲ့စကားကို အမှန်လို့ ထင်သလား'

'ဂိုဏ်းချုပ်ကြီးဟာ ညာပြောတတ်သူ မဟုတ်ပါဘူး'

'ဒါနဲ့ ဆရာကြီးအနေနဲ့ ညာပြောတတ်သူ ဖြစ်ခဲ့ရင်တောင် ဆရာကြီးနှစ်ယောက်ကိုတော့ ဘယ်လိုမှ ညာလို့မရပါဘူး'

'ဆက်ပြောပါ ဝှမ်ယိလူ'

'ဆရာကြီးနှစ်ယောက်က ဝန်ရင်မော်ကို လုပ်ကြံသလားလို့ ထပ်မေးတယ်'

'ဟဲဟဲ . . . ဂိုဏ်းချုပ်ကြီးက ကျို့ကုံးချွင်လက်ချက်ဖြစ်တယ်လို့ ပြောခဲ့တယ်မဟုတ်လား'

'ဟုတ်ပါတယ်ရှင်'

'ကျုပ်စိတ်ထဲမှာတော့ ယန်ကျိုးက ကျို့ကုံးချွင်ရဲ့အိမ်တော်ကြီး မီးသင့်ခဲ့တာကို သံသယ ဖြစ်နေသေးတယ်'

'ဘာဖြစ်လို့လဲရှင့်'

'ပိုင်စီးဟာ ကျို့ကုံးချွင်ရဲ့ လက်ရုံးတပည့် ဖြစ်ခဲ့လို့ပေါ့'

'ဒီကိစ္စကို စောစောကမှ ကျွန်မ သိရပါတယ်'

'နောက်တစ်ချက်က ရွှေချန်ရိုးဟာ ဝန်ရင်မော့်ဇနီးကို

www.burmeseclassic.com

www.burmeseclassic.com



ပြုစုစောင့်ရှောက်နေရတဲ့လူ ဖြစ်နေတယ်'

'ဒါကိုတော့ ကျွန်မ မသိခဲ့ပါဘူး'

'ခင်ဗျားစဉ်းစားဖို့ကောင်းတာက မီးလောင်ကျွမ်းခဲ့တဲ့ နေရာက ပြာပုံထဲမှာ ဝန်ရင်မော့်ဇနီးရဲ့အလောင်းနဲ့ ပိုင်စီးရဲ့ အလောင်းကို ကျုပ်မျက်စိနဲ့ တွေ့ခဲ့ရတယ်၊ ဒါပေမယ့် ပြာပုံထဲက အလောင်းကောင်ကြီးဟာထန်းရှန်းဂိုဏ်းထဲမှာ အသက်ရှင်နေ တယ်၊ အံ့သြစရာပဲ'

'မင်းက ဒီအချက်တွေကြောင့် ဂိုဏ်းချုပ်ကြီးကို မီးရှို့သူလို့ ထင်နေတာလား'

'ရွှေချန်ရိုးကို အမိန့်ပေးပြီး ရှို့ခိုင်းတယ်လို့ ထင်တယ်'

'ကျွန်မစကားတွေက ဂိုဏ်းချုပ်ကြီးကို ကာကွယ်နေတဲ့ စကားတွေ ဖြစ်နေပြီလား။ တကယ်တော့ ဂိုဏ်းချုပ်ကြီးဟာ သူ့ဘဝ တစ်သက်တာမှာ တစ်ခါမှ လိမ်ညာ မပြောခဲ့ဖူးဘူး၊ လိမ်ညာတာကို လည်း နည်းနည်းမှမကြိုက်ဘူး'

'ကဲ. . . ကဲ အဲဒါတွေ ပြောမနေနဲ့တော့၊ ကျုပ် ဘာလုပ် ပေးရမယ်ဆိုတာကိုသာ ပြော'

'ကျွန်မပြောတာကို နားထောင်ပါဦးရှင်'

'ပြောပါ. . . . ပြောပါ၊ ကျုပ် စိတ်ရှည်ပါတယ်'

'ဆရာကြီးနှစ်ယောက်ဟာ ဂိုဏ်းချုပ်ကြီးကိုသိုင်းလောက ကို စိုးမိုးအုပ်ချုပ်ဖို့ လုပ်ကိုင်ဆောင်ရွက်နေတာတွေကို ဆက်မလုပ် ပါနဲ့တော့လို့ ပြောခဲ့ပါသေးတယ်'



'ဒီတော့. . .'

'အဲဒီတော့ ဂိုဏ်းချုပ်ကြီးက ဆီးပန်းချောင်မှာပဲ ထာဝရ စိုးမိုးနေပါ့မယ်လို့ ကတိပေးတယ်၊ အဲဒီနောက်မှာတော့ ဂိုဏ်းချုပ် ကြီးဟာ ဟောစီး စွန်းပုရှောက်ကို တာဝန်တစ်ခု ပေးလိုက်တယ်၊ အဲဒီတာဝန်က ကျန်နန်ဒေသမှာ မင်းရင်ကြယ်ကို မရ ရအောင် ရှာခိုင်းလိုက်တာပဲ'

'ဟုတ်တယ်၊ အဲဒီလုပ်ရပ်ကတော့ ဝန်ရင်မော်ကို ဒုက္ခပေး ပြီးတော့ ပြဿနာရှုပ်အောင်လုပ်တဲ့လူကို ဖော်ထုတ်ဖွင့်ချတဲ့ လုပ်ရပ်ပဲ၊ ဒါကို ကျုပ် သိပါတယ်၊ ဒါကြောင့်လည်း ဂိုဏ်းချုပ်ကြီး ကို အထူးကျေးဇူးတင်နေပါတယ်. . . ဟဲဟဲ'

'ကျေးဇူးနဲ့ အမှန်တရားဟာ တစ်ခြားစီပါ မင်း၊ တရားမျှ တမှုနဲ့ မတရားမှုဟာ ရေနဲ့မီးလို ခြားနားနေတာပါ'

'မှန်ပါတယ် ဝှမ်ယီလူ၊ ကျုပ် လက်ခံပါတယ်'

'ဒီလိုဆိုယင် ကျွန်မ ဆက်ပြောပါမယ်'

'ပြောပါ'

'အဲဒီညမှာ ဟောစီး စွန်းပုရှောက်လည်း ကျန်နန်ကို ချက်ချင်းထွက်သွားတယ်၊ ဟောစီးထွက်သွားပြီးတဲ့နောက် မရှေး မနှောင်းမှာ ဆရာကြီးနှစ်ယောက်လည်း ထွက်သွားကြပြန်တယ်'

'ဒါ ထူးဆန်းသလား ဝှမ်ယီလူ'

'ထူးဆန်းတယ် မင်း၊ ဆန်းတယ်၊ အဲဒီကတည်းက ဆရာ ကြီးနှစ်ယောက်ကို မတွေ့ရတော့ဘူး၊ မတွေ့ဆို ခုချိန်ထိပဲ ခရီးထွက်

www.burmeseclassic.com

www.burmeseclassic.com



တာလား၊ ပျောက်ဆုံးနေတာလား၊ ကျွန်မ ဝေခွဲလို့ မရဘူး'

'ခုဆို ရက်ပေါင်း အတော်ကြာနေပြီပဲ'

'ဟုတ်တယ်၊ လဝက်တောင် ကျော်နေပြီ'

မင်းရင်ကြွယ်သည် ယခုမှ အတိုးဝကြီးနှင့် အတိုးပိန်တို့ ပျောက်နေသည်ကို အလေးအနက်ထားလာမိသည်။

'သူတို့ ထွက်သွားတုန်းက. . .'

'ကျွန်မကိုတောင် နှုတ်ဆက်ခဲ့ကြပါသေးတယ်၊ ဒါကို ကျွန်မ ဘယ်မေ့ပါ့မလဲ'

'ဝုမ်ယိလုံ၏မျက်နှာသည် သိသိသာသာ ညှိုးသွားသည်။

မင်းရင်ကြွယ်က စဉ်းစဉ်းစားစား မေးသည်။

'သူတို့နေတာက. . .'

'ယန်စင်းကဲ့ အဆောင်မှာပါ'

'ခင်ဗျား အဲဒီအဆောင်ကို သွားမကြည့်ဘူးလား'

'အဲဒီနေရာဟာ တားမြစ်နယ်မြေပါ၊ အထက်အမိန့်မပါဘဲ သွားလို့ မရပါဘူး'

'ဂိုဏ်းချုပ်ကြီးရဲ့အမူအရာတွေ ပြောင်းလဲနေသလား'

'ဂိုဏ်းချုပ်ကြီးက သူတို့တင်ပြတဲ့ ပြဿနာကို မှုပုံမရပါဘူး'

'ခင်ဗျားကတော့ ဂိုဏ်းချုပ်ကြီးကို မေးကြည့်သေးသလား'

'မေးကြည့်မိပါတယ်၊ ဂိုဏ်းချုပ်ကြီးက တာဝန်နဲ့ ခရီးထွက်သွားတယ်လို့ ပြောတယ်'



'ဒါဖြင့် ဘာများ သံသယဖြစ်စရာ ရှိသလဲ'

'အဲဒီကတည်းက ဂိုဏ်းချုပ်ကလေးမော်လင်၊ မမရှန်းကော ချန်ချွန်းယင်းတို့ကိုပါ မတွေ့ရတော့လို့ဘဲ'

'သူတို့လည်း ခရီးထွက်သွားကြရသလားမှ မသိတာ'

'ဒီလိုအဖြစ်မျိုးဟာ တစ်ခါမှ ဖြစ်ရိုးထုံးစံ မရှိပါဘူး'

'ဘယ်လို ထုံးစံလဲ'

'တာဝန်နဲ့ ခရီးထွက်သွားသူတွေဟာ ဂိုဏ်းကိုပြန်ရောက်ရင် အေးအေးဆေးဆေး အနားယူရတဲ့ ထုံးစံရှိတယ်၊ ဒီကြားထဲမှာ အရေးတကြီးကိစ္စရှိယင်၊ တစ်ခြားအဖွဲ့ကို ရွေးပြီး တာဝန်ပေးတယ်၊ လွှတ်တယ်၊ ခရီးဝေးက တာဝန်ထမ်းဆောင်ပြီး ပြန်ရောက်လာတဲ့ လူကို ခရီးရောက်မဆိုက် တာဝန်ပေးတာမျိုး၊ ခရီးပြန်ထွက်ခိုင်းတာမျိုး၊ တစ်ခါမှ မရှိခဲ့ဖူးဘူး၊ ဒါ ဂိုဏ်းတည်စကတည်းက အလေ့အထပဲ၊ ခုတော့ အစဉ်အလာတွေ ပျက်နေတယ်'

'ဒီလိုဆိုရင် ဂိုဏ်းချုပ်ကြီးရဲ့ ထူးခြားချက်တွေကို တွေ့ရသလား'

'အရင်နဲ့အခု မတူဘူးလို့တော့ ထင်တယ်၊ ပြောင်းလဲမှု ရှိနေတယ်လို့ ထင်တယ်'

'ဘယ်လိုပြောင်းလဲမှုလဲ'

'ခရီးထွက်သွားသူတွေ ခံရပြီထင်တယ်'

'ဘယ်လိုခံရတာလို့ ထင်နေတာလဲ'

'ထိန်းသိမ်းခံထားရပြီလို့ ထင်တယ်'

www.burmeseclassic.com

www.burmeseclassic.com



ဝှမ်ယီလူသည် စကားဆုံးသည်နှင့် မှုန်မှိုင်းသွားသည်။ ငိုင်သွားသည်။ မင်ရင်ကြွယ်က ဝှမ်ယီလူကို အကဲခတ်ပြီး. . .

'ဒီလို ဖြစ်နိုင်လို့လား'

'မဖြစ်နိုင်စရာ ဘာမှ မရှိဘူး'

'ခင်ဗျား အဲဒီလို ဘာကြောင့် ထင်နေတာလဲ၊ ဘာကြောင့် ခံစားနေရတာလဲ'

'ကျွန်မ ရှင်းအောင် ပြောမပြတတ်တော့ဘူး'

'စဉ်းစားစရာတော့ ရှိပါတယ်၊ ဆရာကြီးနှစ်ယောက်ဟာ ဂိုဏ်းချုပ်ကြီးရဲ့ ဦးလေးတော်တွေဖြစ်ပြီး၊ ဂိုဏ်းချုပ်ကလေးဟာ သားဖြစ်တယ်ဆိုတော့. . . .'

'ဂိုဏ်းချုပ်ကလေးကိုလည်း ဆီးပန်းချောင်က ထွက်ခွာသွားပြီဆိုတာကို မကြားမိပါဘူး'

'အင်း. . . . ဒီတစ်ခါ ပေးလိုက်တဲ့တာဝန်ဟာ သိပ်ကြီးကျယ်နေသလားမှ မသိတာဗျာ၊ တစ်ခါတစ်ခါကျတော့လည်း သိပ်လျှို့ဝှက်တဲ့ကိစ္စဖြစ်နေလို့ မသိနိုင် မကြားနိုင် ဖြစ်တာတွေ ဖြစ်လေ့ဖြစ်ထ ရှိပါတယ်'

'ကျွန်မရင်ထဲမှာတော့ အဲဒီလို မထင်ဘူး မင်'

မင်ရင်ကြွယ်က ဟက်ခနဲ ရယ်လိုက်သည်။

'ဒါဖြင့် ကျုပ် ဘာလုပ်ပေးရမလဲ'

'အဲဒီကိစ္စတွေကို စုံစမ်းပေးစေချင်ပါတယ်'



'ဒီကိစ္စ ခင်ဗျားတို့ဂိုဏ်းရဲ့ အတွင်းရေးဆိုတော့ စွက်ဖက်လို့ မသင့်ဘူး ဝှမ်ယီလူ'

'ကျွန်မအမြင်က သိုင်းလောကကြီးတစ်ခုလုံး အန္တရာယ်မကျရောက်အောင် ထန်းရှန်းဂိုဏ်းကြီး ပျက်စီးမသွားအောင် ဆောင်ရွက်တာမို့ ဝင်ပြီး စွက်ဖက် ဆောင်ရွက်သင့်တယ်လို့ ယုံကြည်ပါတယ်'

'ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ ဝှမ်ယီလူ'

'အင်း. . . အသက်ငဲ့ပြီး ပြောရရင်တော့ ဂိုဏ်းချုပ်ကြီးရဲ့ ခေါင်းထဲမှာ သိုင်းလောကကြီးကို ဗိုလ်ကျစိုးမိုးချင်တဲ့စိတ် ရှိနေသေးလို့ပဲ'

ဝှမ်ယီလူသည် စကားပြောရင်း တုန်ယင်နေလေ၏။

မင်ရင်ကြွယ်ကား စိတ်လှုပ်ရှားဟန် မရှိချေ။

'ဝှမ်ယီလူ ဘယ်လို သတိထားမိလို့လဲ'

'တစ်လပိုင်းက ဂိုဏ်းချုပ်ကြီးကိုယ်တိုင် အထူးလျှို့ဝှက်တဲ့ အစည်းအဝေးတစ်ခု ပြုလုပ်ခဲ့တယ်၊ အဲဒီအစည်းအဝေးကို ဆရာကြီးဟောနဲ့ ဆရာကြီးပိုင်ကလွဲပြီး ဘယ်သူမှ မတက်ရဘူး'

'အို. . . သူတို့အစည်းအဝေးက ဘာအစည်းအဝေးလဲမှ မသိတာ'

'ထူးခြားတာက ဂဠုန်လေးကောင်ကို နှင်းအဆောင်မှာ ခေါ်ထားတာပဲ'

'ဝှမ်ယီလူက အဆောင်မှူးကို တီးခေါက်မကြည့်ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'ဘာမှမမေးဝံ့ဘူး၊ အဲဒီကိစ္စအတွက် တင်းကျပ်တဲ့ စည်းကမ်းတွေ ထုတ်ထားတယ်ရှင့်'

'အဲဒါနဲ့ ဆရာကြီးနှစ်ယောက်နဲ့ ဘာဆိုင်လို့လဲ'

'ရှင်ကလည်း ရှင်းနေတာကို ရှုပ်အောင်လုပ်နေပြန်ပါပြီ ဆရာကြီးနှစ်ယောက်ရယ်၊ ဂိုဏ်းချုပ်ကလေးရယ်၊ မမရှန်းရယ်က ဂိုဏ်းချုပ်ကြီးရဲ့ သိုင်းလောက ဗိုလ်ကျစိုးမိုးရေး လုပ်ရပ်တွေကို ပြင်းပြင်းထန်ထန် ကန့်ကွက်ခဲ့ကြတာရှင့် ဒါကြောင့်. . . .'

'ဒီအချက်တွေကြောင့် ဝှမ်ယိလူ သံသယဖြစ်နေတယ်ဆိုတာ ဟုတ်လား'

'မဟုတ်သေးဘူး၊ ဒီထက်အရေးကြီးပြီး အဓိကကျတာ ရှိသေးတယ်'

'ဘာလဲ'

'ဝန်ရင်မော်ကို လိုက်ဖမ်းနေတဲ့ အကြောင်းရင်းမြစ်ကို ရှင်သိသလား'

'ဆက်သာပြောပါ'

'အင်မတန် ရှားပါးတဲ့ သိုင်းကျမ်းကြောင့်ရှင့်'

'ဝန်ရင်မော်ဆီမှာ အဲဒီလို သိုင်းကျမ်းစာအုပ် ဘယ်လိုလုပ် ရှိနေမှာလဲ'

'သူ့မှာ မရှိပေမယ့် သူဟာ သိုင်းကျမ်းစာအုပ်တစ်အုပ်လို့ ယူဆနိုင်တယ်'

'ဘယ်လို၊ သူတတ်ထားတဲ့ သိုင်းပညာကို ပြောနေတာ



လား'

'မဟုတ်ဘူး'

'အို. . . ခင်ဗျားစကားကို ဘယ်လိုနားလည်ရမှာလဲဗျ'

'ရှင်းရှင်းလေးပါ၊ ဝန်ရင်မော်နဲ့ ဒီသိုင်းကျမ်းကို လဲယူမလို့ပါ'

'ဘယ်သူ့ဆီက လဲယူမှာလဲ'

'အမည်နာမ မသိရသေးတဲ့ အဘိုးအိုတစ်ယောက်ဆီက'

'အိုး. . . ဇာတ်က တော်တော်ရှုပ်တဲ့ဇာတ်ပါလား'

'အင်း. . . အဲဒါ ထိပ်တန်းလျှို့ဝှက်ချက်ပဲ၊ ဒါပေမယ့် သိုင်းလောကကြီး မပျက်စီးရေးနဲ့ ထန်းရှန်းဂိုဏ်းကြီး အန္တရာယ် မဖြစ်ရေးကို ရှေ့ရှုပြီး ကျွန်မ ပြောပြပါ့မယ်၊ အဖြစ်ကတော့ နှစ်အတော်ကြာခဲ့ပါပြီ၊ အဲဒီတုန်းက ကျွန်မတို့ရဲ့ဆရာကြီးနှစ်ယောက်ဟာ 'နန်ဝှမ်' ဒေသကို ခရီးထွက်ခဲ့ကြတယ်၊ အဲဒီမှာ ထူးဆန်းပြီး အဆိပ်သင့်နေတဲ့ အဘိုးအိုတစ်ယောက်နဲ့တွေ့လို့ အဲဒီ အဘိုးအိုကို ဒီကိုခေါ်ခဲ့ကြတယ်၊ ဂိုဏ်းချုပ်ကြီးကိုယ်တိုင် အဲဒီ အဘိုးအိုကို ကုတယ်၊ သူကိုယ်တိုင် ဆေးဖော်ပေးတယ်၊ ရောက်ကတည်းက စိတ်ချမ်းသာအောင် ပြုစုစောင့်ရှောက်ထားခဲ့တယ်'

'ဒီလိုဆိုတော့လည်း ခင်ဗျားတို့ ဂိုဏ်းချုပ်ကြီးဟာ စေတနာကောင်းသားပဲ'

'အဲ. . . ဒါပေမယ့် တစ်နှစ်တောင် မကြာပါဘူး၊ အဲဒီ အဘိုးကြီးဟာ ဆီးပန်းချောင်က ထွက်သွားခဲ့တယ်၊ ဒါကိုသိတော့

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီး အကြီးအကျယ် စိတ်ဆိုးခဲ့တယ်၊ ဒါနဲ့ အဲဒီအဘိုးအို ကို မရအရ ပြန်ဖမ်းပြီး ချုပ်နှောင်ထားလိုက်တယ်၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး သိခဲ့ရတာတွေက အဲဒီ အဘိုးအိုဆီမှာ သိပ်အဖိုးတန် တဲ့ သိုင်းကျမ်းစာအုပ်တစ်အုပ် ရှိနေတယ်တဲ့'

'ခင်ဗျားတို့ ဂိုဏ်းချုပ်ကြီးက အဲဒီ သိုင်းကျမ်းကို အရ ယူချင်တယ် ဆိုပါတော့'

'မဟုတ်ပါဘူးရှင်၊ မဟုတ်ပါဘူး၊ ဂိုဏ်းချုပ်ကြီးဟာ အဲဒီလို မိန်းမစား မဟုတ်ပါဘူး'

ဝှမ်ယိလူက ရှက်ရှက်နှင့် ထိတ်ထိတ်လန့်လန့်ကာကွယ် သည်။မင်ရင်ကြွယ်က ဟက်ခနဲ ရယ်သွမ်းသွေးလိုက်သည်။

'ဟဲဟဲ. . . သိပ်လည်း ကာကွယ်မနေပါနဲ့ဗျာ၊ လက်ရှေ့ ဖြစ်ရပ်တွေက ဝှမ်ယိလူရဲ့ ထင်မြင်ချက် မှန်နိုင်ကြောင်း သက်သေ ပြနေပါတယ်'

ဝှမ်ယိလူသည် ဂိုဏ်းချုပ်ကြီးအတွက် အရှက်ရနေပေ တော့သည်။ အတန်ကြာမှ. . . .

'ဟုတ် ဟုတ်ပါတယ်၊ သူ ဘာကြောင့် ဒီလို စိတ်ကူးပေါက် လာသလဲ မသိပါဘူးရှင်'

'လောကမှာ မထင်တာတွေ၊ မျှော်မှန်းမထားတာတွေဟာ အမှတ်မထင် ဖြစ်လာတတ်ပါတယ် ဝှမ်ယိလူ'

'ဟုတ်ပါတယ်၊ ရှင်ပြောတာ မှန်နေပါတယ်၊ အဘိုးအိုက သူ့သိုင်းကျမ်းကို ဘယ်လိုမှ ထုတ်မပေးခဲ့ပါဘူး၊ သိုင်းကျမ်းကို မပြော



နဲ့၊ သူ့နာမည်ကိုတောင် ထုတ်ဖော်မပြောခဲ့ဘူး'

'သူက ဘာတွေပြောဆိုခဲ့သလဲ'

'သူပြောပြတဲ့ဇာတာရှင်ကို ရှာပေးရမယ်တဲ့၊ သူ့သိုင်းကျမ်း ကို သူပြောတဲ့ဇာတာနဲ့ ကိုက်ညီတဲ့လူကိုသာ ပေးအပ်မယ်တဲ့၊ ဒီလိုမှ မဟုတ်ရင်တော့ လည်စင်းပြီး အသေခံသွားမယ်တဲ့'

'ဒါနဲ့ ဗျပ်စောင်းမားရှည်စာပေသမား ဝန်ရင်မော်ဟာ အဲဒီဇာတာနဲ့ ကိုက်ညီသူဖြစ်ပြီး အဖမ်းခံရရော ဆိုပါတော့'

'ဟုတ်ပါတယ်၊ အမည်မသိ အဘိုးအိုရဲ့ ညွှန်ကြားချက် ကြောင့် သူပြောတဲ့ဇာတာနဲ့ ကိုက်ညီတဲ့ ဝန်ရင်မော်ကို လိုက်ဖမ်း ခဲ့ရတာပါပဲ'

'အဲဒီအဘိုးအိုက သူ့ဇာတာရှင်ရဲ့ နာမည်ကိုရော ပြော မပြဘူးလား'

'မပြောဘူး၊ ဘယ်လိုမှ မေးလို့မရဘူး၊ သူပြောနိုင်တာ ဇာတာပဲတဲ့'

'သူက နာမည်ကိုတောင် ဘာဖြစ်လို့ မပြောချင်ရတာလဲ၊ သူ့နာမည်လည်း မပြောဘူး၊ ဇာတာရှင်ရဲ့နာမည်လည်း မပြောဘူး ဆိုတော့ တော်တော်အတွေးရကျပ်တဲ့ ကိစ္စပဲ၊ အဘိုးအိုဟာ တကယ် တူးဆန်းတဲ့ အဘိုးအိုပဲ'

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂

## အသေကောင်လို ငြိမ်နေ

မင်းရင်ကြွယ်သည် အဘိုးအို၏လျှို့ဝှက်ချက်များ ဆက်စပ်တွေးခေါ် စဉ်းစားနေရာမှ ဝှမ်ယိလူကို မေးခွန်းထုတ်လို ပြန်သည်။

'ဝှမ်ယိလူ၊ အဲဒီအဘိုးအိုကို ခင်ဗျား မြင်ဖူးသလား'

'မမြင်ဖူးဘူး မင်၊ ဆရာကြီးနှစ်ယောက်နဲ့ ဆရာကြီးဝို ရယ်၊ ဆရာကြီးဟေးစီ (စွန်းပုရှောက်) ရယ်တို့ကတော့ မြင်ဖူး မယ်ထင်တယ်၊ သူတို့ကလွဲရင် ဘယ်သူမှ မမြင်ဖူးဘူးတာ သေ ပါတယ်'

'ဂိုဏ်းချုပ်ကလေးကော မမြင်ဖူးဘူးလား'



'ဂိုဏ်းချုပ်ကလေးက သူ တွေ့ဖူးတဲ့အကြောင်း တစ်ခါမှ ပြောဖူးဘူးမင်'

'ဒါဖြင့် အဲဒီ အဘိုးအိုကို ဘယ်မှာ ထိန်းသိမ်းထားသလဲ'

'အမှတ်ကိုး တောင်ထိပ်ပေါ်မှာလို့တော့ ကြားမိပါတယ်'

မင်ရင်ကြွယ်သည် မျက်မှောင်ကြုတ်ပြီး စဉ်းစားနေတော့သည်။

အတန်ကြာမှ....

'နေပါဦး၊ အဲဒီအဘိုးအိုနဲ့ ဝန်ရင်မော်ဟာ ဘယ်လိုပတ်သက်နေသူတွေလဲ'

'ဒါတော့ ကျွန်မ သေသေချာချာ မသိဘူး၊ ဒါပေမယ့် တစ်ခုခုတော့ ပတ်သက်နေပါလိမ့်မယ်၊ ဘာမှ ပတ်သက်မှု မရှိရင် ဝန်ရင်မော်ဇာတာကို အဘိုးအို ဘယ်လို သိမှာလဲ၊ တိုက်ဆိုင်တာလား၊ ပတ်သက်လို့ သိတာလားဆိုတာ ကာယကံရှင်တွေပဲ သေသေချာချာသိပါလိမ့်မယ်'

'ဒါများ အရေးကြီးကဲ့ အဓိကအချက်လားဗျာ'

'အရေးမကြီးဘူးလို့ ပြောလို့ရမလားရှင်၊ အဲ.. တကယ်လို့ ဂိုဏ်းချုပ်ကြီးမှာသာ သိုင်းလောကကို ဗိုလ်ကျ စိုးမိုးချင်တဲ့စိတ် မရှိဘူးဆိုရင် သိုင်းကျမ်းအတွက် ဇောကပ်စရာ မရှိပါဘူး'

'အင်း... ဂိုဏ်းချုပ်ကြီးရဲ့ စိတ်အပြောင်းအလဲဟာ တော်တော်အံ့ဩဖို့ကောင်းတယ်'

'ထန်းရှန်းဂိုဏ်းက ဂိုဏ်းသားအားလုံးကတော့ ဂိုဏ်းချုပ်

www.burmeseclassic.com

www.burmeseclassic.com



ကြီးရဲ့ သဘောထား ပြောင်းလဲနေတာကို သေသေချာချာ မသိကြ သေးပါဘူးရှင်'

'ကျုပ်အမြင်ကတော့ သိုင်းကျမ်းစာအုပ်လေးတစ်အုပ် အတွက်နဲ့ ဒီလို ပြောင်းလဲသွားမယ် မထင်ဘူး၊ ဒါနဲ့ ဂိုဏ်းချုပ်ကြီး ရဲ့သဘောထား ပြောင်းလဲလာတာဟာ ဘယ်တုန်းက စတာလဲ'

'အမည်မသိ အဘိုးအို နာလန်ထပြီး ထွက်ခွာတဲ့အချိန်က စတာပဲ'

'သူ ဒီလိုစိတ်ဓာတ်ပြောင်းလဲမလာမီတုန်းက ဘယ်သူတွေ တွေ့ဆုံခဲ့သေးသလဲ'

'အပြင် လူတွေနဲ့တော့ တစ်ခါမှ မတွေ့ဆုံဖူးဘူး၊ ဂိုဏ်းချုပ် ကြီးဟာ အဲဒီအချိန်အထိ ဆီးပန်းချောင်ကို တစ်ခါမှမလာဖူးဘူး'

'ကျုပ် သဘောပေါက်ပါတယ်၊ အဲဒီအချိန်က သူနှင်း အဆောင်ကို အပြင်လူကော အတွင်းလူပါ ဘယ်သူမှ လာခွင့်မပြု ခဲ့ဘူး၊ ဆရာကြီးနှစ်ယောက်ကိုတောင် လာခွင့်မပြုဘူး၊ ဟုတ်တယ် မဟုတ်လား'

'ဟုတ်ပါတယ်၊ အဲဒီလို ပိတ်ပင်တားမြစ်ထားတာဟာ သုံးနှစ်တင်းတင်း ပြည့်ခဲ့ပါပြီရှင်'

'ဝှမ်ယိလူတို့လေးယောက်လည်း အနားတောင် မကပ်ရ ဘူး မဟုတ်လား'

'မကပ်ရပါဘူး၊ အဲ. . . ကျွန်မ မေ့သွားလို့ စည်းကမ်း ထိန်းကြီးရင်နဲ့ ဆရာကြီးဟောစီး စွန်းပုရှောက်ရယ်၊ ဆရာကြီးပိုင်



ယ်တို့ကတော့ ချွင်းချက်နဲ့ ဝင်ခွင့်ရှိကြပါတယ်'

'အင်း. . . ဂိုဏ်းသားတွေနဲ့ ဒီလောက်ကြာအောင် ဆက်ပြတ်နေတာဟာ သိုင်းအားကျင့်စဉ်အတွက် တရားထိုင် နေတာတော့ ဟုတ်မယ်မထင်ဘူး'

'ဒါ ဘယ်သူမှ မမေးဝံ့တဲ့ကိစ္စပါ၊ ဒါကြောင့်လည်း ဂိုဏ်း ချုပ်ကလေးက ဂိုဏ်းချုပ်ကြီးကို မကျေမနပ် ဖြစ်နေခဲ့တာပေါ့'

'ဂိုဏ်းချုပ်ကလေး မကျေမနပ် ဖြစ်တာဟာ မိခင်ရဲ့ ယုယမှု မခံစားရလို့ ဖြစ်မှာပါဗျာ'

'ဟုတ်ပါလိမ့်မယ်ရှင်၊ အဲ. . . ဒါပေမယ့် ဂိုဏ်းချုပ်ကြီး ဟာ သုံးလတစ်ခါ လေးလတစ်ခါ ဆိုသလို ဂိုဏ်းချုပ်ကလေးကို ခေါ်တွေ့တတ်ပါတယ်ရှင်၊ ဒါပေမယ့် သားအမိနှစ်ယောက် ပူးပူး ကပ်ကပ် ရင်းရင်းနှီးနှီးရယ်လို့တော့ မရှိပါဘူး၊ ဂိုဏ်းချုပ်ကြီးက တရားထိုင်နေတယ်ဆိုတဲ့ အကြောင်းပြချက်နဲ့ ယင်းလိုက်ကာ အတွင်းက မထွက်ဘူး၊ ဂိုဏ်းချုပ်ကလေးဟာ အပြင်ကသာ ရပ်ပြီး ပြန်လာရလေ့ရှိတယ်၊ အထိန်းအမှတ် လုပ်ထားတာကတော့ ယင်း လိုက်ကာရှေ့မှာ ရွှေတံဆိပ် အမိန့်တုံးချထားတာပဲ၊ အဲဒီ ရွှေတံဆိပ် အမိန့်တုံးဟာ ဂိုဏ်းချုပ်ကြီးကို ကိုယ်စားပြုတဲ့အတွက် ဆရာကြီး နှစ်ယောက်တောင် ဂါရဝ ပြုရတယ်၊ ရွှေတံဆိပ်တုံး အမိန့်ချထား ရင် ကိုက်တစ်ရာအကွာမှာသာ နေရတယ်၊ ဒါ ထန်းရှန်းဂိုဏ်းရဲ့ ဓလေ့ထုံးစံပဲ'

'ဒီလိုလုပ်တာကို မှားတယ်လို့ ပြောလို့မရဘူး၊ သိုင်းအား

www.burmeseclassic.com

www.burmeseclassic.com



ကျင့်စဉ် ကျင့်နေတဲ့အခါ အနှောင့်အယှက် ဖြစ်လို့မရဘူး၊ သိုင်းအားကျင့်နေသူတစ်ယောက်ဟာ သိုင်းအားကျင့်နေတုန်း စိတ်အနှောင့်အယှက် ဖြစ်ခဲ့ရင် သွေးလည်ပတ်မှုတွေ ဖောက်ပြန်ပြီး ပြင်းထန်တဲ့ရောဂါ ရတတ်တယ်၊ အဆင်မသင့်ရင် သေတောင်သေနိုင်တယ်၊ ဒါ သိုင်းသမားတိုင်း သိတဲ့ကိစ္စပဲ'

'ဟုတ်ပါတယ်၊ ဂိုဏ်းချုပ်ကလေးက ငယ်သေးသူဖြစ်တော့ ဒါကို ဘယ်ဂရုပြုချင်မလဲ၊ အမေနဲ့သား တွေ့ပြီးမှ စကားမပြောရ ဘာမပြောရဆိုတော့ စိတ်ဆိုးတာပေါ့'

'ဒါပေါ့လေ၊ ဒါဟာ ငယ်ရွယ်နုနယ်သူတွေရဲ့ သဘာဝတစ်ခုပါပဲ၊ ခုချိန်မှာတော့ ဒီကိစ္စတွေကို ဘာကြောင့်ရယ်လို့ တိတိကျကျ မဆုံးဖြတ်ရသေးပါဘူး'

'လောလောဆယ်မှာ သူရဲကောင်းမင်း ဘယ်လို လုပ်ချင်ပါသလဲ'

'အချိန်ယူပြီး စုံစမ်းလေ့လာရဦးမှာပါဗျာ'

'ကောင်းပါတယ်၊ ပထမဆုံး လုပ်သင့်. . .'

မင်းရင်ကြွယ်က လက်ကာပြပြီး. . . .

'လူလာနေတယ် ဝှမ်ယိလူ'

ဟု ပြောသည်။ ဝှမ်ယိလူ ပါးစပ်ပိတ်ပြီး အာရုံ စိုက်နေစဉ်မှာပင် စကြီဆီမှ ရယ်သံများ ကြားရသည်။

'ညီအစ်မနှစ်ယောက်'

ဝှမ်ယိလူက သတိပြန်ပေးသည်။



'စိတ်ချ ဝှမ်ယိလူ'

မင်းရင်ကြွယ်သည် ဒါပဲပြောပြီး ကုလားထိုင်နောက်မှီကို မှီပြီး ငြိမ်နေလိုက်သည်။

မကြာမီမှာပင် ခြေသံများ ပိုပြင်းလာပြီး အဆောင်ခန်းတံခါးပေါက်တွင် ရပ်သွားသည်။

ထို့နောက် 'မမယိလူ' ဟုခေါ်သံ ပေါ်လာသည်။

ဝှမ်ယိလူတံခါးကို မြန်မြန်ဖွင့်ပေးပြီး မင်းရင်ကြွယ်နှင့် မနီးမဝေးတွင် ရပ်နေလိုက်သည်။

'ဝင်ခဲ့လေ. .'

ဟု လှမ်းပြောလိုက်စဉ်မှာပင် အပြင်မှ တံခါးတွန်းသံနှင့် လူနှစ်ယောက် ဝင်လာသည်။

အကျီနီဝတ် မိန်းမချောနှင့် အကျီစိမ်းဝတ် မိန်းမချောတို့ပင်ဖြစ်သည်။

သူတို့နှစ်ယောက်သည် မင်းရင်ကြွယ်ကိုတွေ့သည်နှင့် တုန်တုန်ရင်ရင် ဖြစ်ပြီး စိတ်လှုပ်ရှားသွားကြသည်။

မင်းရင်ကြွယ်သည် အသေကောင်လို ငြိမ်နေပြီတည်း။

▶▶ ◀◀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂၆)

## ဝါသနာ

'မမယိက တယ်ရိုးပါလား၊ ဟင်း. . . ဟင်း'

'အကျီနီ မိန်းမချောက ဝှမ်ယိလူကို မျက်လုံးထောင့်ကပ်ကြည့်ပြီး ပြောသည်။

ဝှမ်ယိလူသည် အကျီနီ မိန်းမချော၏ ဆိုလိုချက်ကို သဘောပေါက်သွားသဖြင့် ရှက်သွေးတက်ပြီး မျက်နှာကြီး နီရဲလာလေတော့သည်။

'ဘာတွေပြောနေတာလဲဟဲ့၊ အရှေးတစ်ယောက်ကိုများ ငါက ဟင်း. . . ခု သူ့သွေးကြောတွေကို ငါပိတ်ထားပြီးပြီ၊ အရှေးနဲ့ အကောင်း မပေါင်းသင်းကောင်းပါဘူးဟဲ့၊ ဟင်း. . . ဟင်း'



'သူက အရှေးပေမယ့် လူချောလူလှကြီးပါ မမရယ်၊ ယောကျာ်းလည်း ပီသပါတယ်'

'ညီမချီ. . . စကားကို အရမ်းမပြောစမ်းပါနဲ့'

ချီဟု အခေါ်ခံလိုက်ရသည့် အကျီနီ မိန်းမချောသည် အကျီစိမ်း မိန်းမချောလက်ကိုဆွဲပြီး မင်ရင်ကြယ့်အနီးသို့ တိုးသွားသည်။

'မမယိလူက တော်တော်ရက်စက်တာပဲ၊ ဒီလောက်ချော ဒီလောက်လှတဲ့လူတစ်ယောက်ကို အဖော်လုပ်ရတာတောင် သွေးကြောပိတ်ထားသတဲ့၊ အံ့ပါ. . . အံ့ပါ၊ တို့သာ ဒီလိုအဖော်မျိုးရရင် ဘယ်လောက်ကောင်းမလဲ၊ ဟင်း. . . ဟင်း'

အကျီနီ မိန်းမချောစကားကြောင့် ဝှမ်ယိလူ မျက်နှာ ပူထူသွားသည်။

'ဘာတွေ လျှောက်ပြောနေတာလဲ ချီ၊ ညည်း လိုချင်သလား၊ လိုချင်ရင် ခေါ်သွား'

'အိုး. . . မမကလည်း မမလူကို ညီမ မလုရက်ပါဘူးရှင်၊ ပစ်ရမှာလည်း အဆီနဲ့ဝင်းဝင်း၊ စားရမှာလည်း သဲနဲ့ရှပ်ရှပ်. . . ဟင်းဟင်း'

ဝှမ်ယိလူသည် စိတ်တိုလာပြီဖြစ်သဖြင့် အကျီနီ မိန်းမချောကို မျက်စောင်းထိုးတော့သည်။

'ညည်း ဒီနေ့ ဘယ်လိုဖြစ်နေတာလဲ'

'ဟင်း. . . ဟင်း. . . ပျော်လို့ နောက်တာပါ မမရယ်၊

www.burmeseclassic.com

www.burmeseclassic.com



စိတ်မဆိုးစမ်းပါနဲ့၊ သူကလည်း ညီမကို ကြိုက်မှာမဟုတ်ပါဘူး'

အကျီနီ မိန်းမချောသည် စကားပြောနေရင်းက မင်ရင်ပြဲ့ယ်ကို ဖျတ်ခနဲ လှမ်းပုတ်လိုက်သည်။

သို့သော် ဗိမ်ယိလူက သူမထက် မြန်သည်။ ပုတ်လာသော လက်ကို ဖျတ်ခနဲ လှမ်းဖမ်းလိုက်သည်။

'ဘယ်လိုလုပ်တာလဲ ချီရဲ့၊ တော်ကြာ. . .'

'အရှုးနဲ့ စကားပြောကြည့်ချင်လို့ပါ'

'မလုပ်ပါနဲ့ ချီ၊ မလုပ်ပါနဲ့'

'ဘာဖြစ်လို့လဲ မမရဲ့၊ ညီမကို သဘောကျသွားမှာစိုးလို့လား'

'တော်. . . တော်၊ ငါက ညည်း ကသိကအောင့် ဖြစ်မှာစိုးလို့ တားနေတာ၊ အရူးကို ဝက်သားကျွေးရင် ဘာဖြစ်တတ်သလဲ ညည်းသိတယ်မဟုတ်လား'

'သိပါတယ်၊ ဒါပေမယ့် ကျွန်မ သူ့ကို မကြောက်ပါဘူး၊ ဟင်း. . . ဟင်း'

'သူ့ကိုမကြောက်ပေမယ့် ဂိုဏ်းချုပ်ကြီးကိုတော့ ကြောက်ရလိမ့်မယ်၊ ဂိုဏ်းချုပ်ကြီးက သူနဲ့ပတ်သက်ပြီး ပြင်းထန်တဲ့ အမိန့်ထုတ်ထားတယ်၊ အထူးသတိပေးပြီး မှာထားတာတွေလည်း ရှိတယ်'

'ဟင်း. . . ဟင်း၊ မမယိလူနဲ့ မမရှန်းတို့ဟာ ဂိုဏ်းချုပ်ကြီးရဲ့ မျက်နှာသာပေး ခံရသူတွေမှန်း ညီမ သိပြီးသားပါ'

အကျီနီ မိန်းမချောက ရှုမှုက်ဖောကြွပြီး ဝန်တိုစကားပြောတော့သည်။

ဗွမ်ယိလူက အကျိုးသင့် အကြောင်းသင့် ပြောပြီး ချေပသည်။

'ညီမချီ ဘာတွေပြောနေတာလဲ၊ သွေးခွဲစကားတွေ ပြောမနေစမ်းပါနဲ့၊ မမတို့ လေးယောက်ဟာ ထန်းရှန်းဂိုဏ်းကို အတူတူဝင်ခဲ့ကြသူတွေပဲဟာ၊ ဘယ်သူ့ကို ဂရုစိုက်တယ်၊ ဘယ်သူ့ကို ဂရုမစိုက်ဘူးဆိုတာ ရှိပါမလား'

'ဟို. . . ညီမက အမှန်အတိုင်း ပြောနေတာပါ၊ ဂိုဏ်းချုပ်ကြီးဟာ မမယိလူနဲ့ မမရှန်းကိုသာ မျက်နှာသာ အပေးဆုံးပါ'

'ညည်း အဲဒီလို ကျယ်ကျယ်ပြော၊ ဂိုဏ်းချုပ်ကြီးနားပေါက်သွားရင် မလွယ်ဘူး၊ နားလည်လား'

'သိပ်လည်. . . သိပ်လည်၊ ညီမက အမှန်ကိုပြောတာ၊ ခုတောင် ညီမအတွက် သက်သေပြစရာ ပါလာသေးတယ်'

'ဟဲ့. . . ဘာများလဲဟဲ့'

'မင်္ဂလာသတင်းလေ၊ မမယိလူနဲ့ မမရှန်းတို့ရဲ့ မင်္ဂလာသတင်း'

'ကြံကြီးစည်ရာဟယ်'

'ကြံကြီးစည်ရာ မဟုတ်ဘူး မမယိလူရဲ့၊ တကယ်ပြောတာ၊ မမတို့ကို ယောက်ျားယူခွင့်ပြုတာဟာ မင်္ဂလာသတင်း မဟုတ်လို့ ဘာသတင်းလဲ'

'တွေ့ကရာတွေ ပြောမနေစမ်းပါနဲ့၊ ငါ ဘာမှမသိဘူး'



www.burmeseclassic.com

www.burmeseclassic.com



'ညီမပြောတာကို မယုံဘူးလား၊ မယုံရင် စောင့်ကြည့်နေ မကြာခင် မမကိုယ်တိုင် သိရလိမ့်မယ်'

'ဟင်း. . . ညည်း ပြောတာတွေကို ငါ ဘာမှမသိဘူး၊ ရှင်း ရှင်းလင်းလင်း ပြောစမ်းပါ'

'မမ တကယ်မသိဘူးလား'

'မသိလို့ပေါ့ဟဲ့၊ သိမှ မေးနေပါ့မလား'

'ညီမချိုလည်း ပြောသံကြားမှတာပါ'

'ကဲ. . . ထိုင်. . . ထိုင်'

ဝှမ်ယိလူ နေရာပေးမှ အကျိုနီ မိန်းမချောကော အကျိုစိမ်း မိန်းမချောပါ ကုလားထိုင်တွင် ဝင်ထိုင်ကြသည်။

ထိုအခါကျမှ ဝှမ်ယိလူက လောတော့သည်။

'ကဲ. . . ပြော. . . ပြော'

'ဒီလို မမရဲ့'

ချိုက ပတ်ဝန်းကျင်ကို မလုံမလဲပဟန်နှင့် အကဲခတ်လိုက် ပြန်သည်။

ဝှမ်ယိလူ စိတ်မရှည်တော့။

'ညည်းကလည်းအေ၊ စကားတစ်ခွန်းပြောဖို့အရေး ဟန် လုပ်နေရတာနဲ့ အချိန်ကုန်နေပြီ'

'ဟင်း. . . ဟင်း၊ မမက ဒီလိုကျတော့လည်း ဝါသနာ ပါသားပဲ . . . ဟင်းဟင်း'

'ကောင်မနော်'



'အလကားနောက်တာပါ မမရယ်၊ ကိစ္စက ဒီလိုပါ'

'ဘယ်လိုလဲ'

'မမယိနဲ့ မမရှန်းတို့ရဲ့ အမှတ်မထင် ဖြစ်ပေါ်လာတဲ့ မင်္ဂလာသတင်းပဲ'

'အကျိုစိမ်း ဒိန်းမချောကပါ ဝင်ပြောသည်။

ဝှမ်ယိလူသည် မျက်လုံးပြူးပြီး ရင်ခုန်လာတော့သည်"

»«

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂၇)

## မင်္ဂလာသတင်း

အကျိန် မိန်းမချော ချိက နိဒါန်းချီပြီး စပြောသည်။

'ဒီလို. . .ဒီလို၊ ညီမတို့လေးယောက်ဟာ ဂိုဏ်းချုပ်ကြီးနဲ့ နေခဲ့တာ အတော်ကြာပြီ မဟုတ်လား၊ အငယ်ဆုံးညီမလေး လန်တောင် အသက်နှစ်ဆယ် ပြည့်တော့မယ်၊ ဒါကြောင့်လည်း ဂိုဏ်းချုပ်ကြီးက ညီမတို့ကို အိမ်ထောင်ချပေးဖို့ စဉ်းစားနေပြီတဲ့ ပထမဆုံး ထွက်လာတဲ့သတင်းကတော့ မမရှန်းနဲ့ မယိလူတို့ကို ပထမဆုံး အိမ်ထောင်ချပေးဖို့ စီစဉ်နေပြီတဲ့၊ လူလည်း ရွေးချယ်ပြီးပြီတဲ့'

ဝှမ်ယိလူသည် ရင်တဒိန်းဒိန်း ခုန်ပြီး ခေါင်းနားပန်းကြီး



သွားတော့သည်။

ကြားရသော သတင်းကိုပင် မယုံရဲ ယုံရဲ ဖြစ်နေသည်။

'နေပါဦး. . ချီ၊ ညည်းက ဒီသတင်းကို ဘယ်က ဘယ်လို ကြားခဲ့တာလဲ'

'နှင်းအဆောင်မှာနေတဲ့ အစေခံမလေးဆီကပါ။ သူပြောတာကို ကြားမိလို့'

'သူကကော ဘယ်လိုသိခဲ့တာလဲ'

'ဂိုဏ်းချုပ်ကြီးပြောတာကို ကြားမိတယ်တဲ့'

'ဒါဖြင့် ဆက်ပြော'

'ပြောစရာကုန်ပြီ မမရဲ့'

'ကောင်မ ဈေးကိုင်မနေနဲ့၊ ဘယ်သူ့ကို ဘယ်သူနဲ့ စီစဉ်တာတဲ့လဲ'

'သတို့သားလောင်းတွေက ညီမတို့လေးယောက်ထက် သိုင်းပညာရော၊ ရာထူးရော၊ အဆင့်မြင့်တဲ့သူတဲ့၊ မျက်မှောက်ခေတ် သိုင်းလောကမှာလည်း အဆင့်မြင့်မြင့် ဝင်ဆံ့တဲ့ ရှားပါးသူတဲ့. . . ဟင်းဟင်း'

အကျိန် မိန်းမချောချိက သူ့စကားသူ သဘောကျပြီး တဟင်းဟင်း ရယ်ပြန်သည်။

ဝှမ်ယိလူကား ချီ ဝေ့လည်ချောင်ပတ် ပြောဆိုနေသဖြင့် စိတ်မရှည်ချင်တော့။

'ပွင့်ပွင့်လင်းလင်း ပြောစမ်းပါချီ'

www.burmeseclassic.com

www.burmeseclassic.com



'မမယိလူက ပါးနပ်တဲ့သူပဲဟာ အရိပ်ပြရင် အကောင်ထင်ရောပေါ့'

'အို . . . ငါ ဘာမှ မထင်တတ်ဘူး၊ သေသေချာချာတိတိကျကျ ပြောစမ်းပါ'

'မမရှန်းကို ဆရာကြီးပိုင် ပိုင်စီးနဲ့ ပေးစားမယ်တဲ့၊ မမယိလူကိုတော့. . .'

ဝှမ်ယိလူသည် စကားကိုဆုံးအောင်ပင် နားမထောင်တော့ဘဲ လှမ်းငေါက်တော့သည်။

'ဘာ. . . ဒါ ဂိုဏ်းချုပ်ကြီးရဲ့ဆန္ဒတဲ့လား'

ဝှမ်ယိလူ၏ အသံသည် မာပြီး ထန်နေသည်။ ချိုနေရာမှ တင်းမာလာသည်။

အကျိုနီ မိန်းမချောက စကားကို ဆက်ပြောသည်။

'ဟုတ်တယ်၊ အဲဒါ ဂိုဏ်းချုပ်ကြီးရဲ့ ဆန္ဒပဲ၊ ကာယကံရှင်နှစ်ယောက်ကိုလည်း ဂိုဏ်းချုပ်ကြီးက မေးပြီးပြီတဲ့၊ နှစ်ယောက်စလုံးကလည်း သဘောကျသတဲ့၊ လက်ခံတယ်တဲ့၊ မမယိလူအတွက်ကတော့. . .'

'တော်. . . တော်၊ ငါ့အတွက်က ဘယ်သူ့ကို ရည်ရွယ်တယ်ဆိုတာ ငါ သဘောပေါက်ပြီ'

ဝှမ်ယိလူသည် အလွန်ဒေါသ ထွက်လာသဖြင့် ထိုင်ရာမှ ဆက်ခနဲ ထလိုက်သည်။

'သူတို့ဆန္ဒရှိတိုင်း လုပ်လို့ရမလား၊ ငါ ဂိုဏ်းချုပ်ကြီးနဲ့



သွားတွေ့မယ်'

ဝှမ်ယိလူ၏ စကားကြောင့် အကျိုနီ မိန်းမချောချီ မျက်လုံးပြူးသွားသည်။

×××

'အို. . . မမကလည်း ဘာဖြစ်လို့ သွားတွေ့ရမှာလဲ၊ ညီမတို့က ဆီးပန်းချောင်မှာ တစ်သက်လုံး နေသွားရမယ့်ဟာ၊ အေးအေးဆေးဆေး နေစမ်းပါ'

'အို. . . ငါမှ အိမ်ထောင်မပြုချင်သေးတာ၊ ဂိုဏ်းချုပ်ကြီးစေတနာကိုတော့ ငါ လေးစားပါတယ်၊ ဒါပေမယ့်. . .'

ဝှမ်ယိလူသည် စကားစွန်း ထွက်မသွားစေရန် ထိန်းပြောနေရသဖြင့် အသံတုန်နေသည်။

သူမအတွက် သတို့သားလောင်းသည် ဖေားစီး စွန်းပုချောက်ပင် ဖြစ်ပေလိမ့်မည်။

ဒီလူကြီးကို ဝှမ်ယိလူ မည်သို့ ချစ်ခင်နိုင်မည်နည်း။

သို့တစေ. . .

မကျေနပ်စိတ်နှင့် ဒေါသစိတ်ကို အတင်းမျိုသိပ်နေရသည်။

အကျိုနီမိန်းမချော ချီက. . .

'ဟုတ်ပါတယ်၊ အရေးကြီးတာက မမအနေနဲ့ ဂိုဏ်းချုပ်ကြီးရဲ့စေတနာကို မစော်ကားမိဖို့ပဲ'

www.burmeseclassic.com

www.burmeseclassic.com



ငါ သဘောပေါက်ပါတယ်ချီ၊ ဒါပေမယ့် ငါ လင်မယူချင်သေးဘူး'

'ဟင်းဟင်း. . . မမက တစ်မျိုးပဲ၊ မမကျတော့လည်း တင့်တောင့်တင့်တယ်ရမယ့်ဟာကိုတောင် ငြင်းနေသေးတယ်'

'အိုး. . . ငါနဲ့ သူများတွေက တူမှမတူဘဲ၊ လိုချင်သူရှိရင် ယူကြပါစေ၊ ညည်းတို့ ယူချင်ရင်လည်း ယူ၊ ငါ ဂိုဏ်းချုပ်ကိုပြောပေးမယ်၊ ဒါပဲ'

ဝှမ်ယိလူစကားကြောင့် အကျိုးနီမိန်းမချောချီနှင့် အကျိုးစိမ်း မိန်းမချောလန်ပါ မျက်နှာများ နီရဲသွားသည်။

အတန်ကြာမှ အကျိုးနီမိန်းမချော ချီက. . .

'မမယိလူလည်း သိသားပဲဟာ၊ ဂိုဏ်းချုပ်ကြီးက သူ့စကားကို နားထောင်မှ ကြိုက်တာ၊ နားမထောင်ဘဲ ကလန်ကဆန်လုပ်ရင် လွယ်တာမဟုတ်ဘူး'

'ငါက ပေးတဲ့အပြစ်ကို ခံဖို့ အသင့်ရှိတယ်'

'မလုပ်ပါနဲ့ မလုပ်ပါနဲ့၊ မမယိလူသာ ဂိုဏ်းချုပ်ကြီးကို သွားတွေ့ရင် ညီမတို့ပါ ဒုက္ခရောက်ကုန်ပါ့မယ်'

ထိုအချိန်မှာပင် သတိလစ်ဟန်ဆောင်နေသည့် မင်ရင်ကြယ်၏ နှုတ်ခမ်းအစုံသည် တလှုပ်လှုပ်ဖြစ်သွားသည်။

ဝှမ်ယိလူသည် ထိုအဖြစ်ကို မြင်လိုက်သည်နှင့် သိသိသာသာကြီး ငြိမ်သက်သွားသည်။

အကျိုးနီမိန်းမချော ချီက. . .

'ဘကယ်တော့ ဆရာကြီးဟေးနဲ့ ဆရာကြီးပိုင်တို့ဟာ



လူချောလူငယ်တွေတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် သူတို့ရဲ့ ပညာနဲ့ ဂုဏ်အဆင့်အတန်းဟာ ဂျွန်လေးကောင်ထက်တော့ သိပ်မနိမ့်ပါဘူး'

ဝှမ်ယိလူသည် မည်သို့မျှ ငြင်းခုံခြင်း မပြုတော့ဘဲ ငြိမ်သက်နေတော့သည်။

ဤတွင် အကျိုးနီ မိန်းမချောချီနှင့် အကျိုးစိမ်း မိန်းမချောလန်တို့သည် တစ်ယောက်ကိုတစ်ယောက် မျက်စ ပစ်ပြလိုက်ကြပြီး. . . .

'ကဲ. . . မင်္ဂလာသတင်းလည်း ပို့ပြီးပြီ၊ ကြည့်ချင်မြင်ချင်တဲ့ ဝန်ရင်မော်ကိုလည်း ကြည့်ရမြင်ရပြီ၊ ဒီတော့ သူတို့ဘာသာစိတ်ချမ်းသာသလို လွတ်လွတ်လပ်လပ်နေကြပါစေ၊ မမယိလူလည်း အေးအေးဆေးဆေး စဉ်းစားပါစေ' ဟု ပြုံးတူပြောသည်။

ထို့နောက် ဝှမ်ယိလူကို ရယ်ကျဲကျဲနှင့် နှုတ်ဆက်ပြီး အဆောင်ခန်းအပြင်သို့ ပြေးထွက်သွားကြတော့သည်။

▶▶◀◀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂၈)

## ရေငုံနှုတ်ပိတ်နေသူ

ဝှမ်ယိလူသည် အဆောင်ခန်းတံခါးကို ပြန်ပိတ်လိုက်သည်။

ထို့နောက်. . . .

မင်ရင်ကြယ်အနီးသို့ ပြန်လျှောက်လာသည်။

မင်ရင်ကြယ်သည် ထိုအခါကျမှ အေးအေးဆေးဆေးပြန်ထိုင်သည်။

ဝှမ်ယိလူသည် ဒေါသလည်းထွက်၊ စိတ်မောလူမောလည်းဖြစ်နေသဖြင့် တော်တော်နှင့် စကားမပြောနိုင်ပေ။

မင်ရင်ကြယ်သည် အပြင်ကို အာရုံစိုက်နေရာမှ ဝှမ်ယိလူ



ကို လှမ်းပြောသည်။

'ကောင်မလေးနှစ်ယောက်တော့ မျှော်လင့်ချက်မဲ့ပြီး ထွက်သွားကြပြီ'

'မင်က ဘယ်လိုမြင်နေတာလဲ'

'သူတို့ပြောတာ ဖြစ်လည်း ဖြစ်နိုင်တယ်၊ မဖြစ်လည်း မဖြစ်နိုင်ဘူး၊ ဒီကိစ္စက ထန်းရှုန်းဂိုဏ်းရဲ့ မျိုးဆက်ဆိုင်ရာ အတွင်းရေးဆိုတော့ ကျုပ်လည်း မှန်မှန်ကန်ကန် မဆုံးဖြတ်တတ်ဘူး၊ ဖြစ်နိုင်တာကတော့ ဟစ်ချက်ခုတ် နှစ်ချက်ပြတ် ဆိုတဲ့စကားလို ကျုပ်နဲ့ ခင်ဗျားကို တာဝန်အရ လာပြီး လှေလာအကဲခတ်တာလည်း ဖြစ်နိုင်တယ်'

'ထားပါတော့လေ၊ ဒီကိစ္စက ဒီလောက် အရေးကြီးတဲ့ကိစ္စ မဟုတ်ပါဘူး'

'ဟုတ်ပါတယ်၊ သိပ်အရေးကြီးတာတော့ မဟုတ်ပါဘူး၊ ကဲ. . . ပြတ်သွားတဲ့စကားကို ပြန်ဆက်ကြရအောင်လား'

'ကောင်းပါတယ်၊ ဒါ အရေးအကြီးဆုံးပဲ'

'ဒါဖြင့် ကျုပ်မေးပါရစေ၊ ခင်ဗျားအနေနဲ့ ဂိုဏ်းချုပ်ကြီးနဲ့ ဘယ်လောက်ကြာအောင် နေခဲ့ပြီးပြီလဲ'

'ဆယ်နှစ်ကျော်ခဲ့ပါပြီ မင်'

'ဒါဖြင့် ဂိုဏ်းချုပ်ကလေးရဲ့အဖေကို တွေ့ဖူးပါသလား'

'မတွေ့ဖူးပါဘူး၊ ဒီကိစ္စကို ဘယ်သူမှလဲ မမေးဝံ့ကြပါဘူး'

'ဂိုဏ်းချုပ်ကလေးရဲ့ ပြောသံကိုတောင် မကြားမိဘူးလား'

www.burmeseclassic.com

www.burmeseclassic.com



'ဂိုဏ်းချုပ်ကလေးဟာ သူ့ အဖေဘယ်သူ ဆိုတာတောင် သိပုံမရပါဘူး'

'ဘယ်လိုပြောလိုက်တာလဲဗျာ'

'ဂိုဏ်းချုပ်ကလေး လူမဖြစ်ခင် ကတည်းက သူ့ဖခင် မရှိတော့လို့ပါ'

'ဂိုဏ်းချုပ်ကြီးက ဂိုဏ်းချုပ်ကလေးကို သူ့အဖေ ဘယ်သူ ဆိုတာ သိခွင့်မပေးဘူးလား'

'ဒီကိစ္စနဲ့ပတ်သက်ပြီး ပြောသံဆိုသံ ဘာမှ မကြားမိပါဘူး ရှင်'

'စိတ်ဝင်စားစရာပါပဲ၊ ဒီကိစ္စကို ဘယ်လိုရှင်းကြဦးမှာလဲ'

'ကံတရားအတိုင်းပဲပေါ့ရှင်'

'ဟဲ. . . ဟဲ ဝှမ်ယိလူစကားက အရာရာကို ကံကိုချည်း ပုံချနေတာကိုး၊ ဒီလိုဆိုရင် ခင်ဗျားကို အိမ်ထောင်ချပေးမယ့်ကိစ္စ ကိုလည်း. . .'

'ကျွန်မ ပွင့်ပွင့်လင်းလင်းပြောပြပါ့မယ်ရှင်၊ ကျွန်မတို့ ဂိုဏ်းက ညီအစ်မလေးယောက်ဟာ ကလေးဘဝကတည်းက အိမ်ခြေယာခြေ မဲ့နေကြသူတွေပါ၊ ဒါကြောင့် တာ့လီမြို့ပေါ်မှာ ခြေသလုံးအိမ်တိုင်ဘဝနဲ့ လေလွင့်နေခဲ့ကြပါတယ်၊ တစ်နေ့မှာ ဂိုဏ်းချုပ်ကြီးနဲ့တွေ့ပြီး ခုလို ကျွေးမွေးစောင့်ရှောက်မှုကို ခံခဲ့ရပါတယ်၊ ကျွန်မတို့လည်း ဒီကိုရောက်ကတည်းက တာ့လီကို မတမ်းတတော့ဘူး၊ ဒီမှာ ဂိုဏ်းချုပ်ကြီးက သိုင်းပညာကော စာပေပညာပါ



သင်ကြားပေးခဲ့တယ်၊ ဒီတော့ ဂိုဏ်းချုပ်ကြီးဟာ ကျွန်မတို့ရဲ့ အဖေလည်း ဟုတ်၊ အမေလည်း ဟုတ်နေပါတယ်၊ ဒီတော့. . .'

'ဟဲ. . . ဟဲ၊ ဒီတော့ ဂိုဏ်းချုပ်ကြီးရဲ့ဆန္ဒအတိုင်း ကျေးဇူး ဆပ်တဲ့အနေနဲ့ သူယူခိုင်းတဲ့လူကို ယူရတော့မှာပေါ့ ဟုတ်လား'

'ဟုတ်ပါတယ်၊ နောက်ဆုံးကျတော့ ဒီအတိုင်းပဲ ဖြစ်ရမှာ ပါပဲ. . .'

'ဟဲ. . . ဟဲ၊ စီးမင်ရှုန်းလည်း ဒီအတိုင်း လိုက်လုပ်စေချင် ပါတယ်ဗျာ'

ဝှမ်ယိလူသည် အားငယ်သလို ခံစားနေရရာမှ ချက်ချင်း တည်လာသည်။ မာလာသည်။

'မင် ဆိုလိုတာက'

'ဒီလိုပါ၊ စီးမင်ရှုန်းဟာ အင်မတန်စိတ်ထက်တဲ့မိန်းမပါ၊ သူ့အကြောင်းကို ကျုပ်ထက် ခင်ဗျားတို့က ပိုသိမှာပါ၊ ဒါကြောင့်'

'ဟင်း. . . ဟင်း၊ သူ့အနေနဲ့ သူများအပေါ်မှာ စိတ်ထက် လို့ ရချင်ရမယ်၊ ဂိုဏ်းချုပ်ကြီးအပေါ်မှာတော့ ထက်လို့ မရဘူး၊ နောက်တစ်ချက်က မမရှုန်းဟာ အင်မတန် ကျေးဇူးသိတတ်တဲ့ မိန်းမတစ်ယောက်ပါ'

'ကောင်းပါတယ်၊ စီးမင်ရှုန်းအနေနဲ့ ဂိုဏ်းချုပ်ကြီးရဲ့ ဒီ အစီအစဉ်ကို အေးအေးဆေးဆေးလက်ခံရင် အကောင်းဆုံးပဲ၊ ဒါမှ စိတ်မကောင်းစရာတွေ ဖြစ်ပေါ်မလာမှာ'

'ဒီအတွက်တော့ စိုးရိမ်စရာ ဘာမှမရှိဘူး၊ မမရှုန်းဟာ

www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းချုပ်ကြီးရဲ့ကျေးဇူးကို အနစ်နာခံပြီး ပေးဆပ်မှာ သေချာပါတယ်. . .'

'ဒီသဘောထား လေးစားစရာကောင်းတဲ့ သဘောထားပဲ'

'ဒါဖြင့် ဘာများပြောစရာ ရှိသေးသလဲ မင်'

'မရှိတော့ပါဘူးဗျာ၊ ခင်ဗျားတို့ နှစ်ယောက်ကို သစ္စာမဲ့တဲ့ အလုပ်မျိုး၊ ကျေးဇူးကန်းတဲ့အလုပ်မျိုး ချောက်မတွန်းဝံ့ပါဘူးဗျာ'

'ဘာလဲ၊ မင်က ဒီကိစ္စကို သဘောမတူဘူးလား'

'အိုး. . . ကျုပ်နဲ့ ဘာဆိုင်လို့လဲဗျာ၊ ဒီကိစ္စက ထန်းရှန်းဂိုဏ်းရဲ့ မျိုးဆက်ပြဿနာပဲဟာ'

မှန်ပါတယ်။ မင်ရင်ကြွယ်သည် ဤကိစ္စကို ဝင်စွက်ရန် ခက်ခဲလှပါသည်။

ထို့ကြောင့် ဆိုးသည် ကောင်းသည် မပြောဘဲ ရေငုံနှုတ်ပိတ် နေလိုက်မိတော့သည်။

▶▶ ◀◀



အခန်း (၁၂၉)

## ပါးချိုင့်ပေါက မျက်ရည်ဥ

ဝမ်ယိလူသည် အချိန်အတော်ကြာအောင် ငြိမ်သက်ပြီးမှ စကား ပြန်စသည်။

'ကျွန်မ ရှင့်ကို ပြောစရာရှိသေးတယ်'

'ပြောပါ၊ ကျုပ် နားထောင်နေပါတယ်'

'ဂငျုန်လေးကောင်ထဲမှာ ကျွန်မဟာ မမရှန်းကို အခင်ဆုံးပဲ. . .'

'ဒါကြောင့် မမရှန်း ပြန်ရောက်လာတဲ့အခါ ကျွန်မနဲ့ စကားပြောခဲ့ကြတယ်'

မင်ရင်ကြွယ်သည် ထိုစကားကို စိတ်ဝင်စားစွာ နား

www.burmeseclassic.com

www.burmeseclassic.com



ထောင်နေသည်။

ဝှမ်ယိလူ၏မျက်နှာသည် ဘာကြောင့်ရယ်မသိ နီမြန်းနေ၏။

'မမရှန်းက ပြောတယ်၊ ခုတစ်ခေါက် ခရီးထွက်ရာမှာ လူတစ်ယောက်နဲ့ တွေ့ဆုံခဲ့သတဲ့၊ အဲဒီလူဟာ အင်မတန် သစ္စာရှိတဲ့ သိုင်းသမားတစ်ယောက်တဲ့၊ သူ့သိုင်းပညာကို ဆရာကြီးနှစ်ယောက်ထက်တောင် မြင့်မားထက်မြက်တယ်တဲ့၊ သူ့ဘာဝဟာ စိတ်ဝင်စားစရာကောင်းသလောက် သူ့လုပ်ရပ်တွေဟာ အံ့သြစရာကောင်းသတဲ့'

'ဟုတ်လား'

မင်ရင်ကြယ်က ဘာမှ မသိသည့်ဟန်နှင့် အံ့သြဟန်ပြသည်။

ဝှမ်ယိလူက ပြုံးပြီး. . .

'ဟုတ်တယ်၊ မမရှန်းပြောတဲ့ အတိုင်းဆိုရင် အင်မတန် အံ့သြစရာကောင်းတဲ့ လူတစ်ယောက်ပဲ'

'သြော်. . . သြော်၊ စီးမင်းရှန်းက လိုတာထက်ပိုပြီး အထင်ကြီးနေသလားမှ မသိတာ'

'ကျွန်မလည်း မြင်တွေ့ခဲ့ပါတယ်ရှင်၊ မမရှန်းပြောတာ မပိုပါဘူး. . .'

'မျက်စိမှားရင်လည်း မှားတတ်တယ်ဗျာ'

'ကျွန်မ မျက်စိကို ကျွန်မ ယုံကြည်ပါတယ်ရှင်၊ ဘယ်လိုမှ



အကြည့်မမှားပါဘူး'

'ဝှမ်ယိလူက စီးမင်ရှန်းနဲ့ ဘယ်လောက်ကြာအောင် နေခဲ့လို့လဲ'

'နေ့ဝက်လောက်ပါ။ ဒီအချိန်ဟာ လုံလောက်တဲ့အချိန်လို့ ကျွန်မ ယုံကြည်ပါတယ်'

'မလုံလောက်ဘူးလို့ ကျုပ် မငြင်းပါဘူး'

'အဲဒီလူရဲ့နာမည်ကိုတော့ မမေးတော့ဘူးလားရှင်'

'ကြောက်စရာကောင်းတဲ့မျက်နှာရှင်လို့ ထင်ပါတယ်၊ ဒါကြောင့် မမေးချင်တော့ဘူး'

'မျက်နှာတစ်ခုတည်း ကြည့်ပြီး ဆုံးဖြတ်ရင် မှားတတ်တယ်ရှင့်'

'ဝှမ်ယိလူစကားကြောင့် ဘာပြောရမှန်းတောင် မသိတော့ပါဘူးဗျာ'

'ဟင်း. . . ဟင်း၊ ကျွန်မက သတိပေးနေတာတောင် ရှင်က ဘာဖြစ်လို့ မမေးရတာလဲရှင်'

'ကျုပ်လည်း ဘာမှ မဖြေတတ်တော့ဘူးဗျ'

'အဲဒီလူကို သူ့ရဲကောင်းမင် သိတယ်လို့ ဆိုခဲ့ဖူးတယ် မဟုတ်လား'

'တစ်ချိန်တုန်းကတော့ ဆိုခဲ့ဖူးပါတယ်'

'ဒါဖြင့် ကာခ်ခါတည်း မှာလိုက်ပါရစေ၊ နောင်ဘဝကျမှ ဆုံကြပါစို့လို့ ပြောလိုက်ပါ'

www.burmeseclassic.com

www.burmeseclassic.com



မင်ရင်ကြွယ်သည် ခေါင်းလည်းမညိတ်၊ ခေါင်းလည်း မခါချေ၊ တဒင်္ဂ တွေဝေသွားပြီးမှ-

'ဝှမ်ယိလူရဲ့ နေ့တစ်ဝက် အတွေ့အကြုံတွေကို ပြောပြပါဦးလားဗျာ'

'ကျွန်မနဲ့ ဆရာကြီးဟောစီးနဲ့ ဆရာကြီးပိုင်စီးတို့ စကားလက်ဆုံကျခဲ့ဖူးပါတယ်'

'ဟုတ်ကဲ့ ခင်ဗျားကိုယ်စား ပြောသင့်သူကို ပြောပြပေးပါ့မယ်ဗျာ'

'ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မလည်း သူ့သဘောထားကို သိချင်ပါသေးတယ်'

ဝှမ်ယိလူသည် စကားပြောရင်း တုန်ရင်သွားတော့သည်။

သူတို့နှစ်ယောက်၏ စကားဝိုင်းသည် ပဟေဠိဆန်သော စကားဝိုင်းပင်။

သို့သော် ဤပဟေဠိ၏အဖြေသည် တစ်နေ့တွင် မုချပေါ်လာပေလိမ့်မည်။

မင်ရင်ကြွယ်သည် ဝှမ်ယိလူ၏မျက်နှာကို ငေးကြည့်နေရင်းက ခံစားချက်တစ်ခုကို ပညာပါပါ လှမ်းပြောပြန်သည်။

'အဲဒီလူကလည်း အချောဆုံးမိန်းမတစ်ယောက်ကို ရလို့ ခင်ဗျားလိုပဲ ခံစားရပါလိမ့်မယ်ဗျာ'

ဝှမ်ယိလူသည် ငြိမ်နေရာမှ ဆတ်ခနဲ ဖြစ်သွားသည်။

'ရှင်' တကယ်ပြောနေတာလား



မင်ရင်ကြွယ်လည်း အလွန်စိတ်လှုပ်ရှားလာတော့သည်။

ဝှမ်ယိလူ၏ မျက်လုံးထဲမှ မျက်ရည်ကြည်ကလေးများသည် သူ့ရင်ကို လှုပ်ယမ်းလိုက်သည်-ထင်ပါ၏။

'ဝှမ်ယိလူ ယုံသင့်ပါတယ်ဗျာ'

ဝှမ်ယိလူသည် သူ့စိတ်ကို မထိန်းနိုင်တော့သဖြင့် မျက်ရည်များ ဝဲကျလာတော့သည်။

မျက်ရည်သည် တဖြည်းဖြည်းနှင့် မျက်ရည်ဥများ အဖြစ်သို့ ပြောင်းလဲလာပြီး ပါးပြင်ပေါ်သို့ လိမ့်ကျလာတော့သည်။

မင်ရင်ကြွယ်သည် ပါးချိုင့်ကလေးကို ဖြတ်သန်းနေသော မျက်ရည်ဥကလေးကို ငေးကြည့်နေရင်း သက်ပြင်းတစ်ချက် ချလိုက်မိတော့သည်။

ထို့နောက် ပြတင်းပေါက်ကို ကျော်ပြီး အပြင်သို့ လှမ်းကြည့်လိုက်သည်။

ထိုအခါ လန်းဆန်း သင်းမြနေသည့် ဆီးပန်းများကို မြင်ရလေတော့သတည်း။

▶▶ ◀◀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃၀)

## ရယူချင်သော ဆု

ရုတ်တရက်. . .

မင်ရင်ကြွယ်သည် ဝှမ်ယိလူကို ကမန်းကတန်း လှမ်းခြော သည်။

'မျက်ရည်တွေ သုတ်ပစ်လိုက်၊ လူလာနေတယ်'

ဝှမ်ယိလူသည် မျက်ရည်များကို ကမန်းကတန်း သုတ် လိုက်ရတော့သည်။

မင်ရင်ကြွယ်လည်း ကုလားထိုင်ပေါ်တွင် ဒုတိယအကြိမ် ငြိမ်နေလိုက်ရပြန်လေပြီ။

ခြေသံသည် ဝေးရာမှ နီးလာသည်။



မကြာမီတွင် တံခါးပေါက်ဝတွင် လူတစ်ယောက် ရပ်နေပြီ ဖြစ်ကြောင်း သတိပြုလိုက်မိသည်။

တစ်ဆက်တည်းတွင် မေးသံ ပေါ်လာသည်။

ဝှမ်ယိလူသည် ကြားရသောအသံကြောင့် တုန်ခနဲ ဖြစ် သွားသည်။

'ဘယ်သူလဲ'

'ကျုပ်ပါ၊ ဟေးစီး စွန်းပုရှောက်'

'ဩော်. . . ဆရာကြီးဟေးကိုး'

ဝှမ်ယိလူသည် မသက်မသာဟန်နှင့် တံခါးဖွင့်ပေးလိုက် သည်။

'လေးစားပါတယ် ဆရာကြီးဟေး'

ဝှမ်ယိလူ ဂါရဝပြုပြီး နှုတ်ဆက်သည်။

'ဂါရဝတွေ ဘာတွေ လုပ်မနေပါနဲ့ လွတ်လွတ်လပ်လပ် နေပါ'

ဟေးစီး စွန်းပုရှောက်သည် ဝှမ်ယိလူကို စိုက်ကြည့်ပြီး ပြုံးသည်။

အလွန်ပြုံးခဲ့သောလူ ပြုံးသောအခါ ရယ်စရာကောင်းနေ သည်။

ဝှမ်ယိလူသည် မရယ်ရဲပါ။ ရှိရှိသေသေသာ လမ်းဖယ်ပေး သည်။ ဟေးစီး စွန်းပုရှောက်သည် အခန်းထဲရောက်သည်နှင့် စာကြည့်ခန်းရှိရာ လျှောက်သွားသည်။

www.burmeseclassic.com



မင်ရင်ကြယ်ကို ကြည့်ပြီး ဝှမ်ယိလူကို လှမ်းမေးသည်

'သူက ဘယ်သူလဲ'

'အရှုးပါ၊ သူ့သွေးကြောတွေကို ကျွန်မ ပိတ်ထားပါတယ်'

'ကောင်းတယ်'

ဟောစီး စွန်းပုရှောက်သည် မင်ရင်ကြယ်ကို စိုက်ကြ[illegible] လိုက်ပြီး ပြုံးသွားပြန်သည်။

အခြေအနေကို သဘောကျနေသည် ထင်သည်။

'နေပါဦး သူက ယိလူကို...'

'အထင်မမှားပါနဲ့ ဆရာကြီးဟော'

'မမှားချင်ပါဘူး၊ ဟိုဟာဒီဟာ လုပ်တယ်ဆိုရင်[illegible] သယ်ပစ်လိုက်မှာပဲ'

'အို...ဘာတွေပြောနေတာလဲ ဆရာကြီးဟောရဲ့'

ဝှမ်ယိလူ၏မျက်နှာသည် ရှက်သွေးတက်ပြီး နီမြန်း[illegible] တော့သည်။

ဟောစီး စွန်းပုရှောက်က ညော်ခန်းမကြီးထဲမှ အဖြစ်[illegible] သတိရလာသဖြင့် မကျေမနပ် ပြောလာသည်။

'ကျုပ်ရမယ့်ဆုလာဘ်ဟာ သူ့ကြောင့် အလကား[illegible] သွားတယ်'

ဝှမ်ယိလူက သူ့စကားကို ထောက်ခံပြောကြားခြင်း[illegible] ဘဲ လမ်းကြောင်း ပြောင်းပစ်သည်။

'ထိုင်ပါ ဆရာကြီးဟော...၊ အေးအေးဆေးဆေး[illegible]



ကျွန်မ ရေနွေးကြမ်းနဲ့ အချိုပွဲ ပြင်လိုက်ဦးမယ်'

'နေပါစေ...နေပါစေ၊ ဒုက္ခမခံပါနဲ့၊ ဆရာကြီးဟောလို့လည်း ခေါ်မနေစမ်းပါနဲ့၊ ဒီအသံကို နားထောင်ရလွန်းလို့ ခေါင်းကိုက်လှပါပြီ'

'ကျွန်မ ကြောက်လို့ပါ ဆရာကြီးဟောရဲ့'

'ကြောက်စရာ ဘာမှမရှိဘူး'

'ဟုတ်ကဲ့...အားကိုးပါတယ် ဆရာကြီးဟော၊ ဒါနဲ့ ခုလို ကြွရောက်လာတာက...'

'အရှုးနဲ့နင်နဲ့ ဟိုဟာဒီဟာ ဖြစ်နေမှာစိုးလို့ပေါ့ဟ'

ဝှမ်ယိလူ၏ မျက်နှာသည် သွေးဖျန်းထားသလို ရဲတွတ်နေတော့သည်။

ဟောစီးစွန်းပုရှောက်သည် ဘာမျှ ဂရုစိုက်ဟန်မရှိဘဲ ပြောချင်ရာ ဆက်ပြောနေပြန်သည်။

'ဂိုဏ်းချုပ်ကြီးကလည်းဗျာ...ဘာစိတ်ကူး ရနေသလဲ မပြောတတ်ပါဘူး၊ အရှုးကို ခင်ဗျားနဲ့မှ လွှတ်ပေးရတယ်လို့၊ တစ်ခြားမိန်းကလေးတွေ အများကြီး ရှိနေသားနဲ့'

'ဒါက အရေးကြီးချက်ရှိလို့ ဖြစ်မှာပေါ့ရှင်'

'အိုဗျာ...ငှုန်လေးကောင်ဟာ စားသောက်ဆိုင်က စားပွဲထိုးတွေမှ မဟုတ်တာ'

ဝှမ်ယိလူ မည်သို့မျှ စောဒက မတက်တော့ပါ။

ဟောစီး စွန်းပုရှောက်သည် မင်ရင်ကြယ်ကို ကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



မေးပြန်သည်။

'သူ ဘယ်သူဆိုတာ သိပြီလား ယိလူ'

'ကျွန်မ ကြောက်လို့ သွေးကြောပိတ်ထားတာပါ၊ ဘာမှ မမေးရသေးပါဘူး'

'ဒါပေါ့၊ အရူးဆိုတာ သတိထားမှ ကောင်းတာ၊ သူ ဘယ်သူဆိုတာ သိဖို့တော့ အရေးကြီးတယ်၊ ဂိုဏ်းချုပ်ကြီး သူ့ အကြောင်းစုံစမ်းဖို့ ခင်ဗျားကို အခန်းထဲ ပို့ထားတာ'

'ဒီလိုဆိုရင် ဆရာကြီးဟေး ဆုရဖို့ မျှော်လင့်ချက် ရှိသေးတာပေါ့'

'အမှန်ပြောရရင်တော့ ဆုလိုချင်တာ အမှန်ပဲ'

'ဒါဖြင့် ကျွန်မ လေ့လာစုံစမ်းပေးပါမယ်ရှင်'

'မလိုပါဘူး၊ ခု အဲဒီဆုကို ကျုပ် မလိုချင်တော့ဘူး'

'အို. . . ဘာဖြစ်သွားရပြန်တာလဲ ဆရာကြီးဟေးရဲ့'

'အရူး သတိဝင်လာရင် ခင်ဗျားကို ကြံစည်မှာစိုးလို့ပေါ့၊ ကိုယ့်အတွက် ကိုယ် သိသင့်တယ် ယိလူ'

'ဟုတ်ကဲ့. . . ကျေးဇူးတင်ပါတယ် ဆရာကြီးဟေး'

'လာပြန်ပြီ ဆရာကြီးဟေး ဆရာကြီးဟေးနဲ့ ပြောမနေစမ်းပါနဲ့'

ဝှမ်ယိလူ ရယ်ချင်နေပြီ။

သို့သော် မရယ်မိပါ။

'ကျွန်မ စိတ်လွတ်ကိုယ်လွတ် မပြောရဲ မဆိုရဲသေးလို့ပါ'



'ထားလိုက်ပါ. . . ထားလိုက်ပါ၊ ဒါနဲ့ ချင်းချိနဲ့ ယိလန်တို့ ဒီကို လာကြသေးသလား'

'လာပါတယ်၊ သူတို့ထွက်သွားတာ သိပ်မကြာသေးပါဘူး'

'သူတို့က ဘာလာလုပ်တာလဲ'

'ဘာရယ်မဟုတ်ပါဘူး'

'ဘာတွေ ပြောသွားသေးသလဲ'

'ထူးထူးခြားခြား ဘာမှ ပြောမသွားပါဘူး'

'ကျုပ်ကို ညာတာလား'

'ယိလူ မညာဝံ့ပါဘူး ဆရာကြီးဟေး'

'ထားပါ၊ သူတို့က ဂိုဏ်းချုပ်ကြီးရဲ့ စေတနာ အစီအစဉ်ကို ပြောပြမသွားဘူးလား'

ဝှမ်ယိလူဘာမျှ ပြန်မဖြေပါ။

ခေါင်းငုံ့ပြီး ငြိမ်နေသည်။

'သူတို့ ပြောသွားတယ် မဟုတ်လား ယိလူ'

ဝှမ်ယိလူက ခေါင်းသာ ညိတ်ပြသည်။

ဟေးစီး စွန်းပုရှောက် ဝမ်းမြောက်ဝမ်းသာ ဖြစ်လာသည်။

'ဒီလိုဆိုရင် အကြောင်းစုံ သိပြီးပြီပေါ့'

ဝှမ်ယိလူက အသံမပြုဘဲ ခေါင်းသာညိတ်ပြသည်။

သူမ ရှက်နေသည်လော၊ ကြောက်နေသည်လော ဟေးစီး စွန်းပုရှောက် ဝေခွဲမရပါ။

'ဒါဖြင့် ခင်ဗျား သဘောထားကို ပြောပါဦး ယိလူ'

www.burmeseclassic.com

www.burmeseclassic.com



'. . . . . .'

ဟေးစီး စွန်းပုရှောက် ရယ်မိပြန်သည်။

'ခင်ဗျား မကျေနပ်ဘူးလို့ ကြားတယ်၊ ဟုတ်သလား'

'ညီမလေးချိုက ပြန်ပြောသလား'

ဝှမ်ယိလူအသံ ထွက်လာပြီး. . . . .

'သူများပြောတာတွေကို မေးမနေပါနဲ့ ယိလူ၊ ယိလူကိုယ်တိုင် ဖြေစမ်းပါ'

ဝှမ်ယိလူ အံကြိတ်မိလေသည်။

'ကြားတဲ့သတင်းက ဖြန်းစားကြီးဆိုတော့ ယုံရအခက် မယုံရခက် ဖြစ်သွားပါတယ်၊ ကျွန်မ အဲဒီလို ကံကောင်းမယ် မထင်ပါဘူး'

ဝှမ်ယိလူ၏အဖြေက ပညာသားပါသည်။

'အခုတော့ ယုံပြီမဟုတ်လား၊ ဒီတော့ ယိလူရဲ့ သဘောထားကို ပြောပါ'

'ကျွန်မ ပြောဖို့လိုသေးလို့လား၊ ဂိုဏ်းချုပ်ကြီးကိုတောင် ဘယ်လိုကျေးဇူးတင်ရမှန်း မသိတော့ဘူး'

'ဟဲ. . . ဟဲ အိမ်ထောင်ပြုတယ်ဆိုတာ နှစ်ဦးနှစ်ဘက် ကျေနပ်မှုရှိမှ ကောင်းတာ၊ ဆန္ဒမပါဘဲ ခေါင်းညိတ်လို့ ကောင်းတာ မဟုတ်ဘူး၊ ကျုပ်ကလည်း အတင်းအဓမ္မ သဘောတူပါလို့ အကျပ် မကိုင်ပါဘူး'

ဟေးစီး စွန်းပုရှောက်က သူ့ကိုယ်သူ အလွန်မျှတသူ



စ်အောင် လုပ်ကြံပြောသည်။

ဤအချက်ကို ဝှမ်ယိလူ သဘောပေါက်သည်။

သို့သော်. . .

အခြေအနေအရ မီးစင်ကြည့် ကရမည်ကို သဘောပေါက်နေသည်။

တကယ်တော့ မိမိသည် သူတို့လက်ခုပ်ထဲက ရေပင်။

'ကျွန်မ ကျွန်မ အထွေအထူး မပြောတတ်ပါဘူး၊ ဂိုဏ်းချုပ်ကြီးကိုသာ လေးလေးစားစားနဲ့ ကျေးဇူးတင်နေပါတယ်'

ဟေးစီး စွန်းပုရှောက်၏မျက်နှာသည် ဝင်းထိန်လာသည်။

'ဒါဆို. . . ဒါဆို ယိလူ ကျေနပ်တယ်ပေါ့'

ဝှမ်ယိလူက အသံမထွက်ဘဲ ခေါင်းသာညိတ်ပြသည်။

ဟေးစီးစွန်းပုရှောက်သည် တုန်တုန်ယင်ယင် ဖြစ်နေပြီ။ သူ၏ လက်တစ်ဘက်သည် ယိလူပခုံးပေါ်သို့ ရောက်သွားပြီ။

ဝှမ်ယိလူက ပခုံးတွန့်ပြီး ရှက်ရွံ့စွာ နောက်ဆုတ်သွားလေသည်။

'ဆရာကြီးဟေး'

ဝှမ်ယိလူ၏ အသံသည် သိသိသာသာ တုန်နေသည်။

'ဘာလဲ'

ဟေးစီးစွန်းပုရှောက်၏ အသံသည် ရမ္မက်ဇောသံ လွှမ်းနေပြီ။

ဝှမ်ယိလူက မင်ရင်ကြယ်ကို မေးထိုးပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ကိစ္စမရှိပါဘူး၊ အရူးဟာ အရူးပဲ၊ ခင်ဗျားလက်ချက်နဲ့ သတိလစ်နေတာလည်း အမှန်ပဲ ဟဲဟဲဟဲ'

'အို. . သူလည်း လူပဲရှင့်'

'ဟဲဟဲဟဲ. . . ဟုတ်တယ်၊ ဟုတ်တယ် ကဲ. . . ယိလူ အခန်းထဲ သွားကြရအောင်လား'

ဝှမ်ယိလူ အနားကပ် မခံရဲပါ။

'အို. . . ဆရာကြီးဟေးကလည်း၊ ယိလူဟာ မိန်းမကောင်း တစ်ယောက်ပါရှင်၊ လက်ဖက်ကောင်း စားချင်ရင် တောင်တက် နေးရသတဲ့၊ ကျွန်မဟာ ဆရာကြီးဟေးရဲ့ ဇနီးလောင်းဖြစ်နေပါပြီ သန့်စင်တဲ့ ဇနီးလောင်းလေးကို တန်ဖိုးထားတယ်ဆိုရင် မင်္ဂလာဓွဲ ကျင်းပပြီးတဲ့အထိ စောင့်စေချင်ပါတယ်'

ဟေးစီး (စွန်းပုရှောက်)သည် ရှက်ကိုးရှက်ကန်းနှင့် နောက်ပြန်ဆုတ်လိုက်သည်။

'စိတ်မဆိုးပါနဲ့၊ စိတ်မဆိုးပါနဲ့ ယိလူ သဘောတူတယ်ဆို ရင် ကျုပ် ကျေနပ်ဝမ်းသာပါတယ်၊ ကဲ. . . ဂိုဏ်းချုပ်ကြီးဆီကို သတင်းသွားပို့လိုက်ဦးမယ်၊ ဒါမှ နေ့ကောင်းရက်သာ မြန်မြန်ရွေး နိုင်မှာ. . . ဟဲဟဲဟဲ'

ဟေးစီး စွန်းပုရှောက်သည် သွားဖြဲရယ်ပြီး လှည့်ထွက် သွားသည်။

'ဆရာကြီးဟေး'

ဝှမ်ယိလူက အရေးတကြီး လှမ်းခေါ်ပြန်သည်။



ဟေးစီး စွန်းပုရှောက်သည် သရဲကြီး သွားဖြဲပြသလို ရယ်ပြီး ပြန်လှည့်မေးသည်။

'ဘာကိစ္စရှိသေးလို့လဲ ယိလူ၊ ပြောပါ. . . ပြောပါ၊ ဟဲ ဟဲ ဟဲ'

ဝှမ်ယိလူသည် ဟေးစီး စွန်းပုရှောက်ကိုကြည့်ပြီး ကြက်သီး တဖြန်းဖြန်းထနေသည်။

သို့သော်. . . .

ဟန်လုပ်ပြီး ပြောဆိုနေရသည်။

'ဩော်. . . မမရှန်းကော သဘောတူပြီလားလို့ မေးချင် လို့ပါ'

'ညည်းက သူဖြေသလို ဖြေချင်လို့လား ယိလူ'

'မဟုတ်ပါဘူး ဆရာကြီးဟေးရဲ့၊ ရင်းနှီးသူချင်းမို့ မေးတာ ပါ၊ ခုကိစ္စက သူ့စိတ်နဲ့သူ၊ ကိုယ့်စိတ်နဲ့ကိုယ်၊ ဘာဆိုင်လို့လဲ. . . ဟင်းဟင်း'

'ဒါနဲ့များ ဘာလို့ မေးနေရသေးလဲ'

'မပြောချင်လည်း ရပါတယ်'

ဝှမ်ယိလူက နှုတ်ခမ်းစူပြီး ပြောသည်။

ဟေးစီး စွန်းပုရှောက် ထိတ်ထိတ်ပျာပျာ ဖြစ်သွားပြန် သည်။

'စိတ်ဆိုးမနေစမ်းပါနဲ့ ယိလူရယ်၊ ဟဲဟဲ. . . ကျုပ် ပြောပြပါ့မယ်၊ သူ သဘောမတူလည်း တူလာရပါလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုပြောတယ် ဆရာကြီးဟေး'

'သူ ဘယ်လောက်ခေါင်းမာတယ်ဆိုတာ ညည်းလည်း သိသားပဲ၊ ဒါကြောင့် အလွယ်တကူ သဘောတူမှာ မဟုတ်ဘူး'

'ဟုတ်နိုင်ပါ့မလား'

'ဟုတ်နိုင်တာပေါ့'

'ဘာဖြစ်လို့လဲ'

'သူ့မှာ ချစ်သူရှိတယ်လေ၊ ယိလူ မသိဘူးလား'

'ချစ်သူရှိတယ် ဟုတ်လား၊ ကျွန်မ ဘာမှ မသိပါလား'

'ယိလူ မသိပေမယ့် ကျုပ် သိနေတယ်၊ သူ့ချစ်သူက မင်းရင်ကြွယ်'

'မဖြစ်နိုင်ပါဘူး ဆရာကြီး ဟေးရယ်၊ ဆရာကြီးဟေးက ဘယ်လို သိနေတာမို့လဲ'

'တို့ ခရီးထွက်တုန်းက သူ့အမူအရာနဲ့ လှုပ်ရှားမှုတွေကို လေ့လာမိလို့ပေါ့၊ တကယ်တော့ ကျုပ်သိတာထက် ယိလူက ပိုပြီး သိပါလိမ့်မယ်'

ဟေးစီး စွန်းပုရှောက်က ဝှမ်ယိလူကို စကားအငိုက်ဖမ်းသည်။

ဝှမ်ယိလူက ထိုစကားကို ဂရုမစိုက်ချေ။

'အင်း. . . သူ့မှာ ဒီလိုကိစ္စမျိုး ရှိခဲ့ဖူးတာကိုး'

ဝှမ်ယိလူသည် အံ့ဩဟန် ပြုလိုက်ပြီးမှ ဆက်မေးသည်။

'ဆရာကြီး ပိုင်ကော မမရှန်း သဘောကို မေးကြည့်ပါသေးသလား'

'ဆရာကြီးပိုင် လိုက်သွားပြီ ယိလူ၊ ဂိုဏ်းချုပ်ကြီးက အမိန့်စာ ထုတ်ပေးခဲ့တယ်၊ ခု ချောင်စခန်းကို ပြန်ခေါ်ထားပြီ'

'မမရှန်းကို ဒီကိစ္စနဲ့ ပြန်ခေါ်ထားတာလား'

'ဒီထက် အရေးကြီးတဲ့ကိစ္စ ရှိသေးလို့လား'

'မမရှန်းက သူ့မှာ ချစ်သူရှိနေပြီလို့ ဝန်ခံမယ် မထင်ပါဘူးရှင်'

'ရှိရှိ မရှိရှိ သူ့သဘောမတူလည်း တူလာရမှာပါ ယိလူ'

'ဒီလိုဆိုရင် အတင်းအကျပ် လုပ်တဲ့သဘော ဖြစ်မနေဘူးလား၊ ဆရာကြီးဟေး ပြောတော့ အတင်းအဓမ္မ သဘောလည်း ပါလို့ အကျပ်မကိုင်ပါဘူးဆို'

'ဟ. . . ဒါက ကျုပ်ကိစ္စ ကျုပ်သဘောကို ပြောတာပဲ၊ ဆရာကြီးပိုင်နဲ့ မဆိုင်ပါဘူး၊ ဆရာကြီးပိုင်ကိစ္စက တကိစ္စ၊ ကျုပ်ကိစ္စက တကိစ္စ၊ ဘာမှ မဆိုင်ဘူး၊ ဒီကိစ္စမှာ သူ့သဘောထားနဲ့သူ၊ ကျုပ်သဘောထားနဲ့ကျုပ်၊ နှစ်ခုရောလို့ မရဘူး၊ ကျုပ်ဆိုလိုတာက ဆရာကြီးပိုင်က သူလိုချင်တာရှိရင် ရအောင်ယူတတ်လေ့ရှိတာကို ပြောတာ'

ဟေးစီး စွန်းပုရှောက်က ကိုယ့်ကိုယ်ကို အမွှမ်းတင်ပြီး တရားမျှတသူဟန် ဆိုသည်။ ဝှမ်ယိလူက မဲ့ပြုံးပြုံးသည်၊ ထို့နောက်

'ဒီလိုဆိုရင် ကျွန်မ မမရှန်းကို နားချပေးပါ့မယ်လေ'

'ယိလူက ဆရာကြီးပိုင်ကို ကူညီချင်တယ်ပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဟင်း. . . ဟင်း၊ မမရှန်းကောင်းစားတာကို မြင်ချင်လို့ပါရှင်'

'ကောင်းပြီ၊ ကောင်းပြီ သူတို့ပြန်ရောက်မှ အခြေအနေကြည့်ပြော'

ဟေးစီး စွန်းပုရှောက်သည် ဟက်ခနဲ ရယ်ပြီး ထပ်ပြောပြန်သည်။

'အင်း. . . ညီမလေး ယိလူ နားချမပေးလည်း သူခေါင်းညိတ်လာမှာပါပဲ'

ဝှမ်ယိလူသည် ရင်ထဲ ထိတ်ခနဲ ဖြစ်သွားပြန်သည်။

'နေပါဦး၊ ဆရာကြီးတို့က ဘယ်လို လုပ်ကြဦးမလို့လဲ'

'ဘယ်လိုမှ မလုပ်ပါဘူး၊ သူ့ အစီအစဉ်နဲ့သူ ရှိနေလို့ပါ'

ဝှမ်ယိလူမေးမြန်းစုံစမ်းချင်သေးသည်။ သို့သော် စွန်းပုရှောက်က ပါးသည်။ စကားဖြတ်ပြီး-

'ကဲ. . . ကျုပ်သွားဦးမယ်၊ သတို့သမီးလောင်းဖြစ်ပြီဆိုတော့ ကျန်းမာရေးကို ဂရုစိုက်ပြီး စိတ်ချမ်းသာအောင် နေပါ၊ အလွန်ဆုံး စောင့်ရရင် လေးငါးရက်ပါပဲ၊ သွားမယ်၊ ဟား ဟား ဟား'

ဟေးစီး စွန်းပုရှောက်သည် သူ့ဘာသာ သဘောကျပြီး တဟားဟား ရယ်ကာ ထွက်ခွာသွားတော့သည်၊ ဝှမ်ယိလူသည် စွန်းပုရှောက် ထွက်သွားရာကို ငေးပြီး ကျန်ရစ်ခဲ့သည်။



အခန်း (၁၃၁)

## ယန်စင်းကဲ့ ဝက်ပါ

ဝှမ်ယိလူသည် အဆောင်ခန်း တံခါးကို ပိတ်ပြီးသည်နှင့် စာကြည့်ခန်းရှိရာ ပြန်လျှောက်လာသည်။ ကုလားထိုင်တွင် ဝင်ထိုင်သည်။

မင်ရင်ကြယ်သည် မျက်လုံးပြူးပြီး သူမကိုငေးကြည့်နေသည်။

ဝှမ်ယိလူသည် အလွန်ဝမ်းနည်းကြေကွဲနေသဖြင့် ခေါင်းငုံ့ပြီး ငြိမ်နေတော့သည်။ မင်ရင်ကြယ်ကလည်း ဘာမျှမပြောပါ။

စာကြည့်ခန်းသည် ကြေကွဲဖွယ် တိတ်ဆိတ်နေသည်။ အတန်ကြာမှ ဝှမ်ယိလူထံမှ ငိုသံပါနေသော အသံထွက်လာသည်။

www.burmeseclassic.com



'ကျွန်မ ကံတော်တော်ဆိုးတယ်ရှင့်၊ သူ့ကို လင်တော်ရတော့မယ်ရှင့်'

ဝှမ်ယီလူသည် ဝမ်းနည်းလွန်းသဖြင့် ငိုချလိုက်တော့သည်။

မင်ရင်ကြယ် ဘာမှ မပြောနိုင်ပါ။ ထိုကိစ္စကို ဝင်စွက်ရန် အကြောင်းလည်းမရှိပါ။ သူတစ်ပါး၏ ကိုယ်ရေးကိစ္စ ဖြစ်နေသဖြင့် အကြံလည်း မပေးလိုပါ။

ဝှမ်ယီလူက မကျေမနပ်နှင့် မျက်ရည်သုတ်ပြီး ရေရွတ်ပြန်သည်။

'ဖူးစာကံအကြောင်း မကောင်းဘူးလို့ပဲ ပြောရပါတော့မယ်၊ ဒီကိစ္စဟာ ကျွန်မဘဝတစ်ခုလုံး အစော်ကားခံရတဲ့ အနိုင်ကျင့်ခံရတဲ့ကိစ္စပါပဲ'

မင်ရင်ကြယ်သည် ခေါင်းတညိတ်ညိတ်သာ လုပ်နေမိတော့သည်။ ဝှမ်ယီလူအတွက် သနားစိတ်နှင့် စိတ်မကောင်း ဖြစ်မိသည်ကား အမှန်ပင် ဖြစ်သည်။

ဝှမ်ယီလူ စိတ်ငြိမ်သွားသောအခါမှ မင်ရင်ကြယ် စကားစသည်။

'ကောက်ကျစ်စဉ်းလဲမှုတွေကြားထဲက လမ်းစပေါ်လာပြီ ဝှမ်ယီလူ'

ဝှမ်ယီလူသည် ဆတ်ခနဲ ခေါင်းမော့လာသည်။

'ဘာပြောလိုက်တာလဲရှင်'



'ဆရာကြီးပိုင် လိုက်သွားပြီဆိုတဲ့စကားဟာ'

'ဘယ်လို သဘောပေါက်လို့လဲ သူရဲကောင်းမင်'

'စီးမင်ရှန်းတစ်ယောက် ဌာနချုပ် ပိုင်နက်မှာ ရှိနေတယ်လို့ အမိပ္ပာယ် ထွက်တယ်'

'ဟုတ်ပါ့မလားရှင်၊ ဂိုဏ်းချုပ်ကြီးက မမရှန်းကို ဆရာကြီးနှစ်ယောက်နဲ့ ခရီးထွက်သွားတယ်လို့ ပြောခဲ့ဖူးပါတယ်'

'ကျုပ်အနေနဲ့ ဆရာကြီးနှစ်ယောက်နဲ့ ဂိုဏ်းချုပ်ကလေး အကြောင်းကို ဘာမှ မပြောမိသေးပါဘူး'

'ပြောစရာရှိရင် ယုံယုံကြည်ကြည် ပြောစေချင်ပါတယ်ရှင်'

'သူတို့တွေကိုတော့ ထိန်းသိမ်းထားပြီ ထင်ပါတယ်ဗျာ'

'ဒီလိုဆိုရင် ကျွန်မထင်တဲ့အတိုင်း ဖြစ်နေပြီပေါ့'

'အမှန်လို့ တိတိကျကျ မပြောနိုင်သေးဘူး၊ ဂိုဏ်းချုပ်ကြီး အနေနဲ့ သားနဲ့ ဦးလေးတွေကို တကယ် ချုပ်နှောင်ထားရဲသလား ဆိုတာ စဉ်းစားဖို့ကောင်းတယ်၊ ပြဿနာက မရေရာတဲ့ ပြဿနာ၊ သံသယ ဝက်ပါ ဖြစ်နေတယ်'

'ကျွန်မတွက်မိတာက ဆရာကြီးနှစ်ယောက်နဲ့ ဂိုဏ်းချုပ်ကလေးတို့ ထူးထူးခြားခြား ပျောက်နေလို့ပါ'

'ပျောက်သောသူ ရှာရင် တွေ့ပါတယ်ကွာ၊ ကဲ... ထန်းရှန်းအချုပ်ခန်း ဘယ်မှာရှိသလဲ၊ ဘယ်နှစ်ခုရှိသလဲ'

'တိတိကျကျတော့ မသိဘူး၊ အမှတ်ကိုးတောင်ထိပ်ပေါ်က တောင်ကုန်းဆယ့်ကိုးခုမှာ ရှိတာတော့ သိတယ်၊ အဲဒီမှာ ရှိတဲ့

www.burmeseclassic.com

www.burmeseclassic.com



လိုဏ်ခေါင်းတွေကို အချုပ်ခန်း လုပ်ထားသတဲ့၊ ဘယ်နေရာ၊ ဘယ်လိုဏ်ခေါင်း ဆိုတာတော့ ကျွန်မ မသိဘူး'

'ဒီလောက်ဆို လုံလောက်ပါတယ်၊ ဒါနဲ့ ယန်စင်းကဲ့ဆိုတဲ့ အဆောင်ကကော ဘယ်လောက်ဝေးသလဲ'

'သိပ်မဝေးပါဘူး'

'အစောင့်တွေ ရှိသလား'

'သေသေချာချာ မသိဘူး၊ ကိုက်ငါးရာအတွင်း မဝင်ရလို့ အမိန့်ထုတ်ထားတဲ့အတွက် အစောင့်ရှိရှိ မရှိရှိ ဘယ်သူမှ မသွားရဲဘူး'

'လိန်ကူးချီကိုကော ဘယ်မှာ ချုပ်ထားသလဲ'

'အနောက်ဘက်တောင် ချောက်ကမ်းပါးမှာရှိတဲ့ ကျောက်ထရံကြီးအောက်က လိုဏ်ခေါင်းထဲမှာ၊ အကျီဝါ စည်းကမ်းထိန်းကြီး တစ်ယောက် စောင့်တယ်'

'ဒီလိုဆိုရင် ကျုပ်ကို ယန်စင်းကဲ့အဆောင်နားကို ခေါ်သွားပါလား'

'ဘာပြောတယ်မင်၊ ရှင် ဘာလုပ်မလို့လဲ'

'တွေ့ချင်သူကို ရှာမလို့'

'မဖြစ်ပါဘူး ဂိုဏ်းချုပ်ကြီး သိသွားရင် ကျွန်မပါ ဒုက္ခရောက်မယ်'

'မရောက်ပါဘူးဗျာ၊ ကျုပ်ကို [illegible] အရူးလို့ သိထားတာပါ၊ ဒီတော့ ခင်ဗျားကလည်း [illegible]ပဲ သဘောထားပေါ့'



'အို . . . မဖြစ်နိုင်ပါဘူး'

'ဖြစ်နိုင်ပါတယ်ဗျာ၊ လွယ်လွယ်လေးပါ၊ ကျုပ် ယန်စင်းကဲ့ အဆောင်ထဲ ရောက်တာနဲ့ ခင်ဗျားက ဂိုဏ်းချုပ်ကြီးဆီ အမြန်ဆုံး သတင်းပို့လိုက်ပါ၊ ဒီလိုဆိုရင် ခင်ဗျားလည်း တာဝန်ကင်းပါတယ်'

'ကျွန်မသဘောက ဒီလိုမှ မဟုတ်ဘဲရှင့်'

'ကျုပ်ကတော့ ဒီအတိုင်းပဲ၊ ကျုပ်ကို ဟန့်တားသူနဲ့တွေ့ရင် ဘယ်လို လုပ်ရမယ်ဆိုတာလည်း စဉ်းစားပြီးပြီ'

'အရမ်းမလုပ်ချင်စမ်းပါနဲ့ရှင်၊ မတော်တဆ ဂိုဏ်းချုပ်ကြီးက . . .'

'ဟဲ ဟဲ . . . ခင်ဗျားတို့ဂိုဏ်းချုပ်ကြီးက ကျုပ်ကို လိန်ကူးချီဆီ သွားစေချင်နေတာဗျ၊ ဒါကို ခင်ဗျား သဘောမပေါက်ဘူးလား၊ မရိပ်မိဘူးလား'

ဝှမ်ယိလူသည် ခေတ္တစဉ်းစားပြီး ခေါင်းညိတ်လာသည်။

'အင်း . . ကျွန်မ သဘောပေါက်ပြီ'

မင်ရင်ကြွယ်သည် အချိန်ဆွဲမနေတော့ဘဲ အခန်းထဲမှ ချက်ချင်း ထွက်တော့သည်။

ဝှမ်ယိလူသည် တံခါးကို သေသေချာချာပြန်ပိတ်ပြီး အပြင်သို့ထွက်ခဲ့ရတော့သည်။

×××

ဆီးပန်းချောင်စခန်းသည် ကိုက်တစ်ထောင်ခန့် ကျယ်ဝန်းသော စခန်းပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချောင်စမန်း၏ ပတ်လည်တွင် မိုးထိအောင် မြင့်မားသည့် ကျောက်နံရံကြီးများ ဝိုင်းနေသည်။

ရေခဲဖုံးသော တောင်ထွတ်၊ တောင်ထိပ်များကိုလည်း မြင်ရသည်။

ချောင်စခန်းနှင့် အနီးဆုံး ကျောက်ထရံကြီးနှစ်ခုသည် ရေခဲယုတ်စပေခန့် ရှိနေသည်။

မင်ရင်ကြယ်နှင့် ဝှမ်ယိလူတို့သည် အနောက်တောင် ကျောက်ထရံကြီး အနီးသို့ ရောက်လာသည်။

ထိုကျောက်ထရံကြီးသည် မတ်စောက်ပြီး မြင့်မားသည်။

အခြားသော ကျောက်ထရံကြီးများကဲ့သို့ ရေခဲများ ဖုံးနေသည်။

ထိုကျောက်ထရံကြီး၏ အောက်ခြေမှ လူတစ်ရပ်သာသာ အမြင့်တွင် လိုဏ်ခေါင်းတစ်ခု ရှိနေသည်။

မင်ရင်ကြယ်နှင့် ဝှမ်ယိလူတို့သည် ကိုကျောက်ထရံ လိုဏ် ခေါင်းနှင့် နီးနိုင်သမျှ နီးအောင် ချောင်ခိုပြီး တိုးကပ်လာကြသည်။

မကြာမီမှာပင် လိုဏ်ခေါင်း ရှိဟန်တူသည့်နေရာတွင် သူလေးငါးဆယ်ကို ခပ်မှုန်မှုန် တွေ့ရသည်။

'အဲဒါ ဂိုဏ်းက အစောင့်တွေပဲ'

ဝှမ်ယိလူက လေသံနှင့် ပြောသည်။

မင်ရင်ကြယ်က ခေါင်းညိတ်ပြပြီး. . . .

'အချုပ်ခန်းကို တောင်ထရံလိုဏ်ခေါင်းမှာမှ ဆောက်ထား ရသလားဗျာ' ဟု စိတ်မောဟန်နှင့် ပြောသည်။



ဝှမ်ယိလူက ခေါင်းညိတ်ရုံ ညိတ်ပြသည်။

ထိုနေရာမှ တစ်နေရာသို့ လှမ်းမျှော်ကြည့်သော် ဆီးပန်း တောအုပ်ကလေးတစ်အုပ်ကို တွေ့ရသည်။

ဆီးပန်းပင်များပေါ်တွင် နှင်းပွင့်နှင်းခဲများ ဖုံးအုပ်နေ သည်။

လေတိုက်တိုင်း တရှဲရှဲအသံများ မြည်နေသည်။

'အဲဒီနေရာက ဘာလဲ'

'တားမြစ်နယ်မြေပဲ၊ ဆီးပန်းတောအုပ်က တားမြစ်နယ်စပ် ပေါ့၊ တောအုပ်အနောက်ဘက်မှာ ယန်စင်းကဲ့ ရှိတယ်'

မင်ရင်ကြယ်သည် ဘာစကားမျှ မပြောတော့။

ဆီးပန်းတောအုပ်ရှိရာသို့သာ ဦးတည်ပြီး သတိထားသွား သည်။

ဝှမ်ယိလူသည် သူ့နောက်မှ ကပ်လိုက်သွားသည်။

မင်ရင်ကြယ်သည် ဆီးပန်းတောအုပ်နှင့် ကိုက်တစ်ထောင် အကွာကို ထွက်ပြီး တောအုပ်ကို ပတ်လျှောက်နေပြန်သည်။

မကြာမီ သေသပ်လှပသော အဆောက်အအုံလေး တစ်ခု ကို လှမ်းမြင်ရသည်။

အဆောက်အအုံသည် အုတ်ကျွတ်မိုးဖြစ်သည်။ အမိုးပေါ် တွင် နှင်းပွင့်များ ဖုံးနေသည်။

ဆီးပန်းပင်တစ်ပင်၏ သစ်ကိုင်းပေါ်တွင် လက်ငါးခန့်

www.burmeseclassic.com



ရှိသော ကြေးပြားတစ်ချပ် ချိတ်ဆွဲထားသည်။

ကြေးပြားသည် လေတိုက်တိုင်း လှုပ်ယမ်းနေသည်။

'အဲဒါ ယန်စင်းကဲ့လား'

'ဟုတ်ပါတယ်၊ ဆရာကြီးနှစ်ယောက် နေတဲ့နေရာပဲ'

'ဒီလိုဆိုရင် ကျုပ် ဝင်သွားတော့မယ်၊ ခင်ဗျားလုပ်ရမှာက ဂိုဏ်းချုပ်ကြီးကို အကြောင်းကြားလိုက်ဖို့ပဲ'

'စိတ်ချပါ ကျွန်မ မမေ့ပါဘူး၊ သတိထားပြီး သွားပါရှင်'

မင်ရင်ကြယ်သည် ဝှမ်ယီလူကိုပင် လှည့်မကြည့်တော့ဘဲ ရှေ့ကို တိုးပြီး သွက်သွက်လျှောက်တော့သည်။

လမ်းလျှောက်ရင်း အခြေအနေကို သဘောပေါက်လာသည်။ ဤပတ်ဝန်းကျင်သည် ကိုးခန်းရှစ်ထောင့် ဝက်ပါဗျူဟာ ခင်ထားသည့်နေရာဖြစ်နေသည်။

ဝက်ပါပညာ မကျွမ်းလျှင် ဆီးပန်းပင်များကို နုတ်ပစ်မှ အပြင်သို့ ထွက်နိုင်လိမ့်မည်။

တစ်စုံတစ်ယောက်သည် ဝက်ပါဗျူဟာ ပညာ ကျွမ်းကျင်လိမ္မာခြင်း မရှိပါက မျက်စိလည် လမ်းမှားပြီး ဒုက္ခရောက်မှာသေချာသည်။

ဝက်ပါသည် ကိုက်ငါးဆယ်ပတ်လည်တွင်သာ တည်ဆောက်ထားကြောင်း မင်ရင်ကြယ် သတိပြုမိသည်။

မင်ရင်ကြယ်သည် ဤမျှသော ဝက်ပါ ဗျူဟာလောက်ကို ဂရုမစိုက်လှပါ။



ဤဝက်ပါသည် မင်ရင်ကြယ်အဖို့ နှစ်ကြိမ်လောက် ခုန်ပျံလိုက်ရုံနှင့် ဝင်နိုင်ထွက်နိုင်သော ဝက်ပါသာ ဖြစ်သည်။

မင်ရင်ကြယ်သည် လျှို့ဝှက်ချက်များကို လေ့လာပြီးသည်နှင့် လွှားခနဲ လွှားခနဲ ခုန်ပျံလိုက်သည်။

သိပ်မကြိုးစားလိုက်ရပါ။ အဆောက်အအုံလေးရှိရာ ရောက်သွားတော့သည်။

မင်ရင်ကြယ်သည် အဆောက်အအုံလေးကို အကဲခတ်ပြီး ဝင်ပေါက်ရှာသော်လည်း တံခါးပိတ်ထားသည်ကို တွေ့ရသည်။

အဆောက်အအုံထဲတွင် လူရိပ်လူရောင်ကိုလည်း မတွေ့ရချေ။

အသံဗလံလည်း မကြားရချေ။

အတန်ကြာ စဉ်းစားချင့်ချိန်ပြီးသည်နှင့် ပြတင်းပေါက်တစ်ခုမှ ကျော်ပြီး ဝင်ခဲ့သည်။

အထဲသို့ ဝင်မိသည်နှင့် အနီရောင် ကျောက်ခုံတန်းလျားတစ်ခုကိုတွေ့ရသည်။

ကျောက်ခုံတန်းလျားပေါ်တွင် ယောကျ်ားကြီးနှစ်ယောက်နှင့် မိန်းမကြီးတစ်ယောက်ကို ဘွားခနဲ တွေ့ရသည်။

သူတို့သည် မျက်စိစုံမှိတ်ပြီး တင်ပျဉ်ခွေထိုင်နေကြသည်။

မိန်းမကြီးသည် ယောကျ်ားကြီးနှစ်ယောက်၏ အလယ်တွင် ထိုင်နေခြင်းဖြစ်သည်။

မိန်းမကြီး ဝတ်ထားသည့်အကျႌသည် အဖြူရောင်

www.burmeseclassic.com

www.burmeseclassic.com



ပိုးအကျီဖြစ်သည်။

ယောကျ်ားကြီးနှစ်ယောက်တား အဘိုးဝကြီး ချာမင်နှင့် အဘိုးပိန် ကူဝေ့တို့ဖြစ်နေသည်။

မင်ရင်ကြယ်သည် ရင်တထိတ်ထိတ် ဖြစ်နေရာမှ ပြုံးစိစိ ဖြစ်လာသည်။

ဤလူသုံးယောက်သည် အသက်ဝင်အောင် လက်ရာ မြောက်စွာ ထုလုပ်ထာသည့် ပန်းပုရုပ်လုံးများပေတကား။

ထိုရုပ်တုသုံးခုကို မြင်မှ လွန်လေပြီးသော အတိတ်တာ လက ရှန်းဟိုင်သုံးဦး၏ ကျော်စောထင်ရှားမှုများကို ပြန်ပြီး တမ်းတ လာမိသည်။

အလယ်တွင်ထိုင်နေသော မိန်းမကြီးသည် နာမည်ကျော် မေချီလိဝ္ဝတို့ ဖြစ်သည်။

သူမ ကွယ်လွန်သွားသည်မှာ နှစ်အတော်ကြာပြီဖြစ်သည်။

ထို့ကြောင့် မေချီလိဝ္ဝတို့ ရုပ်တုအတွက် အံ့ဩစရာ မရှိ ပါ။

ချာမင်နှင့် ကူဝေ့ကား ကွယ်လွန်သူများ မဟုတ်သေးပါ။

သို့ပါလျက် သူတို့ကို အဘယ်ကြောင့် ရုပ်တု ထုထားသေ သနည်း။

ဤရုပ်ထုများကို ထုလုပ်ထားသည်မှာ မည်မျှ ကြာမြင့်ခဲ့ ပြီနည်း။

မင်ရင်ကြယ်သည် မျက်မှောင်ကြုတ်ပြီး တွေးနက်နေ



တော့သည်။

ထို့နောက် ရှေ့ကိုဖြည်းဖြည်းချင်း လှိုးသွားသည်။ နှာခေါင်း ထဲသို့ မွှေးပျံ့သင်းထုံသောရနံ့များ တိုးဝင်လာသည်။

ရုပ်တု ထုထားသည့်အသားမှ ရနံ့များပင်။

မေချီလိဝ္ဝတို့ ရုပ်တုရှေ့တွင် သစ်သားဘူးလေးတစ်ဘူး ရှိနေသည်။ စိတ်ဝင်စားစရာကောင်းနေသဖြင့် ကောက်ယူပြီး ဖွင့်ကြည့်လိုက်သည်။

ဝါဖန့်ဖန့် စာရွက်ကလေးများကို တွေ့ရသည်။

ဖြန့်ကြည့်လိုက်သောအခါ ဝူဟို့သို့ ဆိုသည့် စာကြောင်း လေးကို တွေ့ရသည်။

ထိုစာကြောင်းအောက်တွင် ခံစားချက် ကြီးမားစွာ ရေးသားထားသည့် ကြေကွဲဖွယ်ကောင်းသောကဗျာကို တွေ့ရ သည်။

ကဗျာဆုံးသောအခါ ယွင့် ဟူသော စာလုံးကို တွေ့ရ သည်။

ယွင့်သည် မေချီလိဝ္ဝတို့၏ ချစ်သူဖြစ်လိမ့်မည် ထင်သည်။

ယွင့်သည် မည်သူများပေနည်း။

မင်ရင်ကြယ်သည် ဒုတိယမြောက်စာရွက်ကို ဖြန့်လို ပြန်သည်။

စာလုံးလှလှကလေးများကို တွေ့ရပြန်သည်။ ဖတ်ကြည့် သောအခါ. . .

www.burmeseclassic.com

www.burmeseclassic.com



မင်းရင်ကြွယ်သည် ထိတ်ခနဲ ဖြစ်ပြီး ရပ်နေရာမှ ခုန်ထွက်လိုက်ရသည်။

ပြတင်းပေါက်ကိုကျော်ပြီး အပြင်ခန်းသို့ရောက်သောအခါ ခြေသံများကို ပီပီသသ ကြားလာရသည်။

ဆီးပန်းတောအုပ်ထဲတွင် ပိုင်စီး ရွှေချိန်ရိုးနှင့် ဟေးစီး စွန်းပုရှောက်တို့သည် အကျီဝါ စည်းကမ်းထိန်းကြီးလေးယောက်နှင့် ရောက်နေကြလေပြီ။

သူတို့နှင့်အတူ ဝုမ်ယိလုကိုပါ တွေ့ရသည်။

မင်းရင်ကြွယ်သည် ခပ်တည်တည်နှင့် သူတို့လူစုရှိရာ လျှောက်သွားသည်။

ပိုင်စီး ရွှေချန်ရိုးနှင့် ဟေးစီး စွန်းပုရှောက်တို့သည် မင်းရင်ကြွယ်ကို တွေ့သည်နှင့် အလွန် တုန်လှုပ်သွားကြသည်။

'ဟားဟား. . . ဘယ်သူတွေများလဲလို့၊ ခင်ဗျားတို့ကိုး။ ဟိုကောင်မက တော်တော်စိတ်ပုပ်တဲ့ကောင်မပဲ၊ ခင်ဗျားက ကျုပ်ကို ဖမ်းဖို့ လူတွေ ခေါ်လာတယ်ပေါ့ ဟုတ်လား၊ ဟော့ လူတွေ. . . ခင်ဗျားတို့က ဘာလာလုပ်ကြတာလဲ၊ ဟိုကောင် ကုန်းတိုက်တာကို ယုံပြီး လိုက်လာကြတာလား၊ မိန်းမညာဏ်ဆိုတာ အဲဒါပေါ့ဗျ. . . အဲဒါပေါ့'

'သူရဲကောင်းမင်း. . ရှင် ဒီလို မရိုင်းပါနဲ့'

'သူရဲကောင်းမင်း၊ သူရဲကောင်းမင်း ဆိုတာ ဘယ်သူလဲ'

'ဂိုဏ်းချုပ်ကြီးက ရှင့်ကို သူရဲကောင်းမင်လို့ သတ်မှတ်



ထားတယ်မဟုတ်လား'

'ဘာဆိုင်သလဲ၊ ကျုပ် ဝန်ရင်မော်ဗျ'

'ထားပါ၊ ခု ရှင် တားမြစ်နယ်မြေထဲ ကျူးကျော်နေတယ် မဟုတ်လား'

'ကြံကြီးစည်ရာ၊ ဒါ တားမြစ်နယ်မြေလား၊ ဆီးပန်းပင်တွေ ချည်းရှိတဲ့နေရာကို ဘာဖြစ်လို့ တားမြစ်နယ်မြေလို့ ပြောနေတာလဲ၊ ဟာ. . ဟ'

'ဘာပင်ပဲရှိရှိ တားမြစ်နယ်မြေဟာ တားမြစ်နယ်မြေပဲ'

'အို. . . ခင်ဗျားတို့က လူတစ်ယောက်ကို အပြစ်ဖို့ချရင် ဖွတ်ဖို့ကြတာပဲလားဗျ၊ ပန်းပင်တွေချည်းရှိတဲ့နေရာကို ရွှေနန်းတော်လို့ ပြောလို့ရမလား၊ ဟား ဟား'

ပိုင်စီး ရွှေချန်ရိုးက မင်းရင်ကြွယ်၏ အမူအရာကို ကြည့်ပြီးရယ်သည်။

မင်းရင်ကြွယ်က ချာရပတ်လှည့်လိုက်ပြီး ဆက်ပြောသည်။

'ကျုပ် ပန်းပင်တွေကြားထဲ လျှောက်နေတာ ကြာပြီဗျ၊ ရှေ့ကိုလျှောက်လည်း ဒီနေရာပဲ၊ နောက်ကိုလျှောက်လည်း ဒီနေရာပဲ၊ ကျုပ် ခေါင်းမူးနေပြီ'

'ဝန်ရင်မော် အပြင်ထွက်လို့ မရဘူးလား'

'အပြင်လား အတွင်းလား ဆိုတာလည်း မသိပါဘူးဗျ၊ ခြေညောင်းအောင် လျှောက်လာတာ ဘာမှ မထူးခြားပါဘူး'

ပိုင်စီး ရွှေချန်ရိုးသည် မင်းရင်ကြွယ်၏ခြေရာများကို

www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြည့်သည်။

အဝင်ခြေရာနှင့် ခေါက်တုံ့ခေါက်ပြန် ဝဲလည်နေသော ခြေရာများကိုသာ တွေ့ရသည်။

အဆောက်အအုံရှိရာ သွားသည့်ခြေရာကို မတွေ့ရ။

ထို့ကြောင့် စွန်းပုရှောက်ကို ခေါင်းညိတ်ပြလိုက်သည်။

ဟေးစီး စွန်းပုရှောက်က ရယ်ပြီး ပြောလာသည်။

'မိတ်ဆွေလေး ဝန်ရင်မော်၊ ခင်ဗျား ဟိုအဆောက်အအုံထဲ ရောက်မသွားတာ ကောင်းတယ်၊ ကဲ. . . ဒီနေရာက လေတိုက်ကြမ်းတယ်၊ အေးလည်း သိပ်အေးတယ်၊ ကျုပ်တို့နဲ့သာ လိုက်ခဲ့ပါ'

'နေပါဦး၊ ခင်ဗျားတို့က ဘယ်သူမို့လဲ'

'ဒုတိယ သခင်လေးကလည်းဗျာ၊ ကျုပ်ကိုတောင် မေ့နေပြီလားဗျ၊ ကျုပ်စွန်းပုရှောက်လေဗျာ၊ မင်ရင်ကြယ်သည် စွန်းပုရှောက်ကို စိုက်ကြည့်လိုက်ပြီး ပိုင်စီး ရွှေချန်ရှိုးကို လှမ်းမေးပြန်သည်။

'ခင်ဗျားကကော'

'ရွှေချန်ရှိုးပါ ဒုတိယသခင်လေး'

'ဟုတ်ပြီ. . . ခုမှ သတိရပြီ၊ ကျုပ် ဒီ ဝူကန်းတောင်ကုန်းပေါ်မှာ လျှောက်နေတာ အတော်ကြာပြီ၊ အိမ်တော်ပြန်ဖို့ ကြိုးစားတာ ဘယ်လိုမှ မရဘူး၊ ဒါ ဝူကန်းတောင်ကုန်း ဟုတ်ရဲ့လား၊ ဆီးပန်းပင်တွေက ဘယ်တုန်းက ပေါက်နေတာလဲ၊ ပန်းပင်တွေကလည်း တော်တော် မျက်စိရှုပ်စရာကောင်းတယ်၊ အဲဒါတွေကို ခုတ်ပစ်လိုက်စမ်းဗျာ'



'ဒီလောက်လှတဲ့ ဆီးပန်းပင်တွေကို ခုတ်ပစ်ရက်သလား သခင်လေးရယ်'

ရွှေချန်ရှိုးက ရိုသေလေးစားဟန်နှင့် ပြောလာသည်။

မင်ရင်ကြယ် မျက်နှာ မဲ့ရွဲ့သွားသည်။

'ကျုပ်ထင်သလို လျှောက်လို့မရဘူးဗျ၊ ခေါင်းမူးတယ်'

ထိုစဉ် ဝှမ်ယိလူက အနားတိုးပြီး ချိုချိုသာသာ ပြောသည်။

'သစ်ပင်တွေကို စိတ်ဆိုးမနေပါနဲ့ သခင်လေး ဝန်ရင်မော်၊ ဒီထက်လှပြီး ဒီထက်သာယာတဲ့နေရာကို ကျွန်မ လိုက်ပို့ပေးပါ့မယ်'

'တကယ်လား'

'တကယ်ပါ သခင်လေးရယ်'

'ကောင်းပြီ သွားစို့၊ အို. . . မသွားဘူးဗျာ မသွားဘူး၊ ဒီသစ်ပင်တွေကို ခုတ်ပစ်တာ ကျုပ်ကြည့်ချင်သေးတယ်'

'သခင်လေး ကြည့်ချင်တာ ကြည့်ရမှာပေါ့၊ ခု ခုတ်ထွင်ရှင်းလင်းစရာ ပစ္စည်းတွေ ဘာမှ ပါမလာလို့ ခဏ သည်းခံပါ၊ တအောင့်လောက်ကြာမှ လာကြည့်ရင် မကောင်းဘူးလား သခင်လေးရဲ့'

'အေး. . . ဒါလည်း ကောင်းတယ်'

မင်ရင်ကြယ်သည် စကားပြောရင်း ဝှမ်ယိလူ၏ လက်မောင်းကို ဆုပ်ကိုင်လိုက်သည်။ ထိုနောက်. . .

'ကောင်းပြီ၊ တော်ကြာတျမှ ပြန်လာမယ်၊ ခုလောလောနေရာကို

www.burmeseclassic.com

www.burmeseclassic.com



သွားကြမယ်၊ သွားပြီ သွားပြီ'

မင်းရင်ကြွယ်သည် ဝှမ်ယီလူ၏လက်မောင်းကို ဆုပ်ကိုင်ပြီး ခပ်သွက်သွက်လျှောက်သွားတော့သည်။

ဟောစီး၊ စွန်းပုရှောက်သည် မင်းရင်ကြွယ်နှင့် ဝှမ်ယီလူတို့ကို မျက်လုံးပြူးကြီးနှင့် ကြည့်ရင်း မကျေမနပ် ဖြစ်နေသည်။

ပိုင်စီး ရွှေချန်ရှိုးက စွန်းပုရှောက်ကိုကြည့်ပြီး ရယ်ချင်နေလေသည်။

'ရည်းစားလူလု၊ အနုကျွဲခတ် ဖြစ်နေတာလားဗျ၊ ကိုယ့်ဇနီးလောင်းဟာ ကိုယ့်ဇနီးလောင်းပါဗျာ. ... ဟားဟား'

ပိုင်စီး ရွှေချန်ရှိုး၏စကားကြောင့် ဟောစီး စွန်းပုရှောက်သည် ရှုံ့မဲ့နေတော့သည်။

ဝှမ်ယီလူသည် ပိုင်စီး ရွှေချန်ရှိုး၏ စကားကို ကြားလိုက်ရသော်လည်း ဂရုစိုက်ခြင်း မရှိချေ။

မင်းရင်ကြွယ်နှင့် ဤသို့ ပူးပူးကပ်ကပ် သွားနေရသည်ကိုပင် ကြည်နူးသာယာနေဟန်နှင့် ပြုံးရွှင်နေသည်။

မကြာမီမှာပင် သူတို့နှစ်ယောက်စလုံး ဆီးပန်း တောအုပ်အပြင်သို့ ရောက်လာသည်။

ထိုအခါကျမှ မင်းရင်ကြွယ် တိုးတိုးပြောသည်။

'ကျုပ် အပြောအဆိုနဲ့ အပြုအမူတွေ ရိုင်းစိုင်းခဲ့တာတို့ ခွင့်လွှတ်ပါ ဝှမ်ယီလူ'

'ကိစ္စမရှိပါဘူးရှင်၊ သဏ္ဌာန်လုပ် သရုပ်တူရပေမပေါ့



ဟင်း. . . ဟင်း'

'ကဲ. . . ခု ကျုပ်ကို ဘယ်ခေါ်သွားမှာလဲ. . .'

'တောင်ထိပ်ပေါ်မှာ လမ်းလျှောက်ကြမယ်လေ'

'ကောင်းသားပဲ၊ ထန်ချန်းတောင်ကို ကျုပ် လေ့လာချင်ပါသေးတယ်'

ဝှမ်ယီလူသည် ရှက်ပြုံးပြုံးရင်းက မင်းရင်ကြွယ်ကို လက်ဆွဲပြီး လျှောက်ထွက်သွားတော့သည်။

မင်းရင်ကြွယ်က မျက်မှောင်ကြုတ်ပြီး. . .

'ဒီအတိုင်းဆိုရင်တော့ စွန်းပုရှောက် တစ်ယောက် မနာလိုဝန်တိုစိတ်နဲ့ ရင်ကွဲပက်လက် ဖြစ်နေပြီထင်တယ် ဝှမ်ယီလူ'

ဝှမ်ယီလူသည် မျက်နှာတစ်ခုလုံး နီရဲသွားပြီး ခပ်သွက်သွက် လျှောက်နေလေတော့သည်။

မကြာမီ ချောင်အပြင်သို့ ရောက်လာကြသည်။

စွန်းပုရှောက်သည် စည်းကမ်းထိန်းကြီး လေးယောက်ကို ဦးဆောင်ပြီး ဆီးပန်းတောအုပ်ကို ကွေ့ပတ်လျှောက်နေ၏။

ထိုသို့ လျှောက်နေရင်းကလည်း မင်းရင်ကြွယ်နှင့် ဝှမ်ယီလူတို့ကို ဒေါသမျက်လုံးနှင့် လှမ်းလှမ်းကြည့်နေသည်။

ပိုင်စီး ရွှေချန်ရှိုးက ဟောစီး စွန်းပုရှောက်ကိုကြည့်ပြီး ပြုံးနေသည်။

'ဂိုဏ်းချုပ်ကြီးအမိန့်နဲ့ တာဝန်ထမ်းဆောင်နေတယ်ဆိုတာကို မေ့မထားပါနဲ့ဗျာ၊ နောက်လေးငါးရက်ကြာရင် ခင်ဗျားက

www.burmeseclassic.com

www.burmeseclassic.com

လက်ဆွဲတာထက်ပိုတဲ့ ပိုင်ဆိုင်မှုကို ရရှိမယ့်လူပါ၊ ခုဟာက ဘာမှ ပွန်းပဲ့သွားတာ မဟုတ်ပါဘူး တဲ့. . . တဲ'

ဟေးစီး စွန်းပုရှောက်သည် ရွှေချန်ရိုး၏ စကားကို တုံ့ပြန်ပြောဆိုခြင်း မပြုသော်လည်း နှာခေါင်းသံကြီးနှင့် သက်ပြင်းတဟူးဟူး မှုတ်နေလေတော့သည်။

ထိုနောက် လာရာလမ်းသို့သာ တည့်တည့်မတ်မတ် လျှောက်ထွက်သွားတော့သည်။

⏩⏪



# အခန်း (၁၃၂)

## သဲလွန်စ

မင်ရင်ကြယ်နှင့် ဝှမ်ယိလူတို့သည် တောင်ထိပ်တစ်ခုဆီသို့ ဦးတည်ပြီး ပခုံးချင်း ယှဉ်လျက် လျှောက်နေကြလေသည်။

တစ်လမ်းလုံး ငြိမ်ပြီး လျှောက်နေသော ဝှမ်ယိလူသည် တောင်ထိပ်ပေါ် တက်နေရင်းက ညည်းညည်းညူညူ ရေရွတ်လိုက်လေသည်။

'နှမြောလိုက်တာရှင်'

မင်ရင်ကြယ် လှည့်ကြည့်မိတော့သည်။

ဝှမ်ယိလူ၏ မျက်နှာသည် သိသိသာသာ ညှိုးနေလေသည်။

'ဘာတွေနှမြောနေတာလဲ ဝှမ်ယိလူ'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်မ ကံဆိုးလို့ပေါ့'

'လူ့ဘဝရဲ့ အဖြစ်အပျက်တွေဟာ အမြဲမပြတ် ပြောင်းလဲနေတာပါ ဝှမ်ယိလူ'

'မင် ဆိုလိုတာက. . .'

'စွန်းပုရှောက်နဲ့ ရွှေချုန်ရိုးတို့ဟာ လူပြည်မှာ အသက်ရှည်ရှည် နေရမှာ မဟုတ်ဘူးလို့ ပြောချင်တာပါ'

'မင်က သူတို့ကို. . .'

'ကျုပ်ရဲ့အောင်မြင်မှုအပေါ်မှာ မူတည်နေတယ် ဝှမ်ယိလူ'

'ကျွန်မ သဘောမပေါက်ပါဘူးရှင်'

'ဒီလိုပါ၊ ကျုပ်သာ ကျိုးအိမ်တော်ကို မီးရှို့တဲ့လူကို ဖော်ထုတ်နိုင်ရင်'

'ဂိုဏ်းချုပ်ကြီးရှိတာ မဟုတ်ပါဘူးရှင်'

'ကျုပ်သာ ဂိုဏ်းချုပ်ကြီးဖြစ်ခဲ့ရင် အဲဒီလို ပြောမိပါလိမ့်မယ်ဗျာ'

'ကျွန်မကတော့ မင်ရဲ့ ယူဆချက်ကို အချည်းနှီးဖြစ်လိမ့်မယ်လို့ ထင်နေပါတယ်ရှင်'

'ဝှမ်ယိလူက ဂိုဏ်းချုပ်ကြီးအတွက် တော်တော် အနစ်နာခံချင်တာကိုး'

'ကျေးဇူးဆပ်စရာဆိုလည်း ကျွန်မမှာ တစ်ခြားနည်းလမ်းရှိပါဘူးရှင်'



မင်ရင်ကြယ်သည် ဟင်းခနဲ သက်ပြင်းချလိုက်လေတော့သည်။

ဝှမ်ယိလူသည် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ပြီးသည်နှင့် မင်ရင်ကြယ်ကို စိုက်ကြည့်လိုက်ပြန်သည်။

'ကျွန်မ ရောက်လာတာ ဗောနေသလား မင်'

မင်ရင်ကြယ်က ဘာမှ ပြန်မဖြေပါ။ ဝှမ်ယိလူကိုသာ သနားစိတ်နှင့် ငေးကြည့်နေသည်။

ဝှမ်ယိလူက ဆက်ပြောသည်။

'ရှင့်ကို ဂေဟာလေးထဲ ဝင်နိုင်အောင် လုံလောက်တဲ့ အချိန် မပေးနိုင်လို့ပါရှင်'

မင်ရင်ကြယ်က ဟက်ခနဲ ရယ်လိုက်သည်။

'မထင်နဲ့ ဝှမ်ယိလူ၊ ခင်ဗျားရောက်လာတာ နောက်တောင်ကျနေပါသေးတယ်'

'ရှင်. . . မင်၊ ဝင်ခဲ့သေးတယ် ဟုတ်လား'

'ဝင်ခဲ့ပါတယ်၊ အထဲကိုလည်း ရောက်ခဲ့ပါတယ်'

ဝှမ်ယိလူ အလွန် အံ့သြနေတော့သည်။

သို့သော် သူမ မယုံကြည်သေး။

'ဟုတ်ပါ့မလား၊ ဟိုခြေရာတွေက'

'ကျုပ်က အဆောက်အအုံလေးထဲကို ခုန်ပြီး ဝင်ခဲ့တာပါဗျ'

'အင်း. . . ဒီလိုဆိုရင် ရှင့်သိုင်းပညာဟာ မမရှန်း ပြောတဲ့အတိုင်းပါပဲလား'

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် လေ့လာသင့်တာတွေကို အကုန်အစင် မလေ့လာခဲ့ရဘူး'

မင်ရင်ကြယ်သည် ယန်စင်းကဲ့ဂေဟာထဲတွင် တွေ့ခဲ့ရသည့်အရာများကို အကုန်အစင် ပြောပြလာသည်။

ဝှမ်ယိလူက စိတ်ဝင်စားစွာနှင့် ခေါင်းတညိတ်ညိတ် လုပ်နေသည်။

'ဒီလိုဆိုရင် ဆရာကြီးနှစ်ယောက်ကို မတွေ့ခဲ့ဘူးပေါ့။ ဟုတ်လားမင်'

'ဟုတ်တယ် ဝှမ်ယိလူ၊ မတွေ့ခဲ့ဘူး'

'အင်း. . . ဂိုဏ်းချုပ်ကြီးက ဂိုဏ်းချုပ်ကလေးကို နှစ်စဉ်နှစ်တိုင်း ယန်စင်းကဲ့ ဂေဟာထဲ သွားခိုင်းတာ သူ့အဘွားရုပ်တု ရှိလို့ကိုး'

'ဂိုဏ်းချုပ်ကြီးကကော မသွားဘူးလား'

'ဂိုဏ်းချုပ်ကြီး အဲဒီကို မသွားတာ လေးငါးနှစ်ရှိပြီ ထင်ပါတယ်'

'ဒီလိုဆိုရင် ဂိုဏ်းချုပ်ကြီးက သူ့မိခင်ကိုတောင် လျစ်လျူရှုနေပြီပေါ့'

'ဒီလိုတော့ ဟုတ်မယ်မထင်ပါဘူးရှင်၊ သူ့မှာ အကြောင်းကိစ္စရှိလို့ ဖြစ်မှာပေါ့'

'ဖြစ်နိုင်တယ်၊ သူ့မှာ မိခင်ရုပ်တုကိုတောင် ဂါရဝမပြုနိုင်တဲ့ အကြောင်းထူး ရှိလိမ့်မယ်'



မင်ရင်ကြယ်သည် တောင်တန်း၊ တောင်စွယ်များကို ငေးရင်း စဉ်းစားခန်း ဝင်နေပြန်သည်။ အတန်ကြာမှ. . .

'ဝှမ်ယိလူ ယွင့် ဆိုတဲ့လူကို မကြားဖူးပါဘူး မင်'

'ဆရာကြီးနှစ်ယောက်ကတော့ သိပါလိမ့်မယ် ဝှမ်ယိလူ'

'ဖြစ်နိုင်ပါတယ် မင်၊ ဒါပေမယ့် ဆရာကြီးနှစ်ယောက်က ဘယ်ရောက်နေသလဲဆိုတာ မသိတာ ခက်တယ်ရှင့်'

'တစ်ချိန်ချိန်မှာတော့ သိလာပါလိမ့်မယ်ဗျာ'

ဝှမ်ယိလူသည် နှုတ်ခမ်းတလှုပ်လှုပ် ဖြစ်နေသော်လည်း စကားပြောခြင်း မပြုတော့ချေ။

မင်ရင်ကြယ်သည် ဝှမ်ယိလူ၏ အခြေအနေကို အကဲခတ်နေရာမှ မေးခွန်းထုတ်လာပြန်သည်။

'ဝှမ်ယိလူ၊ နှင်းအဆောင်ကို ရောက်ခဲ့သေးသလား'

'ရောက်ခဲ့ပါတယ်'

'ကျို့ကုံးချွင်ကို တွေ့ခဲ့လား'

'မတွေ့ခဲ့ပါဘူး၊ ဂိုဏ်းချုပ်ကြီးကိုလည်း မတွေ့ခဲ့ဘူး'

'ဪ. . ဪ'

ဝှမ်ယိလူသည် အဝေးကို ငေးရင်း စကားလမ်းကြောင်း ပြောင်းပြန်သည်။

'သူရဲကောင်းကြီးမင်၊ ကျုံးဟိုတောင်ထိပ်မှာ မြေညီကွက်လပ်တစ်ခုရှိတယ်ရှင့်၊ အောက်ကို ငုံ့ကြည့်ရင်တော့ မှန်းဆလို့မရအောင် နက်ရှိုင်းတဲ့ ချောက်ကမ်းပါးကြီးကို တွေ့ရတယ်၊ အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



နေရာကနေကြည့်ရင် ဘေးပတ်ပတ်လည် ဝိုင်းနေတဲ့ တောင်တွေရဲ့ တောင်ထိပ်တွေကို မိုးပြီး မြင်ရတယ်'

မင်ရင်ကြယ်က ဝှမ်ယိလူ၏စကားကို စိတ်ဝင်စားစွာနားထောင်ရင်း တောတောင် အနေအထားကို လေ့လာသည်။

လေသည် အေးစိမ့်စိမ့်နှင့် တဟူးဟူး တိုက်နေသည်။

သူတို့နှစ်ယောက်၏ အင်္ကျီ အနားစများသည် တလူးလူးတလွန့်လွန့်နှင့် လွင့်ပျံနေကြသည်။

အထူးသဖြင့် ဝှမ်ယိလူ၏ နက်မှောင်နေသော ဆံပင်များသည် ဖွာဆန်ကြပြီး လွင့်မျောနေကြသည်။

'ဟိုကျောက်တုံးပေါ်မှာ ထိုင်ကြရအောင်လား ဝှမ်ယိလူ'

'ကောင်းသားပဲ မင်'

မင်ရင်ကြယ်နှင့် ဝှမ်ယိလူသည် သူတို့ရှေ့တွင် ရှိနေသောကျောက်တုံးရှိရာ လျှောက်သွားပြီး ပခုံးချင်း ယှဉ်ထိုင်လိုက်ကြသည်။

'ချမ်းသလား ဝှမ်ယိလူ'

'သိပ်မချမ်းပါဘူးရှင်'

ဝှမ်ယိလူက ကန့်ကလျပြောရင်း မင်ရင်ကြယ်၏ ပခုံးကိုမှီလိုက်သည်။

မင်ရင်ကြယ်က မသိကျိုးကျွံပြုပြီး ငြိမ်နေလိုက်သည်။

နှစ်ဦးသားသည် ကိုယ့်အတွေးနှင့်ကိုယ် နှုတ်ဆိတ်နေကြပြန်သည်။

---



အတန်ကြာမှ မင်ရင်ကြယ်သည် တောင်ထိပ်တစ်ခုကိုလက်ညှိုးထိုးပြီး မေးသည်။

'ဟောဟိုတောင်ထိပ်က ဘာတောင်ထိပ်လဲ'

'လူဦးခေါင်းတောင်ထိပ်လို့ ခေါ်တယ်'

'အဲဒီမှာ တောင်လှိုဏ်ခေါင်း ဘယ်နှစ်ခုလောက်ရှိသလဲ'

'တစ်ခုပဲရှိတယ် မင်'

'အဲဒီမှာ လူနေသလား'

'မနေပါဘူး၊ အဲဒီတောင်ထိပ်မှာ ကြောက်စရာကောင်းတဲ့ဝိုင်းဖုန်း လေထုလှိုင်းတစ်မျိုးရှိတယ်'

'ဩော်. . ဩော်. . . ဒါနဲ့ ထန်းရှန်းဂိုဏ်းမှာ ခရမ်းရောင်အင်္ကျီဝတ်တဲ့လူဟာ ဘယ်အဆင့်အတန်း ရှိသလဲ'

'နယ်လှည့်စစ်ဆေးရေးမှူးအဆင့် ရှိသူပါ'

'တော်တော် အဆင့်မြင့်သားပဲ၊ အဲဒီတောင်ထိပ်တစ်နေရာမှာ ခရမ်းရောင်အင်္ကျီဝတ်တစ်ယောက်ကို အိုးလိုလို၊ ဇလုံလိုလို၊ ဗန်းလိုလို ပစ္စည်းတစ်ခုကိုင်ပြီး ဝင်သွားတာ တွေ့ရတယ်'

ဝှမ်ယိလူသည် မယုံကြည်ဟန်နှင့် မျက်မှောင်ကြုတ်သွားသည်။

'မဖြစ်နိုင်ပါဘူး မင်'

'ကျုပ်က ခင်ဗျားကို ညာပြောပါ့မလားဗျာ၊ ကျုပ်တကယ်မြင်လိုက်ရတာပါ'

'ဟင်း ဟင်း၊ အဲဒီတောင်ထိပ်မှာ ဖြစ်ပေါ်နေတဲ့ လေလှိုင်း

www.burmeseclassic.com



တစ်မျိုးဟာ လူ့ခန္ဓာကိုယ်ကို ကျောက်ရုပ်လို တောင့်တင်းသွားစေနိုင်တဲ့ လေရှင့်၊ အဲဒါကို ကျွန်မ သိထားပါတယ်'

'လေဆိုတာ အချိန်ပြည့် တိုက်နေတာမျိုးမှ မဟုတ်တာဗျာ၊ ရပ်တဲ့အခါလည်း ရပ်မှာပေါ့'

'ကျွန်မတော့ အဲဒီမှာ တိုက်ခတ်နေတဲ့ လေလှိုင်းတွေ ရပ်သွားပြီလို့ မကြားမိပါဘူးရှင်'

'ဒီလိုဆိုရင် နယ်လှည့် စစ်ဆေးရေးမှူးရဲ့ ကိုယ်ခန္ဓာဟာ သံမဏိ ကိုယ်ခန္ဓာများ ဖြစ်နေသလားဗျာ'

မင်းရင်ကြွယ်သည် ခပ်လှမ်းလှမ်းမှ တောင်ထိပ်ကို ငေးကြည့်နေရင်း အလေ့ာတကြီး ပြောလာသည်။

'ဟော. . . ဟိုမှာကြည့်စမ်း၊ ဟိုမှာ ကြည့်စမ်း'

ဝှမ်ယိလူက မင်းရင်ကြွယ် ညွှန်ပြရာကို အာရုံစိုက်ပြီး လှမ်းကြည့်သည်။

နှင်းပွင့်နှင်းခဲများ ဖုံးလွှမ်းနေသည့် လူဦးခေါင်းတောင်ထိပ်ကို မြင်ရသည်။

မကြာမီ ထိုဂူပေါက်ထဲမှ ထွက်လာဟန်ရှိသည့် ခရမ်းရောင်သဏ္ဍာန်ကို ရိပ်ခနဲ မြင်လိုက်ရသည်။

ထိုသဏ္ဍာန်သည် ဖြူဖွေးနေသော နှင်းပွင့်ကမ္ဘလာနောက်ခံကြောင့် မြင်ကွင်းထဲတွင် ထင်းနေသည်။

ထိုသဏ္ဍာန်သည် တောင်ထိပ် လိုဏ်ဂူထဲမှ ထွက်ခဲ့ပြီး ဆီးပန်းတောအုပ်ရှိရာ ပြေးနေပြန်သည်။



သိပ်မကြာလိုက်ပါ။

ထိုသဏ္ဍာန်သည် သစ်တောအုပ်ထဲ ရောက်သွားပြီး ပျောက်ကွယ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃၃)

### အပေးအယူ

ဝှမ်ယိလူသည် ကိုယ်တွေ့မျက်မြင် ဖြစ်နေသဖြင့် ပါးစပ်ဟောင်းလောင်းနှင့် မျက်လုံးပြူးနေတော့သည်။

'တွေ့ပြီမဟုတ်လား ဝှမ်ယိလူ'

'ဟုတ်ကဲ့ တွေ့ပါတယ်၊ ထူးတော့ သိပ်ထူးဆန်းနေပြီ၊ ဒီလိုဆိုရင် သူတို့ပြောနေတဲ့ (ငိုင်းဖုန်း) လေထုဆိုတာ. . .'

'အဲဒီလေထု ရှိနေတာ မှန်ပါတယ် ဝှမ်ယိလူ၊ ဒါပေမယ့် အဲဒီလေထုဟာ မြင်ရတဲ့လူကိုတော့ မထိခိုက်ခဲ့ပါဘူး'

'အဲဒါ ဘာဖြစ်လို့လဲ'

'လေလှိုင်းရိုက်ခတ်မှု ရပ်ချိန် ရှိတယ်ဆိုတဲ့ အဓိပ္ပာယ်ပဲ'



'ကျွန်မတစ်လျှောက်လုံး ကြားဖူးနေတာက. . .'

'သူများပြောတာကို ကြားတာပါ ဝှမ်ယိလူ၊ ကြားခဲ့တာတွေကလည်း ပြည့်စုံမှု ရှိတာ မဟုတ်ပါဘူး၊ တစ်ဘက်သတ်တည်း ကြားနေရတဲ့ သတင်းစကားတွေပါ၊ ခု ခင်ဗျား မျက်မြင်ပဲလေ၊ ဂူထဲကို ဝင်သွားပြီး ထွက်လာတဲ့လူဟာ အသက်ရှင်လျက်ပါ'

'အင်း. . . ဒီအတိုင်းဆိုရင် လေလှိုင်းရိုက်ခတ်မှု ရပ်တန့်ချိန်ရှိတာ မှန်နေပြီ၊ မင် သိပ်တော်ပါတယ်ရှင်'

'အရေးကြီးတာက အဲဒီလူ တောင်ထိပ် လိုဏ်ဂူထဲ ဘာသွားလုပ်တာလဲဆိုတာ သိဖို့ပဲ'

ဝှမ်ယိလူသည် ဘာပြောရမှန်း မသိတော့သဖြင့် ကြောင်ငေးငေးကြီး လုပ်နေတော့သည်။

မင်ရင်ကြယ်ကသာ စဉ်းစားမိသလို ဆက်ပြောလာသည်။

'မဟုတ်မှလွဲရော၊ အဲဒီ တောင်ထိပ်လိုဏ်ဂူထဲမှာ ထန်းရှန်းဂိုဏ်းသားတစ်ယောက်ယောက် ရှိနေသလားပဲ'

'ရှိမယ်လို့ မထင်ဘူး မင်'

'ဆက်စပ်တွေးခေါ်မှုဟာ အမှန်တရားကို တွေ့လေ့ရှိတယ် ဝှမ်ယိလူ၊ ခရမ်းရောင်အကျီနဲ့ လူဟာ အိုးလိုလို၊ ဇလုံလိုလို ပစ္စည်းမျိုးကို ကိုင်ပြီး ဝင်သွားတယ်လို့ ပြောခဲ့ပြီးပါပြီ'

'ဟုတ်ပြီ မင်၊ ကျွန်မ သတိရပြီ'

'အဲ. . . အဲဒီလူ ထွက်လာတဲ့အခါကျတော့ လက်ထဲမှာ ဘာမှ မပါလာတော့ဘူး၊ ဝှမ်ယိလူမြင်တယ် မဟုတ်လား'

www.burmeseclassic.com



'ဟုတ်ပြီ၊ အဲဒီလူက ဂူထဲကို တစ်ခုခုသွားပို့တာ သေချာနေပြီ'

'ဒါကို ဆက်စဉ်းစားရင်'

'ဂူထဲမှာ လူရှိတာ သေချာပြီ'

'ဟုတ်တယ်၊ ဒီတော့ လိန်ကူးချီကို အစားအစာ သွားပို့သူရှိသလား'

'ရှိတယ် မင်၊ ရှိတယ်'

'ဒါဖြင့် ဘယ်သူလဲ'

'သာမန်အဆင့်ရှိတဲ့ ဂိုဏ်းသားတွေသာ ပို့ရလေ့ရှိပါတယ်'

'ခု တွေ့လိုက်တာက နယ်လှည့်စစ်ဆေးရေးမှူးအဆင့်ရှိသူ ဖြစ်နေတယ် ဝှမ်ယိလူ'

'မင် ဘယ်လို ယူဆမိပါသလဲ'

'ကျုပ် အလစ်ချောင်းပြီး ဝင်ကြည့်မယ်'

'အလစ်ဝင်ဖို့ ဆိုတာ ထင်သလောက် မလွယ်ဘူးမင်'

'အခွင့်အရေးဆိုတာ ဖန်တီးယူရင်၊ ရတာချည်းပါပဲဗျာ'

'မင်ဟာ အစောင့်အကြပ် ခံထားရတဲ့လူတစ်ယောက်ပါ'

'ကျုပ်ကို စောင့်ကြပ်နေတဲ့လူတွေကို မတွေ့မိသေးပါဘူး'

'မင် မျက်စိမှောက်နေလို့ပါ၊ မင့်ဘေးမှာ အမြဲရှိနေပါတယ်၊ ခု မင့်ဘေးမှာကပ်ပြီး ထိုင်နေပါတယ်'

မင်ရင်ကြယ် ရယ်မောမိသည်။ ထို့နောက် မကျေနပ်သံနှင့် ပြောသည်။



'တော်တော် အလုပ်ရှုပ်တဲ့လူတွေပဲ'

'ဆရာကြီးနှစ်ယောက်နဲ့ ဂိုဏ်းချုပ်ကလေးကို တွေ့နေမြင်နေရရင် ကိုယ့်စည်းကမ်းတွေကို ကျွန်မ ချိုးဖောက်ရပါတယ်၊ ခုတော့'

ဝှမ်ယိလူက ဆုံးအောင်မပြောဘဲ ရပ်ပစ်သည်။

'အင်း. . . . ကျုပ်သာ အန္တရာယ်တွင်းထဲ ကျခဲ့ရင် ခင်ဗျားလည်း အချောင်သက်သက်'

'ဟုတ်ပါတယ် မင်၊ ကျွန်မလည်း အကြီးအကျယ် ဒုက္ခခံရမှာ သေချာပါတယ်'

'စိတ်ညစ်စရာပဲ၊ လိုဏ်ဂူထဲကလူ ဘယ်သူဆိုတာ မသိတာ ခက်တယ်၊ ကျုပ် ပိုင်ပိုင်နိုင်နိုင် စဉ်းစားလို့ မရဘူး'

'အဲဒါကြောင့် ကျွန်မလည်း မစွန့်စားရဲသေးဘူး'

'အင်း. . . ကျုပ်ဟာ ခွန်အားမရှိတဲ့ အရူးဟန်ဆောင်မိတာ မှားသလိုပဲ၊ ခုမှ ဒီအချက်က အနှောင့်အယှက်ဖြစ်နေကယ်'

ဝှမ်ယိလူက မင်ရင်ကြယ်ကိုကြည့်ပြီး တဟင်းဟင်းရယ်သည်။

ရုတ်တရက်. . .

'ဟော. . . မင့်ကို စောင့်ကြပ်နေတဲ့လူတွေလာပြီ'

ဝှမ်ယိလူက ပြောပြောဆိုဆို ထပြေးတော့သည်။

မင်ရင်ကြယ်သည် တဟားဟား ရယ်ရင်း. . .

'ဘယ်ပြေးမှာလဲ မရှေချော၊ မပြေးနဲ့၊ မပြေးနဲ့ ဟား ဟား'

www.burmeseclassic.com

www.burmeseclassic.com



မင်းရင်ကြွယ်သည် လည့်ပတ်ပြေးနေသော ဝှမ်ယိလူ့နောက်ကို ခုန်ပျံပြီး ပြေးလိုက်သည်။

'ဘယ်ရမလဲ၊ ကျုပ်က မိုးပေါ်ပျံပြီး လိုက်မှာပေါ့'

မင်းရင်ကြွယ်သည် ဝှမ်ယိလူ့ခေါင်းပေါ်မှကျော်ပြီး မြေကြီးပေါ် ခုန်ချလိုက်သည်။

ဝှမ်ယိလူက ချစ်စရာကောင်းအောင် ပြုံးပြီး-

'ခုန်လိုက်ပျံလိုက်လုပ်မနေနဲ့၊ ချောက်ထဲကျပြီး သေနေမယ်' ဟုဆိုကာ မင်းရင်ကြွယ့်ခါးကို ပြေးဖက်တော့သည်။

မင်းရင်ကြွယ်ကလည်း တဟဲဟဲရယ်ရင်း သူမ၏ခါးကို ခပ်တင်းတင်း ပြန်ဖက်လိုက်တော့သည်။

မင်းရင်ကြွယ်သည် ဝှမ်ယိလူ၏ နူးညံ့အိထွေးသော အသားစိုင်များနှင့် ထိကပ်နေရသဖြင့် ရင်ခုန်လှိုက်မောပြီး စိတ်မောနေတော့သည်။

ဝှမ်ယိလူသည် ပြုံးပြုံးရွှင်ရွှင်နှင့် လူးလွန့်နေသည်။

'ဟိတ်၊ ပွေ့လားဖက်လားနဲ့ ဘာလုပ်နေကြတာလဲ၊ ဒီနေရာဟာ နန့်ကြောဆွဲရမယ့်နေရာ မဟုတ်ဘူး'

ဝှမ်ယိလူသည် တုန်ခနဲ ဖြစ်သွားပြီး မင်းရင်ကြွယ်လက်ထဲမှ ရုန်းထွက်လိုက်သည်။

သူမ၏ မျက်နှာသည် ပန်းရောင်သမ်းနေရာမှ နီရဲနေလေပြီ။

မင်းရင်ကြွယ်သည် ဒေါသသံကိုကြားရသော်လည်း ရယ်ကျဲကျဲ လုပ်နေသည်။



'ဆရာကြီးဟေး'

ဝှမ်ယိလူက ထိတ်ထိတ်ပျာပျာနှင့် လှမ်းခေါ်သည်။

ဟေးစီး စွန်းပုရှောက်ကား ဒေါသကြောင့် အသားများ တဆတ်ဆတ်တုန်နေသည်။

'မ . . မဟုတ်ပါဘူး ဆရာကြီးဟေး၊ ဂိုဏ်း ဂိုဏ်းချုပ်ကြီး မိန့်ထားလို့ပါ'

'ဘာ ဂိုဏ်းချုပ်ကြီးမိန့်ထားလို့လည်း၊ ခင်ဗျားဟာ သူ့မယား မဟုတ်ဘူး၊ သူ့ချစ်သူလည်း မဟုတ်ဘူး'

မင်းရင်ကြွယ်က ခပ်တည်တည် လှမ်းမေးသည်။

'ဒါဖြင့် ဘယ်သူ့မယားလဲဗျ' /

'ကျုပ်မယားဗျ၊ အဲ . . . ကျုပ်ဇနီးလောင်းဗျ၊ နားလည်ရဲ့လား'

'အိုး . . . ဒါနဲ့ ခင်ဗျားတို့ ဂိုဏ်းချုပ်ကြီးက ကျုပ်လူဖြစ်ပြီဆို'

'မဟုတ်ဘူး၊ ကျုပ်လူ၊ ကျုပ်ဇနီးလောင်း'

'တကယ်လား'

'မယုံရင် ဝှမ်ယိလူကို မေးကြည့်'

'မလိုပါဘူး၊ ကျုပ်ယုံပါတယ်၊ ဒီလိုဆိုရင် ခင်ဗျားလူပျိုကြီး မဟုတ်တော့ဘူး၊ လူအိုကြီးဖြစ်ပြီ၊ မဟုတ်သေးပါဘူး၊ ဒါမှမဟုတ်ရင် ခင်ဗျား ကျုပ်ကို မင်္ဂလာအရက် တိုက်ဖို့မေ့နေတာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ်၊ ဒါလည်း မဖြစ်နိုင်ပါဘူး၊ ခင်ဗျားနဲ့သူနဲ့ ညားမှာ မဟုတ်သေးပါဘူးဗျာ'

'ဘာဖြစ်လို့ မညားရမှာလဲဗျ'

'သူ့လို မိန်းမချောမျိုးဟာ ယောကျ်ားချောချောနဲ့ ညားတတ်လို့ပေါ့ဗျ'

'ဒါဖြင့် ကျုပ်က'

'မေးနေရသေးသလားဗျ၊ ခင်ဗျားရုပ်က ဘီလူးကြီးလား၊ အောက်မေ့ရတဲ့ဟာ၊ ကြောက်စရာကြီး'

'ဟား. . . ဟား ခင်ဗျားကလည်း ကျုပ်ကို ကြောက်နေပြီပေါ့ ဟုတ်လား'

'ကြောက်တာပေါ့ဗျ၊ ကျုပ်က ချောချောလှလှမှ မြတ်နိုးတတ်တဲ့လူပဲဟာ'

'ဘာပြောတယ်၊ ခင်ဗျားက ယိလူကို အပိုင်စီးချင်းပြီပေါ့ ဟုတ်လား'

ဟေးစီး စွန်းပုရှောက်သည် အလွန်ဒေါသ ထွက်လာသဖြင့် တိုက်ခိုက်ရန် ဟန်ပြင်လာသည်။

သို့သော်. . .

မင်ရင်ကြွယ်က ဂရုမစိုက်ချေ။

'ခင်ဗျားပြောတာ မှန်တယ်၊ မိန်းမချောဆိုတာ ယောကျ်ားချောချောနဲ့မှ လိုက်တာ'

'ကောင်းပြီ၊ ခင်ဗျား လိုချင်ရင် ကျုပ်ပေးမယ်'



'တကယ်လား၊ ဝမ်းသာလိုက်တာ၊ ဝမ်းသာလိုက်တာ'

'တကယ်ပြောတာ၊ ကျုပ် ဘယ်တုန်းက ညာပြောဖူးလို့လဲ'

မင်ရင်ကြွယ်က ဝမ်းသာဟန်နှင့် လက်ခုပ် တဖြောင်းဖြောင်း တီးလိုက်သည်။

'ကောင်းတယ်၊ ဒါမှ ယောကျ်ားကောင်း၊ ယောကျ်ားမြတ်၊ ခင်ဗျား သိပ်သဘောကောင်းတဲ့လူ'

ဟေးစီး စွန်းပုရှောက်သည် မင်ရင်ကြွယ် အခြေအနေကို ကြည့်ပြီး ဝှမ်ယိလူကို ဝေါက်သံနှင့် လှမ်းခေါ်သည်။

'ယိလူ၊ ကျုပ်အနား လာခဲ့'

'ဘာလုပ်မလို့လဲ ဆရာကြီးဟေး'

'အပေးအယူ လုပ်မလို့ဟော့၊ အပေးအယူ လုပ်မလို့'

မင်ရင်ကြွယ်က မျက်လုံးပြူးပြီး လှမ်းမေးသည်။

'အပေးအယူ လုပ်မလို့ ဟုတ်လား၊ ဘာအပေးအယူ လုပ်မှာလဲ'

'ကျုပ်က ကျုပ်ဇနီးလောင်း အချောအလှကို ခင်ဗျားကို ပေးရမယ်ဆိုတော့ အလကား၊ ပေးလိုက်လို့ ဖြစ်မလား၊ ခင်ဗျားကလည်း ကျုပ်ဆန္ဒတစ်ခုခုကို ဖြန့်ပြီး လိုက်လျောဖို့ လိုတာပေါ့'

'ဟုတ်ပြီ ခင်ဗျားပြောတာ မှန်တယ်၊ ဒါမှ တရားမျှတမှု ရှိမယ်၊ ပြော ပြော၊ ကျုပ် ဘာပေးရမလဲ၊ ဘာလုပ်ပေးရမလဲ'

'ပြောမယ်၊ ပြောမယ်၊ ကဲ. . . ယိလူ ဒီကို လာဦး'

ဟေးစီး စွန်းပုရှောပက်က မင်ရင်ကြွယ်နား ကပ်နေသော

www.burmeseclassic.com

www.burmeseclassic.com



ဝှမ်ယိလူကို မရမက ပြန်ခေါ်ပြန်သည်။

'ဆရာကြီးဟေးကလဲ၊ ဘာလုပ်ဦးမလို့လဲလို့'

'ညည်းကို ကျုပ် ခေါ်နေတယ်၊ ကျုပ်စကားကို နားမထောင်ဘူးလား'

'မဖြစ်ဘူး ဆရာကြီးဟေးရဲ့၊ ဂိုဏ်းချုပ်ကြီးက သူ့အနားက မခွာရဘူးလို့ မိန့်ထားတယ်'

'ဘာ. . . ညည်းက ကျုပ်ကို ဂိုဏ်းချုပ်ကြီးနဲ့ ကိုင်ပေါက်နေတာလား'

'မဟုတ်ပါဘူး၊ အထင်မလွဲပါနဲ့ ဆရာကြီးဟေးရဲ့'

'ဒါဖြင့် သူ့ကို မက်မောနေလို့လား'

'ဘယ်လို ပြောလိုက်တာလဲရှင်၊ ကျွန်မဟာ ဆရာကြီးဟေးရဲ့ ဇနီးလောင်းပါ'

'ဒီလိုဆိုရင် ကျုပ်နား လာနေ'

'မသွားနဲ့၊ မသွားနဲ့ ကျုပ်နားမှာ နေ'

ဟေးစီး စွန်းပုရှောက်က မင်ရင်ကြယ်ကို ဆင်မျက်လုံးနှင့် စိုက်ကြည့်သည်။

ကောက်ကျစ်စဉ်းလဲစွာ ပြုံးသည်။

ထို့နောက်. . .

'သိပ်လည်း စိုးရိမ်မနေစမ်းပါနဲ့၊ ဝှမ်ယိလူဟာ ခင်ဗျားပွဲပါ၊ သူက ခင်ဗျားအနားက တစ်ဖဝါးမှ ခွာမှာမဟုတ်ပါဘူး၊ ထွက်လည်းပြေးမှာ မဟုတ်ပါဘူး'



'သူ တကယ် ထွက်မပြေးဘူးလား'

'မပြေးပါဘူး၊ ပြေးလည်း ကျုပ်က မရရအောင် ဖမ်းပြီး ခင်ဗျားလက်ထဲ ထည့်မှာပါ'

'ကောင်းပြီ၊ ဒီလိုဆိုရင် ခင်ဗျား ဘာလိုချင်သလဲ ပြော၊ ကျုပ် ဘာလုပ်ပေးရမလဲ ပြော၊ အားမနာနဲ့၊ အားမနာနဲ့'

'ဟဲဟဲ. . . ခင်ဗျား တော်တော် သဘောကောင်းတဲ့လူပဲ၊ ခင်ဗျားသူ့ကို တကယ်ချစ်လို့လား'

'ချစ်တာပေါ့ဗျ၊ သိပ်ချစ်တာ၊ မယုံရင် ကျုပ် ကျိန်ပြမယ်လေ'

'မကျိန်ပါနဲ့၊ ကျုပ်ယုံပါတယ်၊ သူ့ကိုချစ်တာ ခင်ဗျားတစ်ယောက်တည်းမှ မဟုတ်ဘဲ'

'ဘာပြောတယ်၊ သူ့ကို ဘယ်သူတွေက ချစ်နေသေးလို့လဲ'

'သူ့ကို မြင်ဖူးတွေ့ဖူးတဲ့ ယောက်ျားတိုင်းကပေါ့ဗျ'

'မရဘူး၊ မရဘူး၊ သူ့ကို ကျုပ်တစ်ယောက်တည်း ပိုင်တယ်'

'ဟုတ်တယ်၊ ခင်ဗျားပဲ ပိုင်တယ်၊ ကျုပ်က ခင်ဗျားကို ပေးပြီးပြီပဲ၊ ဒီတော့ ကျုပ်ကိုလည်း တစ်ခုခု ပြန်ပေးရလိမ့်မယ်'

'ပေးပါမယ်၊ ပေးပါမယ်၊ ဘာပေးရမလဲ ပြော၊ ကျုပ်အသက်လား၊ ကျုပ်အသည်းလား၊ ကျုပ်ဗိုက်ထဲက အူတွေလား'

'မဟုတ်ပါဘူး၊ မဟုတ်ပါဘူး၊ ကျုပ်လိုချင်တာက အဲဒီလို တန်ဖိုးမရှိဘူး၊ သူရဲကောင်းကြီးအတွက် ရယ်စရာတောင် ကောင်းချင်ကောင်းနေဦးမှာပါ'

www.burmeseclassic.com

www.burmeseclassic.com



'ကဲ. . . ပြောဗျာ၊ ဘာဆိုတာ မြန်မြန်ပြော'

'ပြောပါမယ် သူရဲကောင်းကြီးရဲ့၊ ဒီလိုပါ ယိလူဟာ အင်မတန် ပန်းကြိုက်တဲ့မိန်းကလေးပါ၊ ဒါကြောင့် သူက စေ့စပ်မင်္ဂလာ အထိမ်းအမှတ်အဖြစ်နဲ့ ချောက်ကမ်းပါးနံရံမှာ ကပ်ပေါက်နေတဲ့ ပန်းဖြူဖြူတွေကို လိုချင်တယ်ဆိုပြီး ကျုပ်ကို ခူးခိုင်းတယ်၊ သူက ဒီပန်းကို ခူးပေးနိုင်မှ သူ့ရင်ထဲက အချစ်ကို ရမယ်တဲ့၊ ဒီလိုမှ မဟုတ်ရင် သူ့ခန္ဓာကိုယ်သာရပြီး သူ့အချစ် သူ့မေတ္တာကို ဘယ်တော့မှ ရမှာ မဟုတ်ဘူးတဲ့၊ ဒါဟာ သူ့အချစ်ကို လိုချင်သူတိုင်း လုပ်ရမယ့်အလုပ်တဲ့၊ ဒီတော့ လောလောဆယ်မှာ ကျုပ်က ကျုပ်ဇနီးလောင်းကို ခင်ဗျားကို ပေးနေပြီ၊ ဒီတော့ ခင်ဗျားကလည်း ယိလူ့အတွက် အဲဒီ ပန်းဖြူဖြူတွေကို ခူးပေးရမယ်၊ ဒါဟာ ကျုပ်နဲ့ အပေးအယူ လုပ်တာပဲ၊ ဒါမှလည်း ခင်ဗျားလည်း တကယ့် သူရဲကောင်း ပီသမယ်၊ သစ္စာကတိတည်တဲ့လူ ဖြစ်မယ်'

ဟောစီး စွန်းပုရှောက်သည် ကောက်ကျစ်စဉ်းလဲစွာ ပြုံးပြီး မင်ရင်ကြွယ်ကို စိုက်ကြည့်သည်။

ဝုမ်ယိလူကား စွန်းပုရှောက် စကားကြောင့် ခေါင်းနပန်းကြီးသွားသည်။

'ဆရာကြီးဟေး၊ ဘယ်လိုပြောဆိုနေတာလဲရှင့်'

'ဒါ ကျုပ်အလုပ်ပါ'

'မလုပ်သင့်တာတွေ ရှင်. . .'

'ဟား . . ဟား လောကမှာ မလုပ်သင့်တာ မရှိဘူး၊ ကျုပ်က ကျုပ်ဇနီးလောင်းကို အလကား ပေးလိုက်ရမှာလား၊ ကျုပ်တောင်းတာကို လုပ်ပေးနိုင်ရင် ခင်ဗျားကို သူတကယ်ပိုင်ပြီ၊ ကျုပ်နဲ့ လုံးလုံး မဆိုင်တော့ဘူး၊ ကျုပ်ကတိ ကျုပ်တည်တယ်၊ ယိလူ'

'အို. . ဆရာကြီးဟေး၊ ဒီလိုလုပ်လို့ ဘယ်ဖြစ်မှာလဲ၊ ဂိုဏ်းချုပ်ကြီးက ကျွန်မကို တာဝန်ပေးထားတာ ဒုက္ခရောက်စရာ ရှိရင် ကျွန်မပဲ'

'တော် တော်. . . ဒီကိစ္စကို ကျုပ်တာဝန်ယူတယ်၊ ညည်း ပယောဂ မဖြစ်စေရဘူး'

'ဟော့. . . ခင်ဗျားတို့ ဘာတွေပြောနေတာလဲ၊ နားညည်းတယ်ဗျာ၊ နားညည်းတယ်၊ တော်ကြ တော်ကြ'

'ဩော်. . . ဟုတ်ကဲ့၊ ဟုတ်ကဲ့ပါ သူရဲကောင်းကြီး၊ ဟုတ်ကဲ့ပါ၊ ယိလူက မဖြစ်နိုင်တဲ့ကိစ္စဆိုပြီး ကျုပ်ကို ငြင်းခုံနေတာပါ'

'အရေးထဲကျမှ ငြင်းနေကြရသေးသလားဗျာ၊ လူဆိုတာ အဲ. . . ယောကျ်ားကောင်းဆိုတာ ကောင်းကင်တမွတ်ကြွယ်ကို ဆွတ်လဲ မလွတ်စတမ်း ရမြဲတမ်းဆိုတဲ့ စကားလုံးကို နှလုံးမူမှ ယောကျ်ားကောင်းလို့ ဆိုလို့ရတယ်ဗျ၊ သိရဲ့လား'

'ဟုတ်ပါတယ် သူရဲကောင်းကြီး ဟုတ်ပါ့ဗျာ ကဲ ပြောနေကြာတယ်၊ ကျုပ်နဲ့ အပေးအယူကိစ္စ ပြီးမြောက်သွားအောင် ပန်းဖြူဖြူတွေကို ခူးပေးပါတော့ဗျာ'

'ရပါတယ်ဗျာ၊ ရပါတယ်၊ ဒါနဲ့ သူက အဲဒီ ပန်းဖြူဖြူတွေကို တကယ်ပဲ နှစ်သက်မြတ်နိုးလို့လားဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'မယုံရင် သူ့ရဲကောင်းကြီးကိုယ်တိုင် သူ့ကိုမေးကြည့်လိုက်ပါဗျာ. . .'

မင်းရင်ကြွယ်သည် ဝှမ်ယိလူကိုကြည့်ပြီး ခပ်တည်တည် မေးတော့သည်။

'ဝှမ်ယိလူ၊ အဲဒီ ပန်းဖြူဖြူတွေကို တကယ်လိုချင်လို့လား'

ဝှမ်ယိလူ ငြိမ်နေသည်။ သူမ ဘာဖြေရမှန်း မသိပေ။

ရှေ့တိုး ထမ်းပိုး၊ နောက်ဆုတ် လှည်းတုတ် ဖြစ်နေသည်။ ဘေးကျပ်နံကျပ် ဖြစ်နေသည်။

'ဖြေလိုက်လေ ယိလူ'

ဟေးစီး စွန်းပုရှောက်၏ အသံက ဩဇာ အာဏာသံပါ၏။ ဝှမ်ယိလူက တုန်မနဲဖြစ်ပြီး ခေါင်းညိတ်လိုက်မိသည်။

'သူ့ရဲကောင်းကြီး ယုံပြီလား'

'ယုံပါပြီ ယုံပါပြီ၊ သူကိုယ်တိုင် ခေါင်းညိတ်ပြီပဲဗျာ၊ ကျုပ်က ယိလူသာ လိုချင်ရင် ခေါင်းတောင်ကြီးကိုပဲ ကျော်ရကျော်ရ ကျော်ရဲပါတယ်ဗျ'

မင်းရင်ကြွယ်သည် ပြောပြောဆိုဆို ချောက်ကမ်းပါး ရှိရာသို့ လျှောက်သွားတော့သည်။ ဟေးစီး စွန်းပုရှောက်သည် မင်းရင်ကြွယ်၏ နောက်ကျောကို ကြည့်ရင်း စဉ်းလဲစွာ ပြုံးနေသည်။

ဝှမ်ယိလူသည် ရင်တဒိန်းဒိန်းခုန်ပြီး ကတုန်ကရင် ဖြစ်ကာ ခေါင်းငုံ့နေတော့သည်။

▶▶ ◀◀



## အခန်း (၁၃၄)

## ချောက်ထဲခုန်ချသူ

မင်းရင်ကြွယ်သည် ချောက်ကမ်းပါး၏ အစပ်သို့ ရောက်သည်နှင့် အောက်ကိုငုံ့ကြည့်သည်။ချောက်ကမ်းပါးနံရံ အစွန်းကလေးများကို မြင်ရသည်။ကျောက်စွန်း ကျောက်စွယ်များပေါ်မှ နှင်းပွင့်နှင်းခဲများကိုလည်း တွေ့ရသည်၊ကျောက်စွန်း ကျောက်စွယ်များပေါ်မှ သစ်ပင်ကလေး များပေါ်တွင် နှင်းပွင့်များ သီးနေသဖြင့် ပန်းဖြူဖြူကလေးများပမာ ဖြစ်နေသည်။မင်းရင်ကြွယ်သည် ချောက်ကမ်းပါးပတ်ဝန်းကျင်ကို လေ့လာကြည့်ရှုနေရင်းက အထိတ်တလန့်ဟန်နှင့် နောက်ပြန်ဆုတ် လိုက်သည်။

ထိုနောက် စွန်းပုရှောက်ကိုလှမ်းကြည့်ပြီး. . .

'ဟေ့လူ၊ မဖြစ်ဘူးဗျ၊ မဖြစ်ဘူး၊ ကျုပ် မခုန်ရဲတော့ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့လဲ သူရဲကောင်းကြီးရဲ့'

'ဘာဖြစ်ရမှာလဲ၊ မတော်ထဆာ ခြေချော်လက်ချော်ဖြစ်ပြီး လိမ့်ကျသွားရင် ဘယ့်နှယ်မလုပ်မလဲ၊ ချောက်ကြီးက နည်းတဲ့ ချောက်ကြီး မဟုတ်ဘူး၊ အသည်းယားဖို့ ကောင်းတယ်၊ ကျသွားရင် အရိုးတစ်ခြား အသားတစ်ခြား ဖြစ်ရုံမကဘူး လူတစ်ယောက်လုံး အမှုန့်ဖြစ်သွားမှာ'

'ဟား. . . ဟား. . . ဟား၊ ဒါနဲ့များ သူရဲကောင်းလို့ အခေါ်ခံနေရသလားဗျာ'

'ဘာပြောတယ်ဗျ၊ ကျုပ်က ခူးမပေးဘူးလို့ ပြောသလား'

'မပြောပါဘူး၊ မပြောပါဘူး၊ ခင်ဗျားဟာ သိုင်းလောကရဲ့ သရဖူဆောင်းထားတဲ့ သူရဲကောင်း ဝန်ရင်မော်ပဲဟာ ကြောက်စိတ် ရွံ့စိတ် ဘယ်ရှိပါ့မလဲ'

'ခင်ဗျား ပြောတာမှန်တယ်၊ ကျုပ်မှာ မွေးကတည်းက ကျောက်မွေး မပါဘူး၊ သိုင်းလောကတစ်ခုလုံးကိုတောင် မကြောက် ခဲ့တာ ခုကျမှ ဘာကိုကြောက်နေရမှာလဲ'

'ဟုတ်ပါတယ်၊ သူရဲကောင်းဆိုတာ ဘာကိုမှ ကြောက်ရွံ့သူ မဟုတ်ပါဘူး'

'ဟုတ်တယ်၊ ကျုပ် ခင်ဗျားကိုလည်း မကြောက်ဘူး၊ သိုင်းလောကကိုလည်း မကြောက်ဘူး၊ ဝန်ရင်မော်ရဲ့ဘဝမှာ ကြောက် ဆိုတဲ့ အဘိဓမ္မာ မရှိဘူး'

'ဟုတ်ပါတယ်၊ ယုံပါတယ် သူရဲကောင်းကြီး ဝန်ရင်မော်၊



ကဲ ပန်းတွေ ခူးပေးမယ် မဟုတ်လားဗျာ'

'ခူးပေးမယ်၊ ခူးပေးမယ်၊ စိတ်ချပါ စွန်းပုရှောက်ရယ် ဟဲ. . . ဟဲ၊ နေပါဦး၊ ခင်ဗျားက ယိလူကို မချစ်ဘူးလား'

'မချစ်ပါဘူးဗျာ၊ ကြိုက်လည်း မကြိုက်ပါဘူး'

'ဘာပြောတယ်၊ စောစောကတော့ ယိလူကို ယောကျ်ား တိုင်းချစ်ကြတယ်ဆိုဗျ၊ ဒီလိုဆိုရင် ခင်ဗျား ယောကျ်ားမဟုတ်ဘူး ပေါ့၊ ယောကျ်ားမဟုတ်ရင် မိန်းမရှာပေါ့ဗျာ ဟဲ. . . ဟဲ'

ဟောစီး စွန်းပုရှောက်သည် ရှက်စိတ်မွန်ပြီး မျက်နှာတစ် ပြင်လုံး နီရဲလာတော့သည်။ဝှမ်ယိလူသည် ဟောစီး စွန်းပုရှောက်၏ မျက်နှာကိုကြည့် ပြီး ရယ်ချင်နေသော်လည်း မနည်းကြီး အောင့်နေ လိုက်ရသည်။စွန်းပုရှောက်သည် ဒေါသထွက်နေသော်လည်း ချက် ချင်း ကြွေဆည်လိုက်နိုင်သည်။

'သူရဲကောင်းကြီး ဝန်ရင်မော်၊ ကျုပ်က ယိလူကို အစတည်းက မကြိုက်တာဗျ၊ ဒါပေမယ့် ဂိုဏ်းချုပ်ကြီးရဲ့ အစီအစဉ် ဖြစ်နေတော့ မကြိုက်လည်း ယူရတော့မှာပေါ့၊ ဟော ခုတော့ ဒီလို မဟုတ်တော့ဘူး၊ ဂိုဏ်းချုပ်ကြီးက ယိလူကို ခင်ဗျားလူဖြစ်ပြီလို့ ပထမဆုံးပြောခဲ့တာကို ကျုပ် အမှတ်ရလာတယ်၊ ဒါကြောင့် ကျုပ်ဇနီးလောင်းကို ခင်ဗျားကို ပေးတယ်၊ ဒီတော့ ယိလူဟာ ခင်ဗျားရဲ့လူ တကယ်ဖြစ်သွားပြီ၊ ကျုပ်အနေနဲ့ ခင်ဗျားလူ၊ ခင်ဗျား ချစ်တဲ့လူဖြစ်ပြီးမှ အတင်းလိုက်ကြိုက်လို့ ဖြစ်ပါ့မလားဗျာ၊ မဖြစ်ဘူး ဗျ၊ မဖြစ်ဘူး'

www.burmeseclassic.com

www.burmeseclassic.com


'ဟားဟား . . . ခင်ဗျား တော်တော်သိတတ်တဲ့လူပဲ၊ သဘောတယ်၊ ခင်ဗျား သိပ်တော်တဲ့လူ၊ ကဲ. . . ကျုပ်ကလည်း ပေးထားတဲ့ ကတိအတိုင်း၊ ကျုပ်လူအတွက် ပန်းဖြူဖြူတွေ အမြန်ဆုံး ခူးပေးလိုက်တော့မယ်ဗျာ. . . ဟားဟား'

ဝှမ်ယိလူသည် မင်ရင်ကြယ်စကားကြောင့် ဝမ်းမြောက်ကြည်နူးမှုနှင့် ဝမ်းနည်းကြေကွဲမှုကို တပြိုင်နက် ခံစားလိုက်ရသည်။

မင်ရင်ကြယ်ကား ချောက်ကမ်းပါးရှိရာကို တစ်လှမ်းချင်း လှမ်းပြီး လျှောက်သွားနေလေပြီ။တစ်လှမ်း၊ နှစ်လှမ်း. . . သုံးလှမ်း၊ လေးလှမ်း။မင်ရင်ကြယ်သည် ကြီးမားသောသတိနှင့် လျှောက်လှမ်းနေသည်။စွန်းပုရှောက်သည် မင်ရင်ကြယ်၏ခြေလှမ်းများကို ရေတွက်နေရင်း ရင်ခုန်နေသည်။ဝှမ်ယိလူကား အသည်းယားပြီး ထိတ်လန့်နေသည်။မင်ရင်ကြယ်ကားရှေ့ကိုတိုးပြီး လျှောက်လှမ်းနေဆဲတည်း။ငါးလှမ်း၊ ခြောက်လှမ်း၊ ခုနစ်လှမ်း။

'အို. . '

ဝှမ်ယိလူသည် အလွန်ထိတ်လန့်တုန်လှုပ်ပြီး လန့်အော်တော့သည်။မင်ရင်ကြယ်သည် ခုနစ်လှမ်းမြောက် ခြေအကြွတွင် ချောက်ကမ်းပါးထဲသို့ ထိုးကျပြီး ပျောက်ကွယ်သွားလေသည်။

စွန်းပုရှောက်သည် ချောက်ကမ်းပါးထိပ်ကို ငေးကြည့်နေရင်း မျက်လုံးအပြူးသားနှင့် မင်သက်နေမိတော့သတည်း။

▶▶◀◀

## အခန်း (၁၃၅)

## သောကမျက်ရည်

'တကယ်ပါ၊ သူ ဒီလိုလုပ်လိမ့်မယ်လို့ မထင်ဘူး'

စွန်းပုရှောက်က ဝှမ်ယိလူကို အံ့ဩဟန်နှင့်ပြောသည်။

'ခုတော့ မထင်တာတွေ၊ တကယ်ဖြစ်နေပြီ မဟုတ်လား၊ သူ ဘယ်သူဆိုတာ ရှင် သိလို့လား'

'ဝန်ရင်မော်လေ'

'ဝန်ရင်မော် ဟုတ်လား'

'ဟုတ်တယ်၊ ဝန်ရင်မော်မှ ဝန်ရင်မော်အစစ်၊ ရေမရောဘူး'

'ကျွန်မ ထင်ထားတာက. . . .'

www.burmeseclassic.com

www.burmeseclassic.com



'ဘာမှ ထင်မနေနဲ့တော့၊ တကယ့် မင်ရင်ကြယ်ဆိုရင်လည်း အရိုးကော အသားပါ ရှာလို့မရတော့ပါဘူး၊ ဒီတောင်ထိပ်ဟာ တောင်ကြီးဆယ့်ကိုးလုံးထဲမှာ အမြင့်ဆုံးတောင်ထိပ်ပဲ၊ နောက်တစ်ချက်က မင်ရင်ကြယ်အစစ် ဖြစ်တယ်ဆိုရင်လည်း ကျို့ကုံးချွင်ထက် အစွမ်းထက်တာ မှန်ပေမယ့် ခုလို ကြောက်စရာကောင်းတဲ့ ချောက်ထဲကို ခုန်ချပြီး နောက်ပြောင်ကျီစယ်မှာ မဟုတ်ဘူး၊ ဒါကို ကြည့်ရင် ရူးနေတဲ့ ဝန်ရင်မော်အစစ် ဖြစ်လို့ပေါ့ ယိလူ'

'ဒီလိုဆိုရင် ဂိုဏ်းချုပ်ကြီးကို ဘယ်လို အစီရင်ခံမှာလဲ ဆရာကြီးဟေးရဲ့'

'ကျုပ်က ကျို့ကုံးချွင်လား၊ မင်ရင်ကြယ်လားဆိုတာ စမ်းသပ်ကြည့်တာပါ၊ ခုတော့ တကယ့်လူဖြစ်နေတယ်'

'ဒီလူဟာ ဆရာကြီးပိုင်စီး ဖမ်းလာတဲ့လူဆိုတော့ ဆရာကြီးပိုင်စီးက ငြိမ်နေမှာ မဟုတ်ဘူး'

'အရေးကြီးတာက ယိလူ ထုတ်ဖော်မပြောရင် ပြီးတာပါပဲ'

'ကျွန်မကို ထုတ်ပြောမယ် ထင်လို့လား'

'မကြာခင် လင်မယားဖြစ်တော့မှာပဲ ယိလူရယ်၊ မယုံဘဲနေပါ့မလား'

'ဒါဖြင့် ဘာကို စိုးရိမ်နေတာလဲ'

'ဟုတ်သားမဲ့၊ ဟဲဟဲ. . . ဘာမှစိုးရိမ်စရာ မရှိတော့ဘူး၊ ကဲ. . . သွားကြစို့'

စွန်းပုရှောက်သည် စကားဆုံးသည်နှင့် ဝှမ်ယိလူ၏



လက်ဖဝါးနုနုလေးကို ဆုပ်ကိုင်ဆွဲယူပြီး ရှေ့ကိုလျှောက်ထွက်သွားတော့သည်။ ဝှမ်ယိလူ မရုန်းပါ။ အလိုက်သင့် လိုက်သွားပါသည်။

ဟေးစီး စွန်းပုရှောက်သည် နွားပြာကြီး အောက်သွားမရှိဆိုသကဲ့သို့ တဟဲဟဲ ရယ်မောရင်း သဘောကျနေလေတော့သည်။

ဝှမ်ယိလူသည် တစ်စုံတစ်ရာကို အလေးအနက် စဉ်းစားနေရင်းက အခွင့်ကောင်းယူပြီး မေးခွန်းထုတ်တော့သည်။

'ဆရာကြီးဟေး၊ ကျွန်မရင်ထဲ မတင်မကျဖြစ်နေတာလေးတွေ'

'ဘာများလဲ ယိလူ၊ အောင့်မထားနဲ့ အောင့်မထားနဲ့၊ မေးစရာရှိတာ မေး၊ ပြောစရာရှိတာ ပြော'

'ဩော် . . . ဒီလိုပါ ဆရာကြီးဟေးရဲ့၊ ဆရာကြီးနှစ်ယောက်ရယ်၊ ဂိုဏ်းချုပ်ကလေးရယ်၊ မမရှန်းရယ် သူတို့ကို မတွေ့တာကြာလို့ ဘာဖြစ်နေကြသလဲ ဆိုတာ'

'ဒါလား. . . ဂိုဏ်းချုပ်ကြီးက ယိလူကို ပြောပြမထားဘူးလား'

'ကျွန်မက ဆရာကြီးဟေး ပြောတာကိုသာ နားထောင်ချင်တာပါ'

'ကျုပ်ပြောတာနဲ့ ဂိုဏ်းချုပ်ကြီးပြောတာ မတူဘဲ ကွဲလွဲနေရင်. . .'

'ဆရာကြီးဟေးကလည်း. . . ကျွန်မက ဆရာကြီးဟေးရဲ့ ဇနီးမယား ဖြစ်တော့မှာပဲဟာ မယုံလို့လား၊ စိုးရိမ်လို့လား'

www.burmeseclassic.com

www.burmeseclassic.com



'ဟဲဟဲ . . . ယုံပါတယ် ယိလူရယ်၊ ဒါပေမယ့် အိမ်ထောင်ဦးည လွန်ပြီးမှသာ ပြောလို့ကောင်းတာပဲ၊ ခုတော့ ညည်းသိချင်တာတွေဟာ ဆန္ဒစောနေတာတွေ ဖြစ်နေပြီ'

ဝှမ်ယိလူက နှုတ်ခမ်းစူပြီး နွဲ့သည်။

'ကောင်းပါပြီ ကောင်းပါပြီ၊ မပြောချင်ရင်လည်း ရပါတယ်၊ ဒီက ဒီလောက်လည်း ဆန္ဒမစောပါဘူး၊ အချိန်တန်မှပြော၊ အချိန်တန်မှပြော'

ဟောစီး စွန်းပုရှောက်သည် ဝှမ်ယိလူ စိတ်ဆိုးသွားမှာကို စိုးရိမ်နေပြန်သည်။

'အင်း. . ကျုပ်က မစိုးရိမ်သင့်တော့တာကို စိုးရိမ်နေတာပဲ၊ ဇနီးလောင်းနဲ့ ဇနီးမယားဆိုတာ ဘာမှ ကွာခြားလှတာ မဟုတ်ဘူး၊ ယိလူဟာ ကျုပ်လူပဲဟာ၊ ဟဲဟဲ. . . စိတ်မဆိုးနဲ့နော် ယိလူ၊ စိတ်မဆိုးနဲ့'

'စိတ်ဆိုးစရာမှ မဟုတ်ဘဲရှင်၊ ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲလို့. . . ဟင်း ဟင်း'

'အေး. . . ဒါမှ ဇနီးလောင်း ပီသတာ၊ ယိလူ သိချင်တာကို ကျုပ် ပြောပြမှာပါ၊ လူလည်း တစ်ယောက်မှ ရှိတာမှ မဟုတ်တာ၊ တောင်တစ်တောင်လုံးမှာ တို့နှစ်ယောက်တည်းပဲရှိတာ၊ ဒီတော့ ကျုပ် ကျုပ်အချစ်ကို ခွင့်ပြုနော်-နော်'

စွန်းပုရှောက်သည် ရမ္မက်ဇောကြွနေသော မျက်လုံးများနှင့် ဝှမ်ယိလူကို စိုက်ကြည့်ပြီး ပူးပူးကပ်ကပ် လုပ်လာသည်။



ဝှမ်ယိလူက ရှက်သွေးဖြာပြီး. . .

'ရှင်နော် ရှင်၊ လက်မထပ်ရသေးဘဲနဲ့ မကဲနဲ့'

'အိုး. . . ကျုပ်က သူတော်စင်မှ မဟုတ်တာ၊ နေရာတတိတ်လည်း တိတ်ဆိတ်တယ်၊ လူလည်း ရှင်းတယ်၊ ဘာဖြစ်လို့ အချိန်ဆွဲ နေတော့မှာလဲ၊ လောကအရသာဆိုတာ. . .'

ဟောစီးစွန်းပုရှောက်သည် ကြိတ်မနိုင်ခဲမရဖြစ်လာသဖြင့် ဝှမ်ယိလူ၏ကိုယ်လုံးကိုလှမ်းဖက်တော့သည်၊ ဝှမ်ယိလူသည်တုန်လှုပ်ထိတ်လန့်လာသဖြင့် ယက်ကန် ယက်ကန် ဖြစ်နေတော့သည်။

'ဆရာကြီးဟော၊ ဒီလို မလုပ်နဲ့လေ၊ လွှတ် လွှတ်ပါ၊ ကျွန်မအော်လိုက်မယ်နော်၊ အိုး. . .'

'ဟဲဟဲ. . . အော်ချင်ရင်လည်း အော်၊ ဒီနေရာမှာ တို့နှစ်ယောက်ကလွဲပြီး ဘယ်သူမှမရှိဘူး၊ အော် အော်. . . ဟား ဟား ဟား'

ရုတ်တရက် ဝှမ်ယိလူ ဖျတ်ခနဲ ရုန်းထွက်သွားသည်။

'ဆရာကြီးဟော မရှမ်းနဲ့နော်၊ ကျွန်မ ချောက်ထဲခုန်ချပြီး သေပစ်လိုက်မယ်'

'ဟဲဟဲ . . . ခင်ဗျားက လူချောလေးနောက် လိုက်ချင်တယ်ပေါ့၊ အဲဒီလူကို ချစ်လို့ လိုက်သေချင်တယ်ဆိုရင်တော့ ခုန်သာချလိုက်၊ ကျုပ်အတွက် ချင်းချီနဲ့ ယိလန် ရှိသေးတယ်၊ မိန်းမမရှားဘူး ဗျ. . . ဟားဟား'

ဝှမ်ယိလူသည် အလွန်ဒေါသ ထွက်လာသဖြင့် ခုန်ချသေ

www.burmeseclassic.com



ပစ်လိုက်ရန်ပင် ကြံစည်လိုက်တော့သည်။ ထိုစဉ် ပွဲတင်ထပ်အောင် ရယ်မောလိုက်သော ရယ်သံကြီး ပေါ်လာသည်။ ရယ်သံနှင့်အတူ လူတစ်ယောက်ခုန်ပျံပြီး ရောက်လာသည်။

'ဟေးစီး လေးငါးရက်တောင် မစောင့်နိုင်တော့ဘူးလား ဗျ'

ဝှမ်ယိလူသည် တောင်ထိပ် ချောက်ကမ်းပါးနားတွင် ရပ်နေရင်းကလှည့်ကြည့်သည်။ ရောက်လာသူသည် ပိုင်စီးရွှေချန်ရိုး ဖြစ်နေသည်။ သည်တော့မှ ဝှမ်ယိလူ စိတ်သက်သာရာ ရလာသည်။ ဟေးစီးစွန်းပုရှောက်ကား ပိုင်စီးရွှေချန်ရိုးကို မကျေနပ်ပေ။

'နေပါဦး၊ အရေးကောင်းတုန်းမှာ ခင်ဗျားက ဘာလာလုပ်တာတုန်း'

'စိတ်မဆိုးပါနဲ့ ဟေးစီးရယ်၊ ကျုပ်က ဂိုဏ်းချုပ်ကြီး ပေးထားတဲ့ တာဝန်ကြောင့် ရောက်လာရတာပါ၊ အစီအစဉ်တွေ ပျက်ကုန်မှာစိုးလို့ပါ'

'ခင်ဗျား ဘာကို ဆိုလိုတာလဲ'

'မသိချင်ဟန်ဆောင်မနေစမ်းပါနဲ့'

'သိပါတယ်၊ မင်ရင်ကြယ်ကိစ္စအတွက် မဟုတ်လား၊ သိချင်ရင် ဟောဟိုက ချောက်ထဲသာ ဆင်းကြည့်ပေတော့'

'နောက်မနေစမ်းပါနဲ့ ဟေးစီး'

'နောက်တာမဟုတ်ဘူး၊ တကယ်ပြောနေတာ'

'ဘာ. . . ခင်ဗျားလက်ချက်နဲ့ ခုလို ဖြစ်သွားတာလား'



'ပိုင်စီးရွှေချန်ရိုးက မျက်စိပျက် မျက်နှာပျက် ပြောလာသည်။

'ကျုပ်လက်ချက်ကြောင့် မဟုတ်ပါဘူး၊ သူ့သဘောနဲ့သူ ကျသွားတာပါ'

'ဒီလိုပြောလို့ ရစတမ်းလား'

ပိုင်စီး ရွှေချန်ရိုး၏အသံ မာကျောခက်ထန်လာသည်။

'မယုံရင် ဝှမ်ယိလူကိုသာမေးကြည့်၊ အရူးဆိုတာ စိတ်ရူးပေါက်လာရင် ပေါက်ကရ လျှောက်လုပ်တာမျိုးပဲ၊ သူ့ဘာသာအံ့မြူးပြီး ချာရပတ်လှည့် ပြေးရာက ချောက်ထဲကျသွားတာပဲ'

'ဒါ ခင်ဗျားစကားပါ'

'မယုံရင် ဝှမ်ယိလူကို မေးကြည့်လို့ ပြောပြီးပြီပဲဗျ'

ပိုင်စီး ရွှေချန်ရိုးက ဝှမ်ယိလူကို အကဲခတ်ပြီး မေးသည်။

'ဟုတ်ပါတယ်၊ ကျွန်မ ညာမပြောဝံ့ပါဘူး'

ပိုင်စီး ရွှေချန်ရိုး မျက်နှာအကြီးအကျယ် ပျက်သွားသည်။

'ဒါဖြင့်၊ ဟိုလူဟာ ဝန်ရင်မော်အစစ် ဖြစ်နေပြီပေါ့'

'ဟုတ်တယ်၊ ကျုပ်လည်း ဒီအတိုင်းပဲ သဘောရတယ်'

'ကောင်းပြီ၊ ခုမှတော့ ဘာမှ မထူးတော့ဘူး၊ ခင်ဗျားနဲ့ ကျုပ်ဟာ နှစ်ပေါင်းများစွာ လက်တွဲလာခဲ့တဲ့လူတွေဆိုတော့ ပြဿနာ လုပ်နေဖို့လည်း မလိုပါဘူး၊ ဒီတော့ ခင်ဗျားနဲ့ ကျုပ် ဂိုဏ်းချုပ်ကြီးကို အတူတူဝင်တွေ့မယ်'

ဟေးစီး စွန်းပုရှောက် မဲ့ပြုံးပြုံးပြီး-

www.burmeseclassic.com



'အကောင်းဆုံးကတော့ ကျုပ်လက်ချက်နဲ့ ချောက်ထဲကျသွားတာလို့သာ ပြောသင့် တင်ပြသင့်ပါတယ်ဗျာ' ဟု ပြောရာသည်။

ထို့နောက် သူ ဘိုနှစ်ယောက်စလုံး တောင်ထိပ်ပေါ်မှ တရကြမ်း ပြေးဆင်းသွားတော့သည်။

ဝှမ်ယီလုံသည် ယခုမှ ရှက်ခြင်း၊ ကြောက်ခြင်း၊ ဝမ်းနည်းကြေကွဲခြင်း စသည့် ခံစားမှုများကို ပုံပြုံခံစားလာရပြီး ရှိုက်ကြီးတငင် ငိုချလိုက်တော့သည်။

မိမိသည် ကံဆိုးသူလော၊ မင်ရင်ကြွယ်သည် လွဲမှားသောလုပ်ရပ်ကို မိုက်မိုက်ကန်းကန်း လုပ်သွားပြီလော။

အရာအားလုံးသည် မှန်မှန်ကန်ကန် သိနိုင်သော အရာကိစ္စများ မဟုတ်လေပြီတကား။

⏩ ⏪

စာစဉ် (၇) ပြီး၏။

စာစဉ် (၈) ကို ဆက်လက်ဖတ်ရှုပါရန်

တက္ကသိုလ်နေလင်းအောင်

www.burmeseclassic.com